# မိုးကြိုး သတင်းစဉ်

BINA
Burma Independent News Agency
မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ

“ ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ထောက်ခံကြ ”

The Lightning Newsletter

အမှတ် (၁၀၅) ခရစ်နှစ်၊ ၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ | မြန်မာသက္ကရာဇ် (၁၃၇၁) | (၁၅-၁-၉၉) ရက်နေ့တွင် စတင်တည်ထောင်သည်။


“ ကျမတို့ဟာ
ဘယ်နိုင်ငံကိုမဆို
အကြောက်တရားတွေ၊
မလုံခြုံမှုတွေနဲ့
ဆက်ဆံမှာ မဟုတ်ပါဘူး။
ကျမတို့ဟာ
တရုတ်၊ အမေရိက၊
အိန္ဒိယ အစရှိတဲ့
ဘယ်နိုင်ငံနဲ့မဆို
တန်းတူရည်တူ
ချစ်ကြည်ရင်းနှီးစွာ
ဆက်ဆံမှာပဲ
ဖြစ်ပါတယ်။ ကျမတို့ဟာ
အိမ်နီးချင်းတွေကို
ရွေးချယ်ခွင့်မရှိတဲ့အတွက်
တရုတ်ပြည်နဲ့လည်း
ကောင်းမွန်တဲ့
ဆက်ဆံရေးရှိဖို့
လိုအပ်တယ်ဆိုတာ
ကောင်းကောင်း
နားလည်ပါတယ် ...။

# လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်အပေါ်ချမှတ်ထားသည့် နေအိမ်အကျယ်ချုပ်ဥပဒေ ယခင်ကထက်ပိုမိုဆိုးဝါးနိုင်



ဒေါ်အောင်ဆန်းစုကြည်အပေါ် ချမှတ်ထားသည့် နေအိမ်အကျယ်ချုပ်စည်းကမ်းများတွင် မရှင်းလင်းသည့်အချက်ပါရှိနေခြင်းကြောင့် ဒေါ်အောင်ဆန်းစုကြည်မှ အာဏာပိုင်များထံသို့ ရှင်းလင်းချက်တောင်းခံထားကြောင်း သိရှိရသည်။ ဒေါ်အောင်ဆန်းစုကြည် ရှင်းလင်းချက်တောင်းခံသည့်အဓိကအချက်မှာ ဧည့်သည်များနှင့် တွေ့ခွင့်ပြုခြင်းဆိုသည့်အချက်ဖြစ်ပြီး စည်းကမ်းသတ်မှတ်ချက်များနှင့်အညီဆိုသည့်အပိုဒ်တွင် ကြိုတင်ခွင့်ပြုချက်ရ သည့်ဧည့် သည်များနှင့် တွေ့ခွင့်ပြုကြောင်း ပါရှိသော်လည်း ထိုခွင့်ပြုချက်အား ဒေါ်အောင်ဆန်းစုကြည်မှ တောင်းခံရန်နှင့် ဧည့်သည်မှတောင်းခံရန်ကို ရှင်းလင်းစွာဖော်ပြထားခြင်းမရှိသောကြောင့် ဒေါ်အောင်ဆန်းစုကြည်မှ ဦးဉာဏ်ဝင်းမှတဆင့် တင်ပြတောင်းဆိုထားသည်။

နေအိမ်အကျယ်ချုပ် ထပ်မံအကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်၏ ရပိုင်ခွင့်နှင့်ပတ်သက်၍ ယခင် နေအိမ်အကျယ်ချုပ်ဥပဒေထက် ကန့်သတ်ချက်များ လျှော့ပေါ့သည်ဟုထင်ရသော်လည်း ရှင်းလင်းမှုမရှိသောကြောင့် ယခင်ကထက်ပင် ဆိုးနိုင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေများမှ ဝေဖန်ပြောဆိုကြသည်။

ဒေါ်အောင်ဆန်းစုကြည်အား ဆိုင်းငံ့ပြစ်ဒဏ်ဖြင့် ပုဒ်မ (၄၀၁) အရ နေအိမ်အကျယ်ချုပ်ချမှတ်လိုက်ပြီး တပြိုင်တည်းတွင် နိုင်ငံတော်အကြီးအကဲ၏ ကန့်သတ်ချက်များအား လိုက်နာရမည်ဖြစ်ပြီး ရပိုင်ခွင့်နှင့် ကန့်သတ်ချက် (၈) ချက်မှာ မရှင်းလင်းသည့်အချက်များ ပါရှိနေကြောင်း၊ ထို စည်းကမ်းချက်၌ ဧည့်သည်နှင့်တွေ့လိုလျှင် တောင်းဆိုတင်ပြ၍ ခွင့်ပြုချက်ရလျှင် တွေ့နိုင်ကြောင်း၊ သို့သော် မည်သူနှင့်တွေ့ခွင့်ရှိ၍ မည်သူနှင့်တွေ့ခွင့်မရှိကြောင်းကိုမူ ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိကြောင်း ရှေ့နေဦးကြည်ဝင်းမှ ပြောသည်။

ထို့ပြင် မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီမှလွှင့်ထုတ်သည့် ရုပ်မြင်သံကြားတို့အား ကြည့်ရှုခွင့်ရှိကြောင်း၊ မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာ ဖတ်ရှုခွင့်ရှိသော်လည်း ရေဒီယိုနားထောင်ခွင့်ပြုခြင်းနှင့်ပတ်သက်၍ ဖော်ပြမထားခြင်းကြောင့် အာဏာပိုင်များနှင့် တွေ့ဆုံမေးမြန်းရန် စီစဉ်နေကြောင်း၊ ထို့အတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် အရင်တွေ့၍ အတည်ပြုရန်လိုသေးသဖြင့် တွေ့ခွင့်ရရန် စောင့်စားနေကြောင်း၊ ယခု ကန့်သတ်ထားသည့် ဥပဒေမှာ အမြင်အားဖြင့်လျှော့ပေါ့သည်ဟုထင်ရသော်လည်း ပိုမိုတင်းကြပ်စွာပြုလုပ်နိုင်ရန် ရည်ရွယ်ထားခြင်းဖြစ်သောကြောင့် ရှင်းလင်းရန်လိုအပ်ကြောင်းကို ရှေ့နေကြီးဦးဉာဏ်ဝင်းမှ ဗွီအိုအေသို့ ပြောကြားသည်။

## အမေရိကန်အထက်လွှတ်တော်အမတ်၏ မြန်မာ့အရေးသတင်းစာရှင်းလင်းပွဲထိုင်းနိုင်ငံ ဘန်ကောက်တွင်ပြုလုပ်

၁၇ ဩဂုတ်

ဒေါ်အောင်ဆန်းစုကြည်အနေနှင့် အမေရိကန်နိုင်ငံမှချမှတ်ထားသည့် ဒဏ်ခတ်အရေးယူမှုများအား လျှော့ပေါ့ခြင်းပြုလုပ်မည်ဆိုလျှင် ကန့်ကွက်မည်မဟုတ်ဟု ထင်မြင်ကြောင်း အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်ဝက်ဘ်က မြန်မာနိုင်ငံမှအပြန် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင်ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

အမေရိကန် အထက်လွှတ်တော်အမတ် ဂျင်ဝက်ဘ်သည် မြန်မာနိုင်ငံအပေါ်ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့အရေးယူမှုများအား အစဉ်တစိုက် ကန့်ကွက်ခဲ့သူဖြစ်ပြီး ဩဂုတ်လ (၁၅) ရက်နေ့က မြန်မာနိုင်ငံသို့ရောက်ရှိခဲ့စဉ် အဆိုပါ ဒဏ်ခတ်အရေးယူမှုကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်နှင့် အချိန်ယူဆွေးနွေးခဲ့ကြောင်း၊ ထိုသတင်းစာရှင်းလင်းပွဲတွင် ပြောကြားသွားသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့ရာတွင် ဒဏ်ခတ်ပိတ်ဆို့မှုအချို့အား ရုပ်သိမ်းမည်ဆိုလျှင် သူမအနေနှင့် ကန့်ကွက်ရန်မရှိကြောင်းနှင့် ပြောဆိုရန်စကားများစွာရှိသော်လည်း ဒေါ်အောင်ဆန်းစုကြည်၏သဘောထားများနှင့်ပတ်သက်၍ ပြောဆိုရာတွင် အဓိပ္ပါယ်လွဲချော်မှုများဖြစ်မှာစိုးရိမ်ကြောင်း မစ္စတာဂျင်ဝက်ဘ်မှ သတင်းထောက်များအားပြောကြားသွားသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်တွေ့ဆုံစဉ် အဆိုပါဒဏ်ခတ်အရေးယူမှုကိစ္စနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ခြင်းမရှိကြောင်းကိုလည်းပြောသည်။ မြန်မာစစ်ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် အကြောင်းအရာများစွာအား ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့သော်လည်း မည်သည့်အကြောင်းအရာများဖြစ်ကြောင်းကိုမူ ပြောကြားသွားခြင်းမရှိပေ။

ထို့နောက်မြန်မာနိုင်ငံသည် နိုင်ငံတကာအသိုင်းအဝိုင်း၏ တစိတ်တဒေသအဖြစ် ပြန်လည်ရပ်တည်လာနိုင်မည့်နည်းလမ်းတခုအား ၎င်းတို့အနေနှင့် မြင်ချင်ကြောင်း အဆိုပါနည်းလမ်းမှာလည်း ၎င်းတို့ချမှတ်ပြီးသားဖြစ်သည့် မူဝါဒလမ်းစဉ်များသာဖြစ်နိုင်ကြောင်း မစ္စတာဝက်ဘ်မှ ပြောကြားသွားသည်။

မြန်မာနိုင်ငံအရေးတွင် တရုတ်နိုင်ငံမှ ထိရောက်စွာပါဝင်ဆောင်ရွက်လာစေရန်၊ အမေရိကန်ပြည်ထောင်စုနှင့် နိုင်ငံတကာအသိုင်းအဝိုင်းမှ ဖိအားပေးရန် လိုကြောင်း၊ ဒဏ်ခတ်ပိတ်ဆို့မှုပြုလုပ်ခြင်းကြောင့် မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ စီးပွားရေး၊ နိုင်ငံရေးဩဇာလွှမ်းမိုးမှုအောက်သို့ ရောက်ရှိခဲ့ရခြင်းဖြစ်ကြောင်း ပြောသည်။

၎င်းပြင် တရုတ်နိုင်ငံသည် မြန်မာနိုင်ငံ၏ ရေအားလျှပ်စစ်၊ ရေနံသဘာဝဓါတ်ငွေ့နှင့်သတ္တုတွင်းလုပ်ငန်းများတွင် မြောက်များစွာရင်းနှီးမြှုပ်နှံထားပြီး ဒေါ်လာ ၂.၉


အမေရိကန်လွှတ်တော်အမတ် ဂျင်ဝက်ဘ်

စာမျက်နှာ (၃) ကော်လံ (၁) သို့ ....

## မြန်မာ့အရေး ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ဆွေးနွေးမည်

စက်တင်ဘာ ၁၅

(၆၄) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံကြီးတွင် မြန်မာနိုင်ငံအရေးအား ဆွေးနွေးရန်ကိစ္စရပ်တခုအဖြစ် ထည့်သွင်းသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂနိုင်ငံရေးဆိုင်ရာတာဝန်ခံမှ ပြောဆိုလိုက်သည်ဟု သိရသည်။

မြန်မာ့ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ တစုံတရာတိုးတက်မှုမရှိသည့်အတွက် ယခုကဲ့သို့ အထွေထွေညီလာခံကြီးတွင် ထည့်သွင်းဆွေးနွေးရခြင်းဖြစ်သည်။

ထို့ပြင် အဆိုပါညီလာခံသို့ နအဖစစ်အုပ်စု၏ ဝန်ကြီးချုပ်ဖြစ်သူ ဗိုလ်ချုပ်ကြီးသိန်းစိန်တက်ရောက်မည်ဖြစ်

စာမျက်နှာ (၆) ကော်လံ (၁) သို့ ....

**မင်းဆိုးကို ϟ မိုးကြိုး ϟ ပစ်ပြီ**

## အယ်ဒီတာ့အာဘော်

# ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ကြ

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်လည်းဖြစ်၊ ဝါရင့်သတင်းစာဆရာကြီးတဦးလည်းဖြစ်သည့် ဦးဝင်းတင်က လာမည့် သက္ကရာဇ် ၂၀၁၀ ခုနှစ်တွင်ကျင်းပမည့် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ၂၀၀၉ ခုနှစ် စက်တင်ဘာ (၉) ရက်နေ့ထုတ် ဝါရှင်တန်ပို့စ်သတင်းစာတွင် "ဗမာပြည်သူတွေ မလိုအပ်တဲ့ရွေးကောက်ပွဲ" ဟူသောခေါင်းစဉ်ဖြင့် ဆောင်းပါးတစောင် ရေးသားခြင်းအားဖြင့် ရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မြန်မာပြည်သူများ၏ ဆန္ဒသဘောထားအမှန်ကို ဖော်ထုတ်ပြသခဲ့သည်။

၂၀၀၈ ခုနှစ်မေလတွင် စစ်အစိုးရက ကောက်ကျစ်ယုတ်မာသောနည်းလမ်းများကိုအသုံးချ၍ စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်မည့် အခြေခံဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ယင်းအခြေခံဥပဒေသည် ပြည်သူလူထုတရပ်လုံး၏ အနာဂတ်ဒီမို ကရေစီရေးနှင့် လူ့အခွင့်အရေးမျှော်မှန်းချက်များကို မျက်ကွယ်ပြုပယ်ချခဲ့ရုံမျှမက ပြည်သူတို့အား စစ်ကျွန်အဖြစ်နွံနစ်စေမည့် စီမံကိန်းကြီးပင်ဖြစ်သည်။ ယင်းစီမံကိန်းအား စတင်အသက်သွင်းမည့်ရွေးကောက်ပွဲများသည် အတုအယောင်ရွေးကောက်ပွဲများသာဖြစ်မည်ကို မြန်မာပြည်သူတို့က အတွေ့အကြုံအရ သိရှိနေကြသည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများမှတဆင့် အချုပ်အခြာအာဏာ (၃) ရပ်ကို ကျင့်သုံးရန် တာဝန်ရှိလာသည့် နိုင်ငံရေးပါတီဖြစ်သော်လည်း စစ်အုပ်စု၏ ကောက်ကျစ်ယုတ်မာမှုကြောင့် အာဏာလွှဲပြောင်းရယူနိုင်ခြင်းမရှိခဲ့သည့် NLD က နိုင်ငံရေးအကျဉ်းသားအားလုံးလွှတ်ပေးခြင်း၊ အခြေခံဥပဒေအားသုံးသပ်ပြင်ဆင်ခြင်း၊ တရားမျှတသည့်ရွေးကောက်ပွဲများကျင်းပခြင်း စသည့်လုပ်ငန်းများကို လုပ်ဆောင်ခြင်းအားဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေး အတွက် အနိမ့်ဆုံးဖြစ်နိုင်ခြေရှိသည့် နိုင်ငံရေးဝန်းကျင်တရပ် (New Democratic Atmosphere) ကို ဖန်တီးရန် တောင်းဆိုခဲ့သည်။ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား (၂၀၀၀) ကျော်အား ဆက်လက်အကျဉ်းချထားခြင်း၊ တိုင်းရင်းသားအဖွဲ့များကို အလုံးအရင်းဖြင့် ထိုးစစ်ဆင်တိုက်ခိုက်ခြင်း၊ မတရားသည့် ဥပဒေအမျိုးမျိုးဖြင့် ပြည်သူတို့၏ အခွင့်အရေးကို ဖိနှိပ်ချုပ်ချယ်ခြင်းတို့ဖြင့် တုန့်ပြန်လျက်ရှိသည်။

မြန်မာ့လူ့အဖွဲ့အစည်း၏ အဓိကပဋိပက္ခဖြစ်သည့် စစ်အာဏာရှင်စနစ်နှင့် ပြည်သူလူထု၏ပဋိပက္ခသည် ပိုမိုဆိုးဝါးပြင်းထန်လာလျက် ပေါက်ကွဲနိုင်သည့် ဆူမှတ် (Boiling Point) တခုဆီသို့ ဦးတည်ရွေ့လျားလျက်ရှိသည်ကို ထိတ်လန့်စဖွယ် တွေ့မြင်နေရသည်။ စစ်အာဏာရှင်စနစ်ကို ကိုယ်စားပြုသော စစ်အာဏာရှင်တို့က မြန်မာပြည်သူများကို စစ်ကျွန်အဖြစ် ကျွန်ဇာတ်သွင်းရန် အားကုန်ကြိုးပမ်းနေသည့် အချိန်အခါဖြစ်သည်။ တိုင်းရင်းသားပြည်သူလူထုတရပ် လုံးအပါအဝင် အဖိနှိပ်ခံပြည်သူလူထုတရပ်လုံးကား သားစဉ်မြေးဆက် စစ်ကျွန် ဖြစ်ခံမည်လော–တော်လှန်အုံကြွလျက် မွေးရာပါလူ့အခွင့်အရေးများပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ထူထောင်မည်လောဟူသော လမ်းနှစ်သွယ်အနက် တလမ်းလမ်းကိုရွေးချယ်ရမည့်ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ ဤမေးခွန်းနှင့်စပ်လျဉ်း၍ ဆရာဦးဝင်းတင်က **"ကျွန်ုပ်တို့တိုင်းပြည်၏လွတ်လပ်မှုကိုမည်သို့မျှ ဆောင်ကြဉ်းပေးနိုင်မှုမရှိမည့် ဖြစ်စဉ်တရပ်တွင် ပါဝင်ခြင်းအားဖြင့် မြန်မာပြည်သူလူထု သန်းပေါင်းများစွာ အပင်ပန်းခံ၊ အဖမ်းဆီးခံ၊ အနှိပ်စက်ခံ၊ အသက်သေခံ၍ တန်ဘိုးထားခဲ့သောဒီမိုကရေစီစံနှုန်းများကိုကျွန်ုပ်တို့ပေးဆပ်ရလိမ့်မည်မဟုတ်"** ဟု ခိုင်ခံ့တည်ကြည်လေးနက်စွာရေးသား၍ လူထုကို အလင်းပြထားသည်ကို တွေ့ရသည်။

အချုပ်အားဖြင့်ဆိုလျှင် မြန်မာပြည်သူတရပ်လုံးအား စစ်ကျွန်အဖြစ် နွံနစ်စေမည့် နဖအစစ်အုပ်စု၏ ၂၀၀၈ အခြေခံဥပဒေအား အသက်သွင်းရန် ကြံစည်လုပ်ဆောင်နေသော ၂၀၁၀ ရွေးကောက်ပွဲအား လူထုကြီးတရပ်လုံးက လူထုလုပ်ငန်းစဉ်ဖြင့် ဆန့်ကျင်တိုက်ဖျက်သပိတ်မှောက်ရန်မှာ ယနေ့ကာလ မြန်မာပြည်သူတရပ်လုံး၏ သေရေးရှင်ရေးတမျှအရေးကြီးသော လုပ်ငန်းစဉ်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။ + + +

**စစ်ကျွန်အဖြစ် နွံနစ်မခံ**

# နိုဘယ်လ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးပြန်လွှတ်ပေးရန် ဂျပန်အစိုးရတောင်းဆို

ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်မှ အမြန်ဆုံးပြန်လွှတ်ပေးရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီးမှ တိုက်တွန်းပြောဆိုလိုက်သည်။



ဂျပန်နိုင်ငံရှိ မြန်မာသံရုံးရှေ့တွင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ဆန္ဒပြနေကြစဉ်

နိုဘဲလ်ငြိမ်းချမ်းရေးဆုရှင် ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးပြန်လွှတ်ပေးရန် ဂျပန်နိုင်ငံခြားရေးဝန်ကြီး နာကာဆိုနေးမှ ဂျပန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိနေသော မြန်မာ့လယ်ယာစိုက်ပျိုးရေးဝန်ကြီးနှင့် ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ အထွေထွေအတွင်းရေးမှူး ဗိုလ်ချုပ်ဌေးဦးအားပြောကြားလိုက်ပြီး ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းစဉ်များတွင် ဒေါ်အောင်ဆန်းစုကြည်အား ပါဝင်ခွင့်ပြုသင့်ကြောင်း ဩဂုတ် လ (၂၅) ရက်နေ့က ထုတ်ပြန်သည့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ကြေညာချက်တွင် ဖော်ပြထားသည်။

ဂျပန်နိုင်ငံခြားရေးဝန်ကြီးမှ ထိုသို့ တိုက်တွန်းလိုက်သည့်အပေါ် စစ်အစိုးရဝန်ကြီး ဗိုလ်ချုပ်ဌေးဦးက ဒေါ်အောင်ဆန်းစုကြည်အနေနှင့် ကောင်းမွန်စွာနေထိုင်သွားမည်ဆိုလျှင် အမြန်ဆုံးပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ပြောကြားသွားသည်ကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကြေညာချက်တွင် ထည့်သွင်းရေးသားထားသည်။

ဒေါ်အောင်ဆန်းစုကြည်အား အမြန်ဆုံးပြန်လွှတ်ပေး၍ မြန်မာ့ဒီမိုကရေစီပြောင်းလဲမှုဖြစ်စဉ်တွင် ပါဝင်ခွင့်ပြုလိမ့်မည်ဟုလည်း ဂျပန်နိုင်ငံအနေနှင့် အခိုင်အမာယုံကြည်ကြောင်း၊ ၂၀၁၀ ခုနှစ်၊ ရွေးကောက်ပွဲကိုလည်း နိုင်ငံတကာမှ လက်ခံနိုင်စေရန်အတွက် မြန်မာနိုင်ငံသည် ဒီမိုကရေစီစနစ်သို့ ကူးပြောင်းရေးဖြစ်စဉ်၌ သက်ဆိုင်သူအားလုံး ပါဝင်ခွင့်ပြုလိမ့်မည်ဟု ဂျပန်နိုင်ငံအနေနှင့် အခိုင်အမာယုံကြည်ကြောင်း နာကာဆိုနေးမှ ပြောသည်။

ဝန်ကြီးဗိုလ်ချုပ်ဌေးဦးအား ဂျပန်နိုင်ငံမှ တရားဝင်ဖိတ်ကြား၍ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ဂျပန်နိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာ့ဒီမိုကရေစီအရေးလှုပ်ရှားနေသူများမှ ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနရှေ့တွင် နေ့စဉ် ဆန္ဒပြခဲ့ကြကြောင်း သတင်းများအရ သိရှိရသည်။

# ၂၀၀၇ လောင်စာဆီဈေးနှုန်းမြင့်တက်လာခြင်းအပေါ်
## တကိုယ်တော်ဆန္ဒပြခဲ့သည့်ဦးအေးဝင်း မြင်းခြံထောင်မှ ပြန်လည်လွတ်မြောက်

ပြီးခဲ့သည့် ၂၀၀၇ ခုနှစ် စက်တင်ဘာ သံဃာ့အရေးအခင်းကာလအတွင်းက ပုသိမ်အာဏာပိုင်တို့၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် ပုသိမ်မြို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အဖွဲ့ဝင်ဖြစ်သူ ဦးအေးဝင်းအား စက်တင် ဘာလ (၃) ရက်နေ့က မြင်းခြံထောင်မှနေ၍ ပြန်လည်လွတ်မြောက်လာခဲ့ကြောင်းသိရသည်။ ဖမ်းဆီးချုပ်နှောင်ထားစဉ်အတွင်း ရိုက်နှက်စစ်ဆေးမှုများရှိခဲ့ကြောင်း မိသားစုအဆိုအရသိရှိခဲ့ရပြီး ဦးအေးဝင်းအား ပုသိမ်မြို့တွင်ပင် အမှုစစ်ဆေးခဲ့ပြီးနောက် ထောင်ဒဏ် (၂) နှစ် ချမှတ်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ဦးအေးဝင်းက ...

"၂၀၀၇ တုန်းကပေါ့ဗျာ။ အစိုးရက ဆီဈေးတွေတက်တယ်ဗျ။ လောင်စာဆီဈေးတွေတက်တယ်။ အဲဒီ လောင်စာဆီဈေးတွေတက်တာနဲ့ပတ်သက်ပြီး ကုန်ဈေးနှုန်းတွေတက်မယ်ပေါ့ဗျာ။ ကုန်ဈေးနှုန်းတွေတက်တော့ ပြည်သူလူထုတွေပဲ ပိုပြီး ဒုက္ခရောက်မယ်။ ကျနော်က ပြည်သူ့ကိုယ်စားဆိုပြီး ကျနော်က "လောင်စာဆီဈေးတက်၊ ပြည်သူအခက်" ဆိုင်းဘုတ်ကိုင်ပြီး မြို့ထဲလှည့်နေတာ။ နာရီဝက်လောက် မြို့ကိုလှည့်ဝင်လာပြီးတော့ ကျနော့်ကို လာဖမ်းသွားတာဘဲ" ဟု အဖမ်းခံရခြင်းနှင့် ပတ်သက်၍ ပြောပြခဲ့သည်။ ဦးအေးဝင်းအား ပုသိမ်မြို့အာဏာပိုင်တို့မှ ထောင်ဒဏ် (၂) နှစ် အမိန့်ချမှတ်ခဲ့ပြီး မြင်းခြံထောင်သို့ ပို့ခဲ့ခြင်းဖြစ်သည်။

ဦးအေးဝင်းသည် နောက်ဆုံးအကြိမ် ထောင်ဒဏ်အပြစ်ပေးခြင်းမခံရမီ ၂၀၀၇ ခုနှစ် ဩဂုတ်လအတွင်းတွင်လည်း ဒေါ်အောင်ဆန်းစုကြည် လွတ်ပေးရေးအတွက် တကိုယ်တော်ဆန္ဒပြခဲ့မှုကြောင့် အာဏာပိုင်တို့၏ တပတ်ကြာထိန်းသိမ်းခြင်းကိုလည်း ခံခဲ့ရသည်။



# စစ်အုပ်ချုပ်မှုဆန့်ကျင်ရေးလှုပ်ရှားမှုများ တိုင်းပြည်အတွင်းနည်းမျိုးစုံဖြင့် ပျံ့နှံ့လျက်ရှိ

စစ်အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများအား ဗမာပြည်တွင်းရှိ အတိုက်အခံနိုင်ငံရေးအင်အားစုများ၊ ကျောင်းသားများနှင့် ရဟန်းသံဃာတော်များက ယခုလပိုင်းအတွင်း စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိသည်။

လူထုခေါင်းဆောင်နှင့်အဖမ်းဆီးခံ နိုင်ငံရေးအကျဉ်းသားများလွတ်မြောက်ရေး၊ ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်ရေးတို့အတွက် ယခုကဲ့သို့ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးဝတ်ပြုဆုတောင်းပွဲများကို သူမအားအမိန့်ချသည့် ဩဂုတ်လ (၁၁) ရက်နေ့က ရန်ကုန်တိုင်း၊ မကွေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်း၊ မန္တလေးတိုင်းနှင့် ရှမ်းပြည်နယ်ရှိ မြို့ပေါင်း (၅၀) နီးပါးတွင် လုံခြုံရေးများတင်းကြပ်သည့်ကြားမှ ပြုလုပ်ခဲ့ကြသည်။

ထို့နေ့၌ အင်းစိန်ထောင်အနီးတဝိုက်တွင် လူထုအင်အား ၅၀၀၀ ကျော်ခန့် စုရုံးခဲ့ကြပြီး လူထုခေါင်းဆောင်အား အပြစ်ရှိသည်ဟုအမိန့်ချခဲ့သဖြင့် မကျေနပ်သည့် လူစုလူဝေးသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးသို့ ချီတက်ခဲ့ကြကြောင်း ရိုးမ (၃) သတင်းဝက်ဘ်ဆိုဒ်တွင် ဖော်ပြထားသည်။

စစ်အစိုးရကို ဆန့်ကျင်ရေးအတွက် မန္တလေးတိုင်း၊ မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်ရှိ တက္ကသိုလ်ကောလိပ် (၅) ခုတွင် ကျောင်းသားသမဂ္ဂ (၅) ခုကို တိုးချဲ့ဖွဲ့စည်းလိုက်ပြီဖြစ်ကြောင်း အထက်ဗမာပြည် ကျောင်းသားသမဂ္ဂ၏ ၂၀၀၉ ခုနှစ် ဩဂုတ်လ (၁၄) ရက်နေ့စွဲဖြင့်ထုတ်ပြန်သော သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

လုထုခေါင်းဆောင်နှင့် အဖမ်းဆီးခံနိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်ရေး အဖြူရောင်လှုပ်ရှားမှုကို NLD အဖွဲ့ဝင်များနှင့် အင်္ဂါနေ့ဝတ်ပြုဆုတောင်းအသင်းတို့က အဖြူရောင်သင်္ကေတများပါသည့် အဝတ်အစားများ ဝတ်ဆင်ကာ ယခုလ (၁၅) မှ (၁၉) ရက်နေ့အထိ မြန်မာနိုင်ငံအနှံ့အပြားတွင် ဦးဆောင်စည်းရုံးလှုပ်ရှားခဲ့ကြပြီး ထောင်ပေါင်းများစွာသောပြည်သူများ ပါဝင်ခဲ့ကြသည်။

ရခိုင်ပြည်နယ်တောင်ကုတ်မြို့တွင်လည်း ဒေါ်အောင်ဆန်းစုကြည်နှင့်နိုင်ငံရေးအကျဉ်း သားများလွတ်မြောက်ရေးအတွက် ယခုလ (၂၃) ရက်နေ့တွင် ပိုစကာကမ်ပိန်းလုပ်ခဲ့သည်ဟု နော်ဝေးအခြေစိုက် ဒီမိုကရက်တစ်မြန်မာ့အသံ သတင်းဌာနတွင် ဖော်ပြထားသည်။

မျိုးဆက်သစ်လူငယ်များ အစည်းအရုံးမှ လူငယ်များကလည်း ရန်ကုန်မြို့တွင်း လူမြင်သာသည့်နေရာများတွင် ဒေါ်စုလွှတ်ပေး (Free Daw Suu) ဆိုသည့် စာများကို မှုတ်ဆေးများဖြင့်ရေးသားကာ မိမိတို့၏မကျေနပ်ချက်များကို စစ်အစိုးရနှင့် အများပြည်သူသိရှိအောင် ဩဂုတ်လ (၂၅) ရက်နေ့၌ ဖော်ထုတ်ခဲ့ကြသည်။

ထိုအပြင် ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်ရေးအတွက် ရွှေတိဂုံဘုရားတွင် အပတ်စဉ်တိုင်းလိုလို ဘုရားရှိခိုးဆုတောင်းမှုပြုသည့် အင်္ဂါနေ့ဝတ်ပြုအဖွဲ့မှ အတိုက်အခံ နိုင်ငံရေးလှုပ်ရှားသူများသည် အဝါရောင်သင်္ကေတများ ဝတ်ဆင်ကာ လွန်ခဲ့သော ၂ နှစ်က စစ်တပ်က ပစ်ခတ်ဖြိုခွင်းခဲ့သည့် မေတ္တာသုတ်ရွတ်ဆို ဆန္ဒပြရာတွင်ပါဝင်ခဲ့သော သံဃာတော်များကိုဂုဏ်ပြုသည့်အနေဖြင့် ဩဂုတ်လ (၂၅) ရက်နေ့က ဝတ်ပြုဆုတောင်းခဲ့ကြသည်။

ဩဂုတ်လ (၂၉) ရက်နေ့တွင်လည်း ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင့်သည့် "၂၀၁၀ ရွေးကောက်ပွဲအလိုမရှိ၊ ဖရီးဘားမား"ဟူသော မှုတ်ဆေးအဝါဖြင့်ရေးထားသည့်စာတမ်းများကို ပုဂံညောင်ဦးကားလမ်းတလျှောက်တွင် ရေးသားထားကြောင်း ဒေသခံများက ပြောကြားခဲ့သည်။

စစ်အစိုးရက တိုင်းပြည်၏ဒီမိုကရေစီနှင့်လူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်နေသည့် အတိုက်အခံနိုင်ငံရေးအင်အားစုများ၊ ရဟန်းရှင်လူ ကျောင်းသားပြည်သူများအား ဖမ်းဆီးထောင်ချ အရေးယူမှုများရှိနေသော်လည်း ယခုကဲ့သို့သော အာဏာရှင် ဆန့်ကျင်ရေးလှုပ်ရှားမှုများ ဗမာပြည်အတွင်း ရပ်တန့်မသွားခဲ့ပေ။

**မျက်နှာဖုံး မစ္စတာဂျင်ဝက်ဘ်သတင်းမှ ...**

ဘီလီလျံတန်ဘိုးရှိသည့် တရုတ်မြန်မာရေနံပိုက်လိုင်းတည်ဆောက်ရေးကိုလည်း သဘောတူညီမှုရရှိထားပြီး တရုတ်နိုင်ငံအနေနှင့် ယခုကဲ့သို့ မြန်မာနိုင်ငံအပေါ်တွင် ဩဇာလွှမ်းမိုးမှုရှိနေမည်ဆိုလျှင် နောင်တွင်စစ်ရေးအရ မြန်မာနှင့်ပတ်သက်ဆက်သွယ်လာနိုင်သည်ဟု အမေရိကန်အထက်လွှတ်တော်အမတ်ဂျင်ဝှပ်က နယူးယောက်တိုင်းသတင်းစာတွင် ရေးသားဖော်ပြထားသည်။

မစတာဝှပ်၏ အာရှငါးနိုင်ငံခရီးစဉ်နှင့်ပတ်သက်၍ အဓိပါယ်ပြည့်ဝကြောင်းနှင့် ရောက်ရှိခဲ့သည့်နိုင်ငံများရှိ အစိုးရများနှင့်ပြည်သူလူထုများအားပြောကြားရာတွင်လည်း ဒေသတခုလုံးသည်အမေရိကန်ပြည်ထောင်စုအတွက် အရေးပါသည့်ဒေသဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု အစိုးရအဖွဲ့သစ်နှင့်အာရှဒေသတို့ပူးပေါင်းဆောင်ရွက်မှုဖြင့် အားကောင်းစွာ ပြန်လည်ဆန်းသစ်ချင်ကြောင်းကို ပြောကြားခဲ့သည်ဟု မစ္စတာဝှပ်မှပြောသည်။

မစတာဝှပ်သည် အမေရိကန်အထက်လွှတ်တော်နိုင်ငံခြားရေးရာကော်မတီ၊ အရှေ့အာရှနှင့်ပစိဖိတ်ရေးရာကော်မတီခွဲဥက္ကဋ္ဌနှင့် ဗာဂျီးနီးယားပြည်နယ် ဒီမိုကရက်တစ်ပါတီ၏ အထက်လွှတ်တော်အမတ်တဦးဖြစ်သည်။

# နအဖစစ်အုပ်စုအနေဖြင့် တောင်းဆိုချက်များမလိုက်လျောလျှင် သံဃာ့သပိတ် ထပ်မံပြုလုပ်မည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်



၂၀၀၇ ခုနှစ် စက်တင်ဘာလအတွင်းကဖြစ်ပွားခဲ့သည့် သံဃာ့လှုပ်ရှားမှုအရေးအခင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများသမဂ္ဂနှင့် သံဃာ့သမဂ္ဂီအဖွဲ့ကြီးအား တိုးချဲ့ဖွဲ့စည်းလိုက်ပြီး စစ်အစိုးရအနေနှင့် သံဃာတော်တို့၏ တောင်းဆိုချက်များအား လိုက်လျောမှုမရှိလျှင် တတိယအကြိမ် သံဃာ့သပိတ်ကြီးနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်လိုက်သည်။

စစ်အစိုးရအနေနှင့် သံဃာတော်များအပေါ်တွင် ကျူးလွန်ထားသည့် အပြစ်အား (၂၊ ၁၀၊ ၂၀၀၉) ရက်နေ့တွင် နောက်ဆုံးထား၍ ဝန်ချတောင်းပန်ရန် ကြေညာချက်ထုတ်ပြန်လိုက်ပြီး ဆန္ဒပြမှုကို (၃၀၊ ၁၀၊ ၂၀၀၉) ခုနှစ်၊ (၁၂) နာရီတွင် စတင်မည်ဖြစ်သောကြောင့် သံဃာတော်များနှင့်အတူ တပြည်လုံးအတိုင်းအတာဖြင့် ပါဝင်လှုပ်ရှားကြရန်ကိုလည်း မြန်မာနိုင်ငံလုံးဆိုင်ရာ သံဃာ့တပ်ပေါင်းစုအဖွဲ့ကြီးမှ ဩဂုတ်လ (၂၈) ရက်နေ့က ကြေညာချက် ထုတ်ပြန်လိုက်သည်။

နိုင်ငံတော်အား ကာကွယ်ပေးနေသည့် တပ်မတော်အနေနှင့် ဦးသန်းရွှေ စစ်အုပ်စု၏ အခိုင်းခံမလုပ်ရန်နှင့် သာသနာတော်အား အသက်ပေး၍ အကာအကွယ်ပေးရန်လိုအပ်ကြောင်း၊ သံဃာတော်များအနေနှင့်လည်း သာသနာတော် အရေးအတွက် အသက်စွန့်ကာ အားသွန်ခွန်စိုက် ကြိုးစားနေကြသောကြောင့် လှည်းနေ၊ လေ့အောင်း၊ မြင်းဖောင်းမကျန် တတိုင်းတပြည်လုံး သံဃာတော်များနှင့်အတူ ပါဝင်ဆင်နွှဲရန် သံဃာ့တပ်ပေါင်းစု နိုင်ငံခြားရေးရာတာဝန်ခံ ဆရာတော် ဦးဣန္ဒသရိယမှ တိုက်တွန်းမိန့်ကြားခဲ့သည်။

တတိယအကြိမ် သံဃာဆန္ဒပြပွဲကြီးပြုလုပ်ရန်အတွက် သံဃာတော်များ၊ သီလရှင်များနှင့် မြေဩဇာအဖွဲ့တို့ ပူးပေါင်း၍ လက်နက်ကိုင်လုံခြုံရေးများ တင်းကြပ်နေသည့်ကြားမှပင် သပိတ်အဖွဲ့ခွဲများအား ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် ဖွဲ့စည်းနိုင်ခဲ့ပြီး အခြားပြည်နယ်နှင့်တိုင်းများတွင်လည်း အဖွဲ့ခွဲများ ထပ်မံဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သတင်းများအရ သိရှိရသည်။ ♦

# လုံခြုံရေးကောင်စီမှ စုံစမ်းစစ်ဆေးရေးကော်မရှင်ဖွဲ့စည်းရန် နိုင်ငံရေးအကျဉ်းသားဟောင်းများ လက်မှတ်ရေးထိုးတောင်းဆို

ကုလသမဂ္ဂလုံခြုံရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအတွင်း ဆယ်စုနှစ်နှင့်ချီ၍ ကျူးလွန်ခဲ့သော "လူသားမျိုးနွယ်ကိုဆန့်ကျင်သည့် ရာဇဝတ်မှုများ"နှင့် ပတ်သက်၍ စုံစမ်းရေးကော်မရှင်တရပ်ဖွဲ့စည်းပြီး စေလွှတ်စုံစမ်းရန် မြန်မာ့နိုင်ငံရေးအကျဉ်းသားဟောင်း (၈၈) ဦးမှ လက်မှတ်ရေးထိုးတောင်းဆိုလိုက်ကြောင်း သတင်းရရှိသည်။

စစ်အစိုးရအုပ်ချုပ်သည့် နှစ်ပေါင်း (၂၁) နှစ်အတွင်း တဖက်သတ် ဖိနှိပ်ဖြေရှင်းခြင်းခံရသည့် နိုင်ငံရေးအကျဉ်းသားဟောင်းများမှ လက်ရှိစစ်အုပ်စုအကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ဓာတ်ပုံပေါ်တွင် လက်မှတ်ရေးထိုး တောင်းဆိုထားခြင်းဖြစ်ပြီး လုံခြုံရေးကောင်စီဝင်နိုင်ငံများသို့ ချဉ်းကပ်တောင်းဆိုသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ နိုင်ငံရေးအကျဉ်းသား ၂၀၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းထားပြီး မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား စစ်အုပ်စုမှ အမှုဆင်ထောင်ချရန်ကြိုးပမ်းနေချိန်၌ ယခုကဲ့သို့ တောင်းဆိုခြင်းဖြစ်သည်။

"လူတွေသောင်းနဲ့ချီပြီး ဆယ်စုနှစ်တွေနဲ့ချီအောင် ဒီလို ကျူးလွန်လာတာကို လုံခြုံရေးကောင်စီရဲ့ စုံစမ်းရေးကော်မရှင်ကဖော်ထုတ်မှသာ စစ်အုပ်စုအနေနဲ့ လူသားမျိုးနွယ်ကိုဆန့်ကျင်တဲ့ ရာဇဝတ်မှုတွေ ကျူးလွန်တယ်ဆိုတာကို ပိုမိုခိုင်ခိုင်မာမာ အတည်ပြုနိုင်မှာဖြစ်တယ်။" ဟု နိုင်ငံရေးအကျဉ်းသားဟောင်းတဦးမှ ဆိုသည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီအနေဖြင့် ယခင် ယူဂိုဆလားဗီးယား၊ ရဝမ်ဒါ၊ ဒါဖာ (ဆူဒန်) နိုင်ငံများသို့ စုံစမ်းရေးကော်မရှင်စေလွှတ်၍ "စစ်ရာဇဝတ်မှုများနှင့် လူသားမျိုးနွယ်ကိုဆန့်ကျင်သည့် ရာဇဝတ်မှုများ"ကို ဖော်ထုတ်အရေးယူခဲ့ကြောင်း သိရှိရသည်။

# နယ်မြေစိုးမိုးရေးထိုးစစ်များအတွင်း ကေအဲန်ယူထက် နအဖစစ်အစိုးရဘက်မှ အသုံးအရှုံးများ

နယ်မြေစိုးမိုးရေးထိုးစစ်များတွင် နအဖစစ်အစိုးရတပ်များဘက်မှ လူအင်အား၊ လက်နက်အင်အားဆုံးရှုံးမှုသည် ကေအဲန်ယူထက် ပိုမိုများပြားကြောင်း (၂၀၀၉ ဇန်နဝါရီ) နေ့က ကေအဲန်ယူဘက်မှထုတ်ပြန်သည့် စာရင်းဇယားအရ သိရသည်။

ကရင်အမျိုးသားအစည်းအရုံး ကေအဲန်ယူ၏လက်နက်ကိုင်တပ်ဖြစ်သည့် ကေအဲန်အယ်လ်အေထိန်းချုပ်ရာ တပ်မဟာနယ်မြေများတွင် ယခုနှစ်ဇန်နဝါရီလမှ ဇွန်လကုန်အထိ တိုက်ပွဲပေါင်း (၆၅၀) ကျော်ဖြစ်ပွားခဲ့ပြီး ယခုကဲ့သို့ နအဖစစ်အစိုးရတပ်များ၏ လူအင်အား၊ လက်နက်အင်အားများမှာ ကေအဲန်ယူထက် ပို၍ဆုံးရှုံးခဲ့ရခြင်းဖြစ်သည်။

အဆိုပါဇယားအရ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်နှင့် စစ်အစိုးရတပ်များ တိုက်ပွဲများဖြစ်ပွားရာတွင် ရန်သူစစ်တပ်မှ စစ်သားအင်အား (၄၇၅) ဦးနီးပါးကျဆုံး၍ (၉၅၀) နီးပါး ဒဏ်ရာရရှိခဲ့ပြီး ကေအဲန်ယူဘက်မှ (၆) ဦးကျဆုံးခဲ့၍ (၁၂) ဦး ဒဏ်ရာရခဲ့ကြောင်းသိရသည်။

နအဖစစ်အစိုးရဘက်မှ ဗျူဟာမှူး၊ ဒုဗိုလ်မှူး၊ တပ်ရင်းမှူး၊ ဒုတပ်ရင်းမှူး၊ တပ်ကြပ်ကြီး၊ တပ်ကြပ်၊ တပ်ခွဲမှူး စသည့် အရာရှိတော်တော်များများကျဆုံးခဲ့သည့်အပြင် အခြားသောအရာရှိ အများအပြားလည်း ဒဏ်ရာရရှိခဲ့သည်။

လက်နက်များ ဆုံးရှုံးမှုတွင်လည်း ရန်သူစစ်တပ်၏ဆုံးရှုံးမှုသည် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်ထက် ပိုများကြောင်း အဆိုပါဇယားအရ သိရသည်။

စစ်အစိုးရသည့် ၂၀၁၀ ရွေးကောက်ပွဲမတိုင်ခင် အပစ်အခတ်ရပ်အဖွဲ့များအား နယ်ခြားစောင့်တပ်အသွင်ပြောင်းရန် ကြိုးပမ်းလျက်ရှိပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအတွင်း နှစ်ပေါင်း (၆၀) ကျော် ကြာ ကိုယ်ပိုင်အခွင့်အရေးအတွက် လက်နက်စွဲကိုင် ခုခံကာကွယ်တိုက်ခိုက်နေသည့် ကရင်အမျိုးသားအစည်းအရုံး ထိန်းချုပ်နယ်မြေများအား နယ်မြေစိုးမိုးနိုင်ရေးအတွက် ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းဖြစ်သည်ဟု သိရသည်။

ဂျွန်ယက်တောလွန် မြန်မာ့နိုင်ငံရေးစစ်အာဏာရှင်တွေရဲ့ ကစားကွင်းကစားကွက်ကတော့ အပြောင်းအလဲရှိနေတာ တွေ့နေရပါပြီ။ အမိကျူးလွန်သူ ဂျွန်ယက်တော ပြည်တော်ပြန်သွားနိုင်ခဲ့ပြီး၊ နေအိမ်အကျယ်ချုပ်ကျခံနေခဲ့ရတဲ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကတော့ နေမြဲတိုင်း နေအိမ်အကျယ်ချုပ် ပြန်ကျခံနေရပြန်ပါပြီ။ အကျယ်ချုပ်သက်တမ်းကာလကတော့ အပြောင်းအလဲရှိသွားပြန်ပါတယ်။ စစ်အစိုးရရဲ့ ကွင်းလယ်ကစားကွက်ပေါ့လေ။ ဒါပေမယ့် နိုင်ငံတကာက တစာစာတောင်းဆိုနေတဲ့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးအကျဉ်းသားတွေ လွှတ်ပေးရေးအပေါ်မှာ စစ်အစိုးရရဲ့တုန့်ပြန်မှုကတော့ မတုန်မလှုပ် အေးတိအေးစက်ဖြစ်နေပြီး မြန်မာနိုင်ငံစစ်အစိုးရအပေါ်ချမှတ်ထားတဲ့ အမေရိကန်နဲ့ ဥရောပသမဂ္ဂနိုင်ငံတွေရဲ့ အရေးယူပိတ်ဆို့မှုတချို့ကို ပယ်ဖျက်ပေးမှာကို လူထုဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်က ဆန့်ကျင်ကန့်ကွက်စရာမရှိဘူးလို့ ဒေါ်အောင်ဆန်းစုကြည်က အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်မ်ဝက်နဲ့တွေ့ဆုံစဉ်မှာ ပြောဆိုခဲ့ပါတယ်လို့ မစ္စတာဂျင်မ်ဝက်ဘ်က ဘန်ကောက်သတင်းစာရှင်းလင်းပွဲမှာ ပြောလိုက်တဲ့အချက်ကတော့ ပြည်တွင်းစစ်အစိုးရရဲ့ လက်ကိုင်ဒုတ်သတင်းစာတွေမှာ အကြီးအကျယ်ဖော်ပြ နိမိတ်ဖတ်ခဲ့ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ကသူမ အဲဒီလို မပြောခဲ့မိပါဘူး။ မစ္စတာဂျင်မ်ဝက်ဘ်အနေနဲ့ နားလည်မှုလွဲမှားသွားတာဖြစ်မယ်လို့ ပြန်ပြီးပြောဆိုခဲ့တာကိုတော့ ထည့်သွင်းဖော်ပြတာမျိုးမရှိခဲ့ပါဘူး။ ပြည်ပသတင်းမီဒီယာတွေကသာ ရေးသားဖော်ပြခဲ့ပါတယ်။

စစ်အစိုးရကတော့ ထုံးစံအတိုင်း ပြည်သူလူထုနဲ့ နိုင်ငံတကာကို အာရုံပြောင်းဖို့ ကြိုးစားလိုက်ပြန်ပါပြီ။ ဒေါ်အောင်ဆန်းစုကြည်နဲ့ ဘယ်လိုမှ ပတ်သက်စပ်ဆိုင်တာမဟုတ်တဲ့ ဒီအရေးယူပိတ်ဆို့မှုဆိုတာကို ဒေါ်အောင်ဆန်းစုကြည်က တောင်းဆိုထောက်ခံလို့ မြန်မာနိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အကြီးအကျယ်အနှောက်အယှက် အဟန့်အတားဖြစ်ခဲ့ရသယောင်ယောင်၊ ဒီအရေးယူပိတ်ဆို့မှုတချို့ကို ပြန်ပြီးဖယ်ရှားပေးဖို့ ဒေါ်အောင်ဆန်းစုကြည်ကပဲ မီးစိမ်းပြပေးလိုက်သယောင်ယောင် မသိနားမလည်ရှာသူ ပြည်သူလူထု တစိတ်တပိုင်းကို ဖူးလုံး နားမထွေး ရှုပ်ထွေးသွားအောင် သူတို့ရဲ့လက်ကိုင်ဒုတ်မီဒီယာတွေသုံးပြီး ဖွရှုပ်လုပ်လိုက်တာပါပဲ။ ပြည်ပရောက် မြန်မာ့နိုင်ငံရေးလှုပ်ရှားသူတွေ၊ အတိုက်အခံအဖွဲ့အစည်းတွေကြားမှာတောင် ဒီကိစ္စက အနည်းအကျဉ်း နေရာယူသွားခဲ့ပါတယ်။ ပြည်တွင်းက သာမန်ပြည်သူလူထုကြားမှာ "ဟုတ်ပါရဲ့နော်" "လုပ်သင့်တာပေါ့" စတဲ့အပြောမျိုးတွေ ကျိုကြားထွက်ပေါ်လာပြီး အဓိကမြန်မာနိုင်ငံရဲ့ပြဿနာကနေ လမ်းလွဲသွားအောင် အလိမ်အလှည့်လေးလုပ်လိုက်တာပါပဲ။

စစ်အစိုးရကတော့ ဂျွန်ယက်တောကြောင့်ဖြစ်ပေါ်လာတဲ့အခွင့်အရေးမှာ ဒေါ်အောင်ဆန်းစုကြည်ကိုအသုံးချပြီး အပြည်ပြည်ဆိုင်ရာနဲ့ဈေးကစားဖို့ ကြိုးစားတာပါပဲ။ တဘက်ကလည်း ကိုယ်ကျိုးစီးပွားကာကွယ်ရေးလုပ်ဖို့ မြန်မာနိုင်ငံကိုအသုံးချနိုင်ရေးမှာ စစ်အစိုးရနဲ့ ဆက်ဆံရေးကို အပြောင်းအလဲလုပ်ဖို့ ကြိုးစားလာတဲ့ အမေရိကန်နိုင်ငံကို ပြေလည်အောင်ဆက်ဆံ၊ သူတို့ရဲ့ အာဏာတည်မြဲရေးကို အထိအခိုက်မရှိနိုင်တဲ့ အလျှော့ပေးလိုက်လျောမှုမျိုးတွေလုပ်ပေးရင်း ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကြီးမှာ အဓိကအတိုက်အခံ နိုင်ငံရေးခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံရေးပါတီရဲ့ အနှောက်အယှက်ကင်းကင်းနဲ့ အနိုင်ယူနိုင်ဖို့ပဲဖြစ်ပါတယ်။ ၂၀၁၀ ခု ရွေးကောက်ပွဲလွန်တာနဲ့ တရားဝင်စစ်အစိုးရဖြစ်လာပြီး မြန်မာနိုင်ငံက တိုင်းရင်းသားလူမျိုးစုတွေအပါအဝင် တမျိုးသားလုံးကို ရေရှည်ကျွန်ပြုစိုးမိုးနိုင်ရေးဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ပေါကြွယ်ဝတဲ့သဘာဝသယံဇာတပစ္စည်းတွေကို တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုးစီးပွား နဲ့နဲ၊ စစ်အာဏာရှင်ဗိုလ်ချုပ်တွေနဲ့ သူတို့ဆွေမျိုးသားချင်းတွေရဲ့ အကျိုးစီးပွားနဲ့ ဆွေစဉ်မျိုးဆက်ကောင်းစားရေးအတွက် စိတ်တိုင်းကျ အသုံးချဖို့ပဲဖြစ်ပါတယ်။ အလိုတော်ရိတွေကိုလည်း ခိုင်းကောင်းအောင် အရိုးအရင်းလေးကိုက်ခွင့်ပေးပါလိမ့်မယ်။

ဒါကတော့ လုံးဝမှားယွင်းစရာမရှိတဲ့ စစ်အစိုးရရဲ့ အဓိကဦးတည်ချက်ပဲဖြစ်ပါတယ်။ ဒီအချိန်မှာ သိပြီးဖြစ်ကြတဲ့အတိုင်း "နောက်ဆုံးရထား"တို့၊ "မှတပါး အခြားမရှိ"တို့၊ "အခွင့်အရေးကို လက်လွှတ်မခံသင့်ဘူး" တို့လို သခွတ်ပင်တွေကလည်း မီးတကျည်ကျည် လုပ်နေကြမှာပါပဲ။ ဒီလိုမှမဟုတ်ရင်လည်း ပြည်တွင်းက တရားဝင်နိုင်ငံရေးပါတီတွေ၊ ပြည်ပအတိုက်အခံ ဒီမိုကရေစီအင်အားစုတွေ၊ နိုင်ငံရေးတက်ကြွလှုပ်ရှားသူတွေ၊ နောက်ဆုံး စစ်အစိုးရကို လက်နက်ကိုင်တိုက်ခိုက်နေတဲ့အဖွဲ့အစည်းတွေ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ရော စစ်အစိုးရကို ပြုတ်ကျအောင်လုပ်နိုင်ကြလို့လား။ လက်တွေ့ကျကျ စဉ်းစားသင့်ပါတယ်။ တခြားနည်းလမ်းလည်းရှိပါတယ် စသည်ဖြင့် ပါးစပ်နဲ့ရော၊ စာနဲ့ရော ထိုးနှက်ဝေဖန် ပြောဆိုနေကြပါတယ်။ အဲဒီဝေဖန်ပြောဆိုမှုတွေထဲမှာ မှန်တဲ့အချက်တွေ၊ ငြင်းလို့မရတဲ့အချက်တွေလည်း ပါနေပါတယ်။ ဒါပေမယ့် ဒီလိုဆိုရင် မြန်မာနိုင်ငံက တိုင်းရင်းသားလူမျိုးစုတွေအပါအဝင် ပြည်သူလူထုကြီးတရပ်လုံး အတိုက်အခံ ဒီမိုကရေစီအင်အားစုတွေအားလုံးက စစ်အစိုးရကချိုးပေး၊ ချပေးထားတဲ့အတိုင်း သိုးငယ်ကလေးတွေလို အသာတကြည် လိုက်နာဆောင်ရွက်ပေးလိုက်ကြရတော့မှာပါလား။ စစ်ကျွန်အဖြစ် သွတ်သွင်းတာကို အလွယ်တကူ လည်စင်းခံလိုက်ကြရတော့မှာပါလား။ မြန်မာနိုင်ငံက စစ်အာဏာရှင်အစိုးရဟာ လုံးဝနှိမ်နင်းတိုက်ခိုက်လို့ မရနိုင်တဲ့အင်အား (Invincible power) ကြီးတခုပါလား။

ကျနော်တို့မြန်မာနိုင်ငံက ပြည်သူလူထုကြီးဟာ သမိုင်းကြောင်းအရ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တိုက်ဖျက်ရေး၊ အမျိုးသားလွတ်မြောက်ရေး၊ တော်လှန်ရေးအဆက်ဆက်မှာ နိုင်ငံရေးအရရော၊ စစ်ရေးအရရော အတွေ့အကြုံရှိခဲ့သလို၊ ဗိုလ်နေဝင်းလက်ထက်ကစခဲ့တဲ့ စစ်အာဏာရှင်ဆန့်ကျင်ရေး ကျောင်းသားလှုပ်ရှားမှုတွေ၊ အလုပ်သမားလှုပ်ရှားမှုတွေနဲ့ မြေအောက်လှုပ်ရှားမှုအတွေ့အကြုံတွေလည်း အတော်အတန် ရရှိထားခဲ့ပြီးဖြစ်ပါတယ်။ အဲဒီလိုအတွေ့အကြုံကြွယ်ဝလှတဲ့ ပြည်သူလူထုကြီးအင်အားနဲ့စွမ်းရည်သတ္တိတွေကို အထင်မသေးသင့်ပါဘူး။ ဒီကနေ့ ပြည်သူလူထုကြီးတရပ်လုံးလိုအပ်နေတာက မှန်ကန်တဲ့လူထုတိုက်ပွဲကို အဆုံးသတ်အောင်ပွဲရတဲ့အထိ ကျားကုတ် ကျားခဲဦးဆောင်မှုပေးနိုင်တဲ့ ခေါင်းဆောင်မှုပဲဖြစ်ပါတယ်။ အဲဒီတာဝန်ကို ဘယ်သူက ယူသင့်ပါသလဲ။ ယူမှာပါလဲ။ ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲ အနိုင်ရပါတီဖြစ်တဲ့ လူထုက ယုံကြည်အပ်နှံ၊ အခွင့်အာဏာပေးအပ်ခံခဲ့ရတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ စစ်အာဏာရှင်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေး၊ လူထုလှုပ်ရှားမှုတွေကို လူထုရှေ့က ရဲရဲရင့်ရင့် မားမားမတ်မတ်ခေါင်းဆောင်မှုပေးနိုင်ရပါလိမ့်မယ်။ မြန်မာနိုင်ငံက တိုင်းရင်းသားလူမျိုးစုတွေအပါအဝင် ပြည်သူလူထုအားလုံးဟာ လူထုဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ခေါင်းဆောင်မှုကို မမိုတ်မသုန်ယုံကြည်သူတွေဖြစ်ကြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ဦးဆောင်မှုအောက်မှာရှိတဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ဦးဆောင်မှုအခန်းကဏ္ဍကိုလည်း အသိအမှတ်ပြု လက်ခံထားပြီးဖြစ်ပါတယ်။ မြန်မာနိုင်ငံ စစ်အာဏာရှင်စနစ်အောက်ကလွတ်မြောက်ပြီး ဒီမိုကရေစီနိုင်ငံတခုဖြစ်ပေါ်လာရေးအတွက် ဒေါ်အောင်ဆန်းစုကြည်နဲ့ သူမရဲ့ပါတီရဲ့ဦးဆောင်မှုကို လိုလိုလားလား လက်ခံဖို့ အဆင်သင့်ရှိနေကြပါတယ်။ အဲဒီလို ဒေါ်အောင်ဆန်းစုကြည်နဲ့ သူမရဲ့ပါတီရဲ့ဦးဆောင်လမ်းညွှန်မှုအောက်မှာ ဖြစ်ပေါ်လာသမျှ လူထုလှုပ်ရှားမှုတွေအားလုံးကို တခြားရွေးကောက်ပွဲအနိုင်ရပါတီတွေ၊ ပြည်တွင်း ပြည်ပက အတိုက်အခံ ဒီမိုကရေစီအင်အားစုတွေ၊ တိုင်းရင်းသားအဖွဲ့အစည်းတွေနဲ့ လက်နက်ကိုင်အဖွဲ့အစည်းတွေအားလုံးက စစ်အာဏာရှင်စနစ်ဖယ်ရှားရှင်းလင်းရေးဆိုတဲ့ တူညီတဲ့ဦးတည်ချက်တခုတည်းရဲ့အောက်မှာ အပြီးသတ်အောင်ပွဲရယူနိုင်ရေးအတွက်၊ ဖြစ်နိုင်သမျှနည်းလမ်းပေါင်းစုံနဲ့ ဝိုင်းဝန်းပံ့ပိုးကူညီကြဖို့ တာဝန်ရှိပါတယ်။ ကိုယ့်ပါတီ၊ ကိုယ့်အဖွဲ့အစည်းကချမှတ်ထားတဲ့ စစ်အာဏာရှင်စနစ်တိုက်ဖျက်ရေး တိုက်ပွဲလမ်းစဉ်တွေကိုလည်း တပြိုင်နက်တည်းမှာ အကောင်အထည်ဖော်ဆောင်ရွက်ရမှာဖြစ်ပါတယ်။



**စိုးနေလင်း**




ပြည်တွင်းဒီမိုကရေစီအင်အားစုတွေနဲ့ ပြည်ပဒီမိုကရေစီအင်အားစုတွေအားလုံးအနေနဲ့ စစ်အစိုးရရဲ့ ထာဝရအာဏာတည်မြဲရေးကြိုးပမ်းအားထုတ်မှုတွေ အားလုံးကို ပြည်သူလူထုကြီးတရပ်လုံးနဲ့ ပူးပေါင်းပြီး၊ အစွမ်းကုန်တိုက်ဖျက်သွားကြဖို့ တာဝန်ရှိပါတယ်။ စစ်အစိုးရဟာ နေ့စဉ်နဲ့အမျှ သူပေါင်းရမယ့်၊ သူပျော့ပျောင်းရမယ့်သူတွေကို မျက်ခြေမပြတ်စောင့်ကြည့်ပြီး အလျှော့အတင်း အပေးအယူလုပ်ဖို့၊ အပြုတ်တိုက်ဖို့ လိုအပ်တဲ့အဖွဲ့တွေကိုလည်း အပြုတ်တိုက်ဖို့ ကြိုးစားနေတယ်ဆိုတာ ခုချိန်မှာ ပိုပြီးမြင်သာထင်ရှားဖြစ်နေပါပြီ။ သူမစေ့စပ်၊ အလျှော့မပေးနိုင်တာကတော့ ဒေါ်အောင်ဆန်းစုကြည်နဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ရွှေဂုံတိုင်ကြေငြာချက်ပဲဖြစ်ပါတယ်။ သူ့ရဲ့လမ်းညွှန်မြေပုံဆိုတာကြီးကို ထိုးပြပြီး ဒီမိုကရေစီအသွင်ကူးပြောင်းရေးလုပ်နေပါပြီလို့ နိုင်ငံတကာကို အပျော့ဆွဲ ဆွဲပါလိမ့်မယ်။ နိုင်ငံတကာကလည်း တခြားဘာမှလုပ်လို့မရတဲ့အတူတူ ရပ်ပြပဲ အပြောင်းအလဲဖြစ်ဖြစ် နောက်မှပဲ တဖြည်းဖြည်းကြိုးစားပြီး ပြောင်းလဲအောင်လုပ်ရမှာပဲဆိုတဲ့မူနဲ့ စစ်အစိုးရကို လိုက်လျောဖို့ အလားအလာများနေပါပြီ။ ကျနော်တို့ မြန်မာနိုင်ငံသားတွေကသာ ကိုယ့်ဝမ်းနာ ကိုယ်သာသိ၊ ကိုယ့်အားကိုယ်ကိုးပြီး အကောင်အထည်ဖော်ဆောင်ရွက်လို့ရသမျှ တော်လှန်ရေးနည်းနာတွေအားလုံးကို အသုံးချပြီး စစ်အာဏာရှင်အစိုးရကို ဖယ်ရှားရှင်းလင်းပစ်ကြဖို့သာဖြစ်ပါတယ်။

ကျနော့်ရဲ့ မကြာခင်ကဆောင်းပါးတချို့မှာ နိဂုံးချုပ်ပေးခဲ့ဖူးသလို အမှန်တရားဟာ ထာဝရမရှုံးနိမ့်နိုင်ပါဘူး။ ပြည်သူလူထုဖက်မှာ တိုက်ရဲသူတွေဘက်မှာ အောင်ပွဲဟာ အသေအချာရှိနေပါတယ်။ ကျနော်တို့ ကြိုးစားကြည့်ကြရအောင်ပါလို့ပဲ ...။

စိုးနေလင်း

ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) အရ
စစ်တပ်အဓိကလွှမ်းမိုးရေးစနစ်ဖြစ်ကြောင်း အခြေခံပြဇယား




တပ်မတော်ကာကွယ်ရေး စစ်ဦးစီးချုပ်၏ အဓိကအာဏာများ




၁။ အခန်း (၁) အခြေခံမူ (၆) တွင် တပ်မတော်သည် နိုင်ငံရေးကိုဦးဆောင်ရန်။

၂။ အခန်း (၁) ပုဒ်မ (၁၄) တပ်မတော်သည် ပြည်ထောင်စု၊ တိုင်းနှင့်ပြည်နယ်အဆင့်တိုင်းတွင် ပါဝင်ဆောင်ရွက်သွားမည်။

၃။ ပုဒ်မ (၂၀) အရ တခုတည်းသော မျိုးချစ်တပ်မတော်ဖြစ်ခြင်း၊ တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့်ရှိသည်။ တပ်မတော်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကိုကာကွယ်စောင့်ရှောက်ရန် အဓိကတာဝန်ရှိသည်။

၄။ ပုဒ်မ (၆၀) (ခ) (၃) အရ တိုင်းပြည်အုပ်ချုပ်ရေးအဆင့်တွင်ပါနေခြင်း။

၅။ အခန်း (၇) ပုဒ်မ (၃၃၈) တခုတည်းသော တပ်မတော်မှအပ အခြားမည်သည့်လက်နက်ကိုင်တပ်မျှ ခွင့်မပြုပေ။

၆။ ပုဒ်မ (၄၁၂)၊ ပုဒ်မ (၃၄၁)၊ (၄၁၃)၊ (၄၁၈)၊ (၄၁၀) အရ အရေးပေါ်ကာလတွင် စစ်တပ်အား အာဏာသိမ်းပိုင်ခွင့်ကို ဖွဲ့စည်းပုံအရ တရားဝင်ပေးထားသည့်အပြင် ပုဒ်မ (၄၁၇) အရလည်း တနှစ်ထိ သတ်မှတ်နိုင်ပြန်သည်။ အချိန်ကာလအကန့်အသတ်မရှိ စစ်အုပ်ချုပ်ရေးဖြင့် တိုင်းပြည်အားအုပ်ချုပ်ရန် ခွင့်ပြုထားသည်။

၇။ တပ်မတော်အရေးအား မည်သူမျှဝင်ရောက်စွက်ဖက်ခွင့်မရှိပေ။

၈။ ပုဒ်မ (၂၀) အရ တပ်မတော်ရေးရာကိစ္စများနှင့်ပတ်သက်သမျှအားလုံးကို တပ်မတော်ကသာလုပ်ဆောင်သွားရန် လမ်းညွှန်ထားပေးသည်။

၉။ အခန်း (၄) ပုဒ်မ (၇၄) ၊ (၁၀၉)၊ (၁၄၁)၊ (၁၆၁) တို့နှင့်အညီ ပြည်ထောင်စုလွှတ်တော်နှင့် ဥပဒေပြုကဏ္ဍ အဆင့်အသီးသီးတွင် တပ်မတော်သား (၂၅) ရာခိုင်နှုန်း ပါဝင်နေခြင်း။

၁၀။ ပုဒ်မ (၁၁၅) နှင့် (၁၄၇) (ခ) များအရ ကာကွယ်ရေးနှင့်လုံခြုံရေးဆိုင်ရာကိစ္စများ၊ တပ်မတော်ရေးရာနှင့်ပတ်သက်လျှင် တပ်မတော်သားများကသာ လုပ်ပိုင်ခွင့်ရှိခြင်း။

၁၁။ ပုဒ်မ (၁၂၁) (ည) အရ တပ်မတော်အား အခွင့်ထူးခံပေးထားခြင်း။

၁၂။ ပုဒ်မ (၂၀၁) အရ ကာကွယ်ရေးနှင့်လုံခြုံရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာတို့တွင်လည်းကောင်း တပ်မတော်သားများကို အဓိကထားခြင်း။

၁၃။ ပုဒ်မ (၂၆၂) အရ တိုင်း (သို့) ပြည်နယ်ကာကွယ်ရေးနှင့် နယ်စပ်ရေးရာကိစ္စများအတွက် ကာကွယ်ရေးဦးစီးဌာနချုပ်မှ တိုက်ရိုက်ကိုင်ထားခြင်း။

၁၄။ တပ်မတော်သားကိုယ်စားလှယ်များ ရာထူးမှနုတ်ထွက်ခြင်း၊ ရပ်စဲခြင်း၊ ခန့်အပ်ခြင်းကိစ္စတိုင်းတွင် တပ်မတော်မှလုပ်ပိုင်ခွင့်ရှိခြင်း။

စာမျက်နှာ (၉) ကော်လံ (၄) သို့ ....

# စာပေစိစစ်ရေး၏ မူဝါဒပြောင်းလဲခြင်းဆိုသည်မှာ စစ်အုပ်စုအကျိုးအမြတ်အတွက်သာဖြစ်နိုင်



စာပေဖက်ဆစ်ကင်ပေတိုင်ရုံးဟု နာမည်ကြီးနေသည့် မြန်မာနိုင်ငံစာပေစိစစ်ရေး၏မူဝါဒသဘောထားများ ပျော့ပြောင်းသွားပြီလားဟူသည့် ဒွိဟစိတ်များ ပြည်တွင်းပြည်ပရှိ လေ့လာသူတို့အကြားတွင် ပေါ်ပေါက်လျက်ရှိကြောင်း သိရသည်။

မကြာသေးမီက ထုတ်ဝေခဲ့သည့် လျှက်တပြက်ဂျာနယ်တွင် စာပေစိစစ်ရေးမူဝါဒပြောင်းလဲပြီး 'ယခင်ကန့်သတ်ထားသည့် အမည်များ ဖော်ပြခွင့်ပြု' ဟူသည့် သတင်းဆောင်းပါးအား ဖော်ပြထားပြီး ကွယ်လွန်သူ ကဗျာဆရာကြီး ဦးတင်မိုး၏ဆောင်းပါး၊ ကွယ်လွန်သူ မင်းသားကြီး ဦးထွန်းဝေတို့ ဓာတ်ပုံများကို ပြည်တွင်းထုတ် ဂျာနယ်စာစောင်တို့တွင် ဖော်ပြထားသည်။

ထို့ပြင် Washington Post သတင်းစာတွင်ပါရှိသည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး ဦးသန့်၏မြေးဖြစ်သူ ဦးသန့်မြင့်ဦး၏ဆောင်းပါးကို ကောက်နုတ်ဘာသာပြန်ထားသည့် ဆောင်းပါးအား The Voice Weekly ဂျာနယ်တွင် ဖော်ပြခဲ့သည်။ ဒေသခံစာဖတ်ပရိတ်သတ်များမှာလည်း ယခုကဲ့သို့ မြန်မာနိုင်ငံသားတဦးရေးသားထားပြီး နာမည်ကြီး နိုင်ငံခြားသတင်းစာစောင်ကြီးတခုတွင် ဖော်ပြထားသည့်ဆောင်းပါးအား ပြည်တွင်းထုတ် ဂျာနယ်တစောင်တွင်ဖော်ပြခြင်းမျိုး ယခင်ကတွေ့မြင်ခဲ့ဘူးခြင်းမရှိဟုဆိုသည်။ ဦးသန့်မြင့်အောင်ရေးသားထားသည့် ဆောင်းပါးကောက်နုတ်ချက်အဓိပ္ပါယ်မှာ အမေရိကန်နှင့် ဥရောပနိုင်ငံများအနေဖြင့် မြန်မာစစ်အစိုးရအပေါ် စီးပွားရေးပိတ်ဆို့အရေးယူခြင်းသည် အောင်မြင်ရန်မရှိဟူသည့် အဓိပ္ပါယ်ဖြစ်ပြီး စီးပွားရေးပိတ်ဆို့မှု ရုပ်သိမ်းရေးအကြောင်းဖြစ်သည်ဟု သိရသည်။

The Voice Weekly ဂျာနယ် အယ်ဒီတာချုပ်မှာ ဦးနေဝင်းမောင်ဖြစ်ပြီး စစ်အစိုးရနှင့် နီးစပ်သူတဦးဖြစ်သည့်အတွက် ယခုကဲ့သို့ စာပေစိစစ်ရေးက ခွင့်ပြုခဲ့ခြင်းဖြစ်နိုင်ကြောင်းကိုလည်း ဝေဖန်သူတချို့အဆိုအရ သိရသည်။

မြန်မာစစ်အစိုးရအား စီးပွားရေးပိတ်ဆို့အရေးယူမှုအား ဆန့်ကျင်သည့်ဆောင်းပါးအား ထည့်သွင်းဖော်ပြခဲ့ခြင်းအပေါ် ဂျာနယ်၏ အယ်ဒီတာချုပ်ဖြစ်သူ ဦးနေဝင်းမောင်အား ရန်ကုန်ရှိ စာနယ်ဇင်းအသိုင်းအဝိုင်းမှ ဝေဖန်ပြောဆိုလျက် ရှိနေကြောင်းလည်း သိရသည်။

ထို့ပြင် အဆိုပါဂျာနယ်တွင် ယခုလအတွင်းက မြန်မာနိုင်ငံသို့ လာသွားသည့် အမေရိကန် အထက်လွှတ်တော်အမတ်နှင့် The New York Times သတင်းစာပါဆောင်းပါးအား ဘာသာပြန်ဖော်ပြထားကြောင်းလည်း သိရသည်။

အမေရိကန် အထက်လွှတ်တော်အမတ်ဖြစ်သူဂျင်ဝက်ဘ်သည် မြန်မာနိုင်ငံအား စီးပွားရေးပိတ်ဆို့အရေးယူမှုအပေါ် ကန့်ကွက်ပြောဆိုနေခဲ့သူဖြစ်ပြီး မြန်မာနိုင်ငံခရီးစဉ်တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၊ နအဖစစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေတို့နှင့် တွေ့ဆုံခွင့်ရရှိခဲ့ပြီး စစ်အုပ်စုနှင့် သင့်တင့်သူဖြစ်ကြောင်းလည်းသိရသည်။

မစ္စတာဂျင်ဝက်ဘ် မြန်မာပြည်မှ ပြန်သွားခဲ့ပြီးနောက်တွင် အစိုးရပိုင်သတင်းစာများတွင် မစ္စတာဂျင်ဝက်ဘ်အား ချီးကျူးရေးသားသည့်ဆောင်းပါးများ ဖော်ပြခဲ့ပြီး The Voice ဂျာနယ်၏ အယ်ဒီတာ့အာဘော်တွင်လည်း နိုင်ငံရေးသမားဆိုသည်မှာ မစ္စတာဂျင်ဝက်ဘ်ကဲ့သို့ လူကြီးလူကောင်းဆန်သည့် ပုဂ္ဂိုလ်များသာဖြစ်သင့်ကြောင်း ရေးသားထားသည်ဟု သိရသည်။

မြန်မာသတင်းဂျာနယ်လောကတွင် The Voice ဂျာနယ် Eleven ဂျာနယ်များမှာ အခွင့်အရေးရရှိသည့် ဂျာနယ်များအဖြစ်မြင်ကြောင်းကိုလည်း ရန်ကုန်အခြေစိုက်သတင်းဂျာနယ် အယ်ဒီတာတဦးက ပြောဆိုခဲ့သည်။ ထို့ပြင် The Voice ဂျာနယ်တွင် ဦးသန်းမြင့်ဦး ဆောင်းပါး၊ မစ္စတာဂျင်ဝက်ဘ်၏ ဆောင်းပါးများဖော်ပြခွင့်ရရှိခြင်းနှင့် ပတ်သက်၍လည်း အယ်ဒီတာတဦးက စစ်အုပ်စုအနေဖြင့် ၎င်းတို့လိုချင်သည့်လိုင်းအတွင်းတွင်ဖြစ်ပါက The Voice တွင်မဟုတ်ပဲ အခြားသောဂျာနယ်များကိုလည်း ဖော်ပြခွင့်ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

စာပေစိစစ်ရေး၏ မူဝါဒပျော့ပြောင်းလာသည်ဆိုသည်မှာမဖြစ်နိုင်။ မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂလိကမီဒီယာများအား အသုံးချနေခြင်းသာဖြစ်ပြီး၊ စစ်အစိုးရအနေဖြင့်လည်း ၂၀၁၀ ရွေးကောက်ပွဲနီးကပ်လာပြီဖြစ်သည့်အတွက် မူဝါဒပြောင်းလဲသည့်ပုံစံ။ ပျော့ပြောင်းလာသည့်ပုံစံကို ဖော်ဆောင်နေခြင်းသာ ဖြစ်နိုင်ကြောင်းလည်း ပြောဆိုခဲ့သည်။

စစ်အုပ်စု ထိန်းချုပ်ထားသည့်စာပေစိစစ်ရေး၏ ဖြတ်တောက်အရေးယူမှုကြားမှ ပုဂ္ဂလိကပိုင် အပတ်စဉ်နှင့် လစဉ်ထုတ်ဂျာနယ်စာစောင်စုစုပေါင်းမှာ ၂၀၀ ကျော်ရှိကြောင်းလည်းသိရသည်။

မြန်မာနိုင်ငံစာပေစိစစ်ရေးနှင့် မှတ်ပုံတင်ဌာနသည် ယခင်က ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင်ရှိသော်လည်း ယခုအခါ ပြန်ကြားရေးဝန်ကြီးဌာနလက်အောက်သို့ ရောက်ရှိနေပြီဖြစ်သည်။

# ဂျမဏီ
# နအဖရဲ့ ဂိုးလ်မော်ဒယ်လ်နဲ့ ၂၀၁၀

နအဖဟာ မြန်မာနိုင်ငံမှာ ထာဝရစစ်အာဏာရှင်စနစ်ထူထောင်ဖို့ ကြိုးစားနေရာမှာ "နယ်စည်းမခြား အာဏာရှင်များ"ဆိုတဲ့ ကမ္ဘာ့လက်ဝဲလက်ျာ အာဏာရှင်ပေါင်းစုထံက နည်းယူစရာ၊ အတုယူစရာတွေကို တောက်လျှောက်ရှာဖွေခဲ့ပါတယ်။ တနည်းပြောရရင် မြန်မာပြည်စစ်အာဏာရှင်စနစ်အတွက် စံပြုနမူနာ Role model တွေကို ရှာဖွေတာ။ အဲဒီစံပြုနမူနာကိုကြည့်ပြီး ၂၀၁၀ ရွေးကောက်ပွဲဇာတ်ကွက်ကိုချဖို့ လုပ်နေတာဖြစ်ပါတယ်။

အားလုံးသိကြတဲ့အတိုင်း နဝတ–နအဖဟာ အစောပိုင်းနှစ်ကာလများမှာ စစ်အာဏာရှင်ဆူဟာတိုရဲ့ အင်ဒိုနီးရှားနိုင်ငံကို စံပြုနမူနာအဖြစ် မော့ကြည့်ခဲ့ဖူးပါတယ်။ ဒါကြောင့်လည်း အဆင့်ဆင့် ဥပဒေပြုဌာနအားလုံးမှာ စစ်သတ္တဝါ (၂၅) ရာခိုင်နှုန်းပါဖို့၊ အရေးပါတဲ့အုပ်ချုပ်ရေးဌာနတွေကို စစ်သတ္တဝါတွေကိုင်ခွင့်ရဖို့ နအဖအခြေခံဥပဒေထဲ ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဒါ့အပြင် ကြံ့ဖွတ်ကိုပါတီဖွဲ့ပြီး ကျန်တဲ့ဥပဒေပြုကိုယ်စားလှယ်နေရာ၊ အုပ်ချုပ်ရေးရာထူးနေရာတွေယူဖို့လည်း ကြံစည်နေပါတယ်။

စစ်အာဏာရှင်ဆူဟာတိုလက်ထက် အင်ဒိုနီးရှားမှာ လွှတ်တော်ကိုယ်စားလှယ် (၂၀) ရာခိုင်နှုန်း (အမတ်နေရာ ၅၀၀ မှာ ၁၀၀) ကို စစ်တပ်ကယူထားပါတယ်။ ကျန်တဲ့နေရာတွေကိုလည်း စစ်တပ်လက်ကိုင်ဒုတ်ပါတီဖြစ်တဲ့ ဂိုလ်ကာပါတီက အများစုယူပါတယ်။ ဂိုလ်ကာပါတီကို ဆူဟာတို အာဏာမသိမ်းခင် တနှစ်အလိုကတည်းက ကွန်မြူနစ်ပါတီကို တန်ပြန်ဖို့အတွက် စစ်အရာရှိကြီးတွေ ကျောထောက်နောက်ခံနဲ့ အဲန်ဂျီအို (၉၇) ဖွဲ့ကို စုပေါင်းဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ဆူဟာတိုလက်ထက်မှာတော့ အဖွဲ့ပေါင်း (၂၂၀) အထိရှိလာပြီး စစ်တပ်က အတိအလင်းချုပ်ကိုင်လာပါတယ်။ ဆူဟာတိုဟာ ဂိုလ်ကာအပြင် အင်ဒိုနီးရှားဒီမိုကရက်တစ်ပါတီနဲ့ ညီညွတ်သော ဖွံ့ဖြိုးတိုးတက်ရေးပါတီဆိုတဲ့ တခြားပါတီလေးနှစ်ခုကိုလည်း ဖွဲ့ခွင့်ပေးထားခဲ့ပါတယ်။ ဒါကြောင့် (၃) ပါတီစနစ်လို့ ပြောရမှာဖြစ်ပါတယ်။ ဒါပေမဲ့ အဓိကလွှမ်းမိုးတာက ဂိုလ်ကာပါတီဘဲ ဖြစ်ပါတယ်။

နအဖဟာ အင်ဒိုနီးရှားလိုဘဲ စစ်တပ်ပါတီကြီးတခုနဲ့ တခြားအင်အားနည်းပါတီလေးတွေပါဝင်တဲ့ စည်းကမ်းပြည့်ဝ ပါတီစုံဒီမိုကရေစီ တည်ထောင်ချင်ပါတယ်။ ဒါပေမဲ့ နအဖရဲ့ စံပြုနမူနာ အင်ဒိုနီးရှားနိုင်ငံမှာ ဘယ်လောက်ဘဲ စစ်တပ်ကထိန်းထားပေမဲ့ ၁၉၉၈ တော်လှန်ရေးကြောင့် စစ်အာဏာရှင်စနစ် နိဂုံးချုပ်သွားခဲ့တဲ့အတွက် နောက်ထပ်မိုဒယ်လ် ထပ်ရှာရပြန်ပါတယ်။

ဗမာပြည်စစ်အာဏာရှင် အဖေကြီးနေဝင်းက ရာထူးကဆင်းခါနီးမှာ တစ်ပါတီကြိုက်သလား။ နှစ်ပါတီကြိုက်သလား။ ပါတီစုံကြိုက်သလား မေးခဲ့ပါသေးတယ်။ အဲဒီစဉ်းစားချက်အတွက် နအဖရဲ့ စံပြုနမူနာဖြစ်နိုင်စရာရှိတဲ့ (ဂမ်ဖလားရဲ့ ဇာတိမြေ) နိုင်ဂျီးရီးယားနိုင်ငံမှာ စစ်အာဏာရှင်တွေက နိုင်ငံရေးပါတီတွေကို အတင်းဆွဲစုပြီး (၂) ပါတီစနစ် ကျင့်သုံးခိုင်းခဲ့ဖူးပါတယ်။

နိုင်ဂျီးရီးယားနိုင်ငံမှာ စစ်တပ်အာဏာသိမ်းပွဲတွေ ခဏခဏဖြစ်ခဲ့ပြီး စစ်အာဏာရှင်စနစ်အမျိုးမျိုး စိုးမိုးခဲ့ပါတယ်။ ၁၉၉၀ ခုနှစ်များမှာ စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးဘာဘန်ဂီဒါက ဒီမိုကရေစီရွေးကောက်ပွဲလုပ်ပေးမယ်ပြောပြီး နှစ်ပါတီစနစ် ကျင့်သုံးစေခဲ့ပါတယ်။ နဂိုကရှိတဲ့ပါတီအားလုံး ဆိုရှယ်ဒီမိုကရက်ပါတီထဲဝင်ရင်ဝင်၊ ဒါမှမဟုတ် အမျိုးသားရီပတ်ဘလစ်ကန်အဖွဲ့ချုပ်ထဲဝင် ဆိုပြီး အတင်းအကြပ် ပူးပေါင်းခိုင်းခဲ့ပါတယ်။ နှစ်ပါတီစလုံးကို စစ်တပ်ကထူထောင်ထားတာဖြစ်ပြီး တခုကို လက်ဝဲပါတီ၊ နောက်တခုကို လက်ျာပါတီအဖြစ် ဖွဲ့စည်းခိုင်းထားတာဖြစ်ပါတယ်။ ၁၉၉၂ လွှတ်တော်ရွေးကောက်ပွဲနဲ့ ၁၉၉၃ သမတရွေးကောက်ပွဲမှာ ဒီနှစ်ပါတီဘဲ ပြိုင်ခွင့်ပေးခဲ့ပါတယ်။ ဒါပေမဲ့လည်း သမတအရွေးခံရသူ အာဘီယိုလာကို စစ်အာဏာရှင် ဘာဘန်ဂီဒါနဲ့ ဆန်နီအဘာချာတို့က အာဏာလွှဲမပေးဘဲ ထောင်ထဲထည့်ခဲ့ပါတယ်။

၁၉၉၈ ရွေးကောက်ပွဲကျတော့ စစ်အာဏာရှင် ဆန်နီအဘာချာက စစ်အစိုးရနဲ့နီးစပ်တဲ့ ပါတီ (၈) ခုကိုဘဲ ယှဉ်ပြိုင်ခွင့်ပေးခဲ့ပြီး တကယ့်အတိုက်အခံပါတီတွေကိုတော့ ယှဉ်ပြိုင်ခွင့်မပေးခဲ့တဲ့အတွက် ရွေးကောက်ပွဲသပိတ်မှောက်တာဖြစ်ခဲ့ပြီးနောက်မဲပေးသူ အင်မတန့်ကို နည်းလှတာကြောင့် ရွေးကောက်ပွဲရလဒ်ကို ဖျက်သိမ်းလိုက်ရပါတယ်။ အဘာချာသေပြီးနောက် ကျင်းပတဲ့ ၁၉၉၉ ရွေးကောက်ပွဲတွေမှာလည်း စစ်တပ်နဲ့နီးစပ်တဲ့ (၃) ပါတီဘဲ ယှဉ်ပြိုင်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ သမတရွေးကောက်ပွဲမှာတော့ လူထုက တစုံတရာထောက်ခံမှုရှိတဲ့ (တချိန်က အာဏာသိမ်းစစ်ခေါင်းဆောင်ဖြစ်ဖူးတဲ့) ဗိုလ်ချုပ်ကြီးဟောင်း အိုဘာဆန်ဂျို သမတအရွေးခံခဲ့ရပြီး ဒီမိုကရေစီလမ်းစပေါ်လာခဲ့ပါတယ်။ ဒီကနေ့မှာတော့ နိုင်ဂျီးရီးယားနိုင်ငံဟာ ချို့ယွင်းချက်တွေရှိနေပေမဲ့ စစ်အာဏာရှင်လမ်းပေါ်မှာမရှိတော့ဘဲ ဒီမိုကရေစီလမ်းကြောင်းပေါ်ကိုတော့ ရောက်နေပါပြီ။

ဒါ့အပြင် နိုင်ဂျီးရီးယားနိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုပေါင်း (၂၅၀) ရှိပြီး ဘာသာစကားပေါင်း (၅၁၀) ကို ပြောဆိုသုံးစွဲနေပါတယ်။ လွတ်လပ်ရေးရခါစ ၁၉၆၀ ခုတုန်းက ပြည်နယ် (၃) ပြည်နယ်ဘဲ ရှိခဲ့ရာက ၁၉၆၃ ခုမှာ ဖက်ဒရယ်သမတနိုင်ငံအဖြစ် ဖွဲ့စည်းထူထောင်ခဲ့ပြီး အခုအခါ ပြည်နယ် (၃၆) ပြည်နယ်ကို တန်းတူအခွင့်အရေးအပြည့်ပေးထားပါတယ်။ ခွဲထွက်ခွင့်မရှိပေမဲ့ ပြည်နယ်အားလုံး အထက်လွှတ်တော်မှာ ကိုယ်စားလှယ်အရေအတွက် တန်းတူစေလွှတ်နိုင်ပါတယ်။ လက်ရှိ နိုင်ဂျီးရီးယားအခြေခံဥပဒေမှာ စစ်တပ်ကို ရွေးကောက်ခံသမတနဲ့ လွှတ်တော်လက်အောက်မှာ ထားပါတယ်။

နအဖဟာ ဖြစ်နိုင်ရင် နိုင်ဂျီးရီးယားလိုဘဲ ကြံ့ဖွတ်နဲ့တစည နှစ်ပါတီဘဲရှိမယ့် ပါတီစုံဒီမိုကရေစီစနစ်ကိုလည်း တည်ဆောက်ချင်နေပါတယ်။ တခြားပါတီတွေအားလုံး ဒီပါတီ (၂) ခုထဲ ဝင်လုပ်။ ရွေးကောက်ပွဲမှာပြိုင်ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဒါပေမဲ့ နိုင်ဂျီးရီးယားမှာ နှစ်ပါတီစနစ်နဲ့ စစ်အာဏာထိန်းထားရေး အလုပ်မဖြစ်ခဲ့တာကိုတွေ့ရလို့ အဲသလိုလုပ်ရမှာကို မဝံ့မရဲဖြစ်နေဟန်လည်းရှိပါတယ်။

ဒီလိုနဲ့ ကမ္ဘာပေါ်မှာ အခိုင်မာဆုံးအာဏာရှင်စနစ်ဖြစ်နေတဲ့ မြောက်ကိုးရီးယားကိုဘဲ စံပြုနမူနာအဖြစ် အားကျနေနိုင်ပါတယ်။ ၁၉၄၅ ခုကတည်းကစပြီး အခုထိ (၆၄) နှစ်ကြာအောင် အာဏာရှင်စနစ် တောက်လျှောက်ကျင့်သုံးခဲ့တဲ့ မြောက်ကိုးရီးယားဟာ တခြားအာဏာရှင်စနစ်တွေထက်သာတာက မျိုးရိုးစဉ်ဆက် အာဏာရှင်မင်းဆက်ကိုပါ ထိန်းသိမ်းနိုင်ခဲ့တာဖြစ်ပါတယ်။ အဖေအာဏာရှင်ကင်အီဆွန်း ကွယ်လွန်တဲ့အခါ သားအာဏာရှင် ကင်ဂျုံအီးတက်လာခဲ့သလို ကင်ဂျုံအီးကွယ်လွန်ရင်လည်း သားကင်ဂျုံအွန်းတက်ဖို့စီစဉ်ထားတဲ့အတွက် အခွင့်ထူးခံလူတန်းစား အကျိုးစီးပွားတင်မကဘဲ ထိပ်ဆုံးကမိသားစုရဲ့အကျိုးစီးပွားကိုပါ အာမခံချက်ရှိရှိ ထိန်းသိမ်းနိုင်တဲ့အတွက် စစ်မင်းဆက်သာမက ရွှေကြိုင်မင်းဆက်ကိုပါ ထိန်းသိမ်းချင်နေတဲ့ နအဖထိပ်သီးကြီးသန်းရွှေအဖို့ အားကျအတုယူစရာဖြစ်နေပါတယ်။

စာမျက်နှာ (၉) ကော်လံ (၁) သို့...




"နအဖဟာ အင်ဒိုနီးရှားလိုဘဲ စစ်တပ်ပါတီကြီးတခုနဲ့ တခြားအင်အားနည်းပါတီလေးတွေပါဝင်တဲ့စည်းကမ်းပြည့်ဝ ပါတီစုံဒီမိုကရေစီတည်ထောင်ချင်ပါတယ်။ ဒါပေမဲ့ နအဖရဲ့စံပြုနမူနာ အင်ဒိုနီးရှားနိုင်ငံမှာ ဘယ်လောက်ဘဲ စစ်တပ်ကထိန်းထားပေမဲ့ ၁၉၉၈ တော်လှန်ရေးကြောင့် စစ်အာဏာရှင်စနစ် နိဂုံးချုပ်သွားခဲ့တဲ့အတွက် နောက်ထပ်မိုဒယ်လ်ထပ်ရှာရပြန်ပါတယ်။

# အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တဦးဖြစ်သည့် သတင်းစာဆရာကြီး ဦးဝင်းတင် ခေါ်ယူစစ်ဆေးခံရ



စက်တင်ဘာ ၁၆

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဖြစ်သူ ဦးဝင်းတင်အား ရဲအထူးသတင်းတပ်ဖွဲ့က စနေနေ့မနက် (၁၀) နာရီအချိန်က လာရောက်ခေါ်ဆောင်သွားခဲ့ပြီး စစ်ဆေးမှုများပြုလုပ်ခဲ့သည်ဟုသိရသည်။

အာဏာပိုင်တို့မှ ထိန်းသိမ်းထားသူတချို့အား စစ်ဆေးမေးမြန်းရာမှ ပြည်ပရောက် နိုင်ငံရေးအဖွဲ့များနှင့် ဦးဝင်းတင်ဆက်နွယ်နေသည်ဟု ထွက်ဆိုခဲ့သည့်အတွက် ယခုကဲ့သို့ ခေါ်ယူမေးမြန်းခြင်းဖြစ်ကြောင်း သိရသည်။

မကြာသေးမီကလည်း နာမည်ကြီးဝါရှင်တန်ပို့စ် သတင်းစာတွင် ၂၀၁၀ ရွေးကောက်ပွဲဝင်ရန်တိုက်တွန်းသည့် မစ္စတာဂျင်ဝက်ဘ် အားတုန့်ပြန်ထားသည့် ဆောင်းပါးကို ဦးဝင်းတင်မှရေးသားခဲ့သော်လည်း အဆိုပါကိစ္စနှင့်ပတ်သက်၍ စုံစမ်းမေးမြန်းခြင်းမရှိခဲ့ပေ။

အဆိုပါဆောင်းပါးတွင် စစ်အုပ်စုမှ ကျင်းပမည့် ၂၀၁၀ ရွေးကောက်ပွဲနှင့်ပတ်သက်၍ ဦးဝင်းတင်မှ ဝေဖန်ထောက်ပြထားပြီး ရွေးကောက်ပွဲမှာ တရားမျှတမှုရှိလာမည်မဟုတ်ပဲ အတုအယောင်သာဖြစ်ကြောင်း ရေးသားခဲ့သည်။

ယခုအခါတွင် ဦးဝင်းတင်သည် နှလုံးသွေးကြောကျယ်သည့်ရောဂါအား ခံစားနေရသည့်အတွက် နှလုံးခုန်စက်တပ်ဆင်ထားရပြီး စစ်အုပ်စု၏ အကျဉ်းထောင်အတွင်း (၁၉) နှစ်ကျော်ကြာကြာ နေထိုင်ခဲ့ရသည့် နိုင်ငံရေးအကျဉ်းသမားဟောင်းတဦးလည်းဖြစ်သည်။

# ဒေါ်အောင်ဆန်းစုကြည်မှ အယူခံကြားနာခွင့်တင်သွင်းမှုအပေါ် အာဏာပိုင်တို့ဘက်မှ ငြင်းဆန်

စက်တင်ဘာ ၁၆

စက်တင်ဘာ (၁၈) ရက်နေ့ ရန်ကုန် တိုင်းတရားရုံးတွင် ကြားနာမည့် အယူခံကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် တက်ရောက်ကြားနာရန်ကို အာဏာပိုင်တို့ဘက်မှ ငြင်းဆိုလိုက်ကြောင်းသိရသည်။



ဒေါ်အောင်ဆန်းစုကြည်အနေဖြင့် ကိုယ်တိုင် တက်ရောက်ကြားနာခွင့်ပြုရန် တင်ပြထားသည့်အပေါ် ယခုကဲ့သို့ သတင်းတပ်ဖွဲ့က အကြောင်းပြန်ကြားခဲ့ခြင်းဖြစ်သည်။

သတင်းတပ်ဖွဲ့မှ အဆိုပါငြင်းဆိုမှုတွင် မိမိတို့နှင့်မသက်ဆိုင်ပါဟုဆိုသော်လည်း ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေတဦးဖြစ်သည့် ဦးညဏ်ဝင်းမှ "သတင်းတပ်ဖွဲ့က သူတို့နဲ့မဆိုင်ဘူး။ တရားရုံးနဲ့သာဆိုင်တယ်လို့ပြောတယ်။ ဒါဟာ မမှန်ဘူးလို့ထင်ပါတယ်။ တရားရုံးက ဘယ်သူတက်ပါ။ ဘယ်သူမတက်ပါနဲ့လို့ ပိတ်ထားတာမှ မရှိဘဲ။ ထိန်းသိမ်းခံထားရတဲ့ ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းတဲ့နေရာမှာကြီးကြပ်တဲ့ သတင်းတပ်ဖွဲ့အနေနဲ့သာ ရုံးကိုရောက်အောင်ပို့ပေးနိုင်တယ်လို့ ကျနော်တို့ ဒီလိုပဲနားလည်ပါတယ်" ဟု ပြောဆိုခဲ့သည်။

တရားရုံးအယူခံကြားနာရာတွင် လျှောက်လဲသူမပါပဲ ကြားနာခွင့်ရှိသော်လည်း ကြားနာခွင့်ရရှိရေးမှာ ကာယကံရှင်၏ဆန္ဒဖြစ်ကြောင်း၊ သို့သော်လည်း သက်ဆိုင်ရာတာဝန်ရှိသူတို့က ယခုကဲ့သို့ ငြင်းပယ်ခဲ့သည့်အတွက် ထပ်မံတင်ပြတောင်းဆိုရန်မှာမူ မဖြစ်နိုင်တော့ကြောင်း ဦးညဏ်ဝင်းကဆက်လက်ပြောဆိုခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ပြီးခဲ့သည့် ဩဂုတ်လ (၁၁) ရက်နေ့က ရန်ကုန်တိုင်းတရားရုံးမှ နေအိမ်အကျယ်ချုပ် (၁) နှစ်ခွဲချမှတ်ခဲ့သည့်အပေါ်တွင် ယခုကဲ့သို့ အယူခံတင်ခြင်းဖြစ်သည်။ အဆိုပါအမှုမှာ မေလအတွင်းက ယင်း၏နေအိမ်သို့ အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်ထောမှ တိတ်တဆိတ်ဝင်ရောက်ခဲ့မှုအပေါ် တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

**မျက်နှာဖုံး မြန်မာ့အရေး ကုလထည့်သွင်းဆွေးနွေးသတင်းမှ ...**

ပြီး မြန်မာနိုင်ငံနှင့် သင့်တင့်သည့်နိုင်ငံများလည်း ပါဝင်တက်ရောက်မည်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဆွေးနွေးရန်စီစဉ်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

အမေရိကန်ရှိ မြန်မာသံတမန်အသိုင်းအဝိုင်းအဆိုအရ ဗိုလ်ချုပ်ကြီးသိန်းစိန်အနေဖြင့် အဆိုပါညီလာခံတွင် စစ်အစိုးရ၏ ၂၀၁၀ ရွေးကောက်ပွဲနှင့် ဒီမိုကရေစီဖော်ဆောင်ရေးလုပ်ငန်းများ ကို အဓိကထားဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင်တဦးဖြစ်သူ ဦးဝင်းတင်ကလည်း ဗိုလ်ချုပ်ကြီးသိန်းစိန်၏ အမေရိကန်ခရီးစဉ်သည် ရွေးကောက်ပွဲအတွက် အဓိကဆွေးနွေးရန်သာဖြစ်နိုင်ကြောင်း ပြောဆိုခဲ့သည်။

စစ်အစိုးရအနေဖြင့် အဆိုပါခရီးစဉ်တွင် အမေရိကန်နှင့် ဆက်ဆံရေးပြေလည်စေရန်အတွက် ခရီးသွားဟန်လွှဲကြိုးစားနိုင်သလို ရွေးကောက်ပွဲကိစ္စနှင့်ပတ်သက်၍လည်း ကမ္ဘာ့နိုင်ငံများသို့ ရှင်းပြကောင်း ရှင်းပြလိမ့်မည်ဖြစ်ပြီး၊ ရွေးကောက်ပွဲဖြစ်ပါမှ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေအနေဖြင့် အတည်ဖြစ်လိမ့်မည်ဖြစ်ကြောင်း ဦးဝင်းတင်က ပြောဆိုခဲ့သည်။

ယခင်က နိုင်ငံခြားရေးဝန်ကြီးသာ တက်ရောက်လေ့ရှိသည့် အဆိုပါအစည်းအဝေးသို့ ဝန်ကြီးချုပ်ကိုယ်တိုင်တက်ရောက်ခြင်းမှာ ထူးခြားမှုရှိသော်လည်း အမေရိကန်အစိုးရအနေဖြင့် မြန်မာစစ်ခေါင်းဆောင်များအား ပြည်ဝင်ခွင့်ပိတ်ပင်ထားမှုများအပါအဝင် အရေးယူဆောင်ရွက်မှုများကို လျှော့ပေါ့ပေးခြင်းမရှိပါက ဝန်ကြီးချုပ်သိန်းစိန်အနေဖြင့် ကုလသမဂ္ဂရုံးတည်ရှိရာနယူးယောက်မြို့နှင့် (၂၅) မိုင်ပတ်လည်အတွင်းသာ သွားလာနေထိုင်ခွင့်ရှိမည်ဖြစ်ကြောင်းလည်းသိရသည်။

အမေရိကန်အစိုးရအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် မူဝါဒသဘောထားများကို ပြန်လည်သုံးသပ်မည်ဆိုပါက သံတမန်ရေး၊ ကူညီထောက်ပံ့ရေး၊ ဒဏ်ခတ်ပိတ်ဆို့တားမြစ်အရေးယူမှုများနှင့်ပတ်သက်၍ ပိုမိုထိရောက်သည့် မူဝါဒမျိုးကိုသာ ဖော်ဆောင်သင့်ကြောင်း လူ့အခွင့်အရေးလေ့လာစောင့်ကြည့်ရေးအဖွဲ့ (HRW) မှ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်ထံသို့ စာရေးသားပေးပို့တောင်းဆိုထားကြောင်းလည်း သိရသည်။ + + +

# အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ရှိသူ



## ရဲဘော်စိုးလွင် (သို့မဟုတ်) အဘ ဦးစိုးလွင်

... ၁၉၁၉ –၂၀၀၉ ...

မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦး (MDUF) ၏ နာယကကြီးဖြစ်သူ အဘ ဦးစိုးလွင်သည် ၁၀၊ ၈၊ ၂၀၀၉ ရက် တနင်္လနွေနေ့က လူကြီးရောဂါဖြင့် ထိုင်း–မြန်မာနယ်စပ်တနေရာရှိ မိသားစုနေအိမ်တွင် ကွယ်လွန်ခဲ့သည်။ ကွယ်လွန်ချိန်တွင် အဘ ဦးစိုးလွင်သည် အသက် (၉၁) နှစ်ရှိပြီဖြစ်သည်။

**ကိုယ်ရေးအကျဉ်း ...**

– ဇွန်လ (၂၁) ရက်၊ ၁၉၁၉ ရက်နေ့တွင် အဖ ဦးထွန်းစိန်၊ အမိ ဒေါ်သိန်းတင်တို့မှ ပဲခူးမြို့တွင် ဖွားမြင်ခဲ့သည်။

– မူလတန်းပညာကို ပဲခူးမြို့တွင်သင်ကြားခဲ့ပြီး အထက်တန်းနှင့် တက္ကသိုလ်တတိယနှစ်အထိအား ရန်ကုန်မြို့တွင်သင်ကြားခဲ့သည်။ ကျောင်းသားသပိတ်တွင်ပါဝင်ခဲ့မှုကြောင့် ကျောင်း (၂) နှစ် ထုတ်ပယ်ခြင်းခံခဲ့ရသည်။ ကျောင်းထုတ်ပယ်ခြင်းခံခဲ့ရပြီးနောက် မန္တလေးအင်တာမီဒီရိတ်ကောလိပ်တွင် ပညာသင်ကြားခွင့်ရခဲ့သည်။

**တော်လှန်ရေးအတွင်းပါဝင်တာဝန်ထမ်းဆောင်ခဲ့မှု ...**

– ၁၉၃၈ ခုနှစ်တွင် ၁၃၀၀ ပြည့်အရေးတော်ပုံကြီးတွင်ပါဝင်ခဲ့။ အာရှလူငယ် အစည်းအရုံးအဖွဲ့ဝင်အဖြစ် မန္တလေးတိုင်းတွင် တာဝန်ယူခဲ့သည်။

– ၁၉၄၃ ခုနှစ် နယ်ချဲ့တော်လှန်ရေးအတွင်း ဗိုလ်အာဇာဝကနှင့်အတူ လက်တွဲကာ ဗိုလ်ကြီးအဆင့် တာဝန်ထမ်းဆောင်ခဲ့။

– ၁၉၄၅ ခုနှစ် ဂျပန်တော်လှန်ရေးအတွင်း အထက်မြန်မာပြည်၌ ဗိုလ်မှူးကြီးဗထူးတို့နှင့်အတူ ဗိုလ်မှူးလေးအဆင့် တာဝန်ထမ်းဆောင်ခဲ့။

– ၁၉၄၇ ခုနှစ်တွင် ဗမာ့တပ်မတော်ဖွဲ့စည်းရာတွင် ဒုဗိုလ်အဆင့်ဖြင့် တပ်ရင်း (၅) တွင် တာဝန်ကျခဲ့။ ဗမာပြည်ကွန်မြူနစ်ပါတီဝင်ဖြစ်ခဲ့။

– ၁၉၄၉ ခုနှစ် ဗိုလ်အဆင့် ခွဲမှူးတာဝန်ဖြင့်တောခိုခဲ့ကာ တော်လှန်ရေးနယ်မြေသို့ရောက်ရှိခဲ့။

– ၁၉၅၁ ခုနှစ်တွင် ဒုဗိုလ်မှူးကြီးတာဝန်ဖြင့် ဗမာပြည်ကွန်မြူနစ်ပါတီတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး တပ်မဟာ (၇) မှူးတာဝန်ဖြင့် တနင်္သာရီတိုင်း၊ ထားဝယ်ခရိုင်တွင် တာဝန်ထမ်းဆောင်ခဲ့။

– ၁၉၅၃ ခုနှစ် မြိတ်ခရိုင်တိုးချဲ့ရာတွင် ခရိုင်ကော်မတီဝင်နှင့် ခရိုင်တပ်မှူးဖြစ်ခဲ့ကာ ၁၉၅၆ တွင် မြိတ်ခရိုင် အတွင်းရေးမှူးဘဝတွင် ဖဆပလအစိုးရ၏ ဆုငွေထုတ်ခြင်းခံခဲ့ရ။

– ၁၉၈၅ ခုနှစ် ဗမာပြည်ကွန်မြူနစ်ပါတီ၏ တတိယအကြိမ်ကွန်ဂရက်တွင် ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံခဲ့ရပြီး ၁၉၉၅ ခုနှစ်တွင် မြိတ်–ထားဝယ်ညီညွတ်ရေးတပ်ဦး (MDUF) တွင် ဒုဥက္ကဋ္ဌတာဝန်ယူခဲ့သည်။

– ၂၀၀၅ ခုနှစ်တွင် ကျန်းမာရေးအခြေအနေအရ MDUF ဒုဥက္ကဋ္ဌတာဝန်မှ အနားယူခဲ့ပြီး နာယကအဖြစ် တာဝန်ယူခဲ့သည်။

**ကြော်ငြာများ လက်ခံဆောင်ရွက်ပေးနေပါပြီ ....**

သင်တို့၏ စီးပွားရေးလုပ်ငန်းများ၊ ဝန်ဆောင်မှုလုပ်ငန်းများအား ...
မြန်မာနိုင်ငံသားများသိရှိစေရန် ကြော်ငြာလိုပါလား။
ကြော်ငြာပေးခြင်းလုပ်ငန်းကို
စျေးနှုန်းသက်သာစွာဖြင့် လက်ခံဆောင်ရွက် ပေးနေပါပြီ ...

အသေးစိတ်သိရှိလိုပါက
+ ၆၆ ၈၇ ၉၀၃ ၆၈၁၂၊ + ၆၆ ၈၂ ၈၈၇ ၃၇၆၀
သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ကျနော်က အင်္ဂလိပ်ခေတ်ထဲကမွေးတဲ့ လူဖြစ်နေတယ်။ ဆိုလိုတာက အင်္ဂလိပ်လက်အောက်မှာ လူလားမြောက်လာတာဖြစ်တယ်။ အင်္ဂလိပ်လက်အောက်မှာ ကျနော့်အသက် (၂၀–၂၁) ပဲရှိသေးတယ်။ အင်္ဂလိပ်ရဲ့ကျွန်ဘဝအောက်မှာ၊ အင်္ဂလိပ်တို့ရဲ့ နယ်ချဲ့အောက်မှာ ပညာသင်ကြားလာခဲ့တယ်။ ၁၃၀၀ ပြည့်အရေးတော်ပုံ၊ အင်္ဂလိပ်သက္ကရာဇ်အားဖြင့်တော့ ၁၉၃၈ ခုနှစ်၊ ဗမာတပြည်လုံးရဲ့ အင်္ဂလိပ်တွေ အဓိကအုပ်ချုပ်တဲ့ အတွင်းဝန်ရုံးကြီးကို ၁၃၀၀ ပြည့်နှစ်၊ သွားပြီးတော့ ဝိုင်းရံပိတ်ဆို့တဲ့နေရာမှာ ကျနော်ဟာလည်း အသက် (၂၀) မပြည့်၊ ဆယ်ကျော်သက်အရွယ် ကျောင်းသားတယောက်အနေနဲ့ ပါဝင်ခဲ့သူဖြစ်ပါတယ်။ အခုရှစ်လေးလုံးအရေးတော်ပုံကြီးဟာ ကျနော် ငယ်စဉ်က ပါဝင်ခဲ့တဲ့ ၁၃၀၀ ပြည့်အရေးတော်ပုံ အနှစ် (၅၀) မြောက်နှစ်မှာဖြစ်တဲ့ ရှစ်လေးလုံးအရေးတော်ပုံဖြစ်ပါတယ်။ ဟိုခေတ် ဟိုအခါက ၁၃၀၀ ပြည့်အရေးတော်ပုံဆိုတာထက် ယခု ရှစ်လေးလုံးအရေးတော်ပုံကြီးဟာ အင်မတန်ကြီးပါတယ်။ ကျနော် ဒီလို အသိမှတ်ပြုပါတယ်။ ဟိုခေတ် ဟိုတခါတုန်းက သူလည်း ယုဒသန်ကောလိပ်က ကိုအောင်ကျော် ကျဆုံးသွားက ဗမာပြည်ကိုသိမ်းတဲ့နေရာမှာ လူကြားကောင်းအောင် အရှေ့အာရှ သာတူညီမျှရေး၊ ကောင်းစားရေးဆိုတဲ့ကြွေးကြော်သံနဲ့ လူကြားကောင်းအောင် ဗမာပြည်ထဲရောက်လာတယ်။

ဟိုခေတ်ဟိုအခါက လူလားမြောက်တဲ့ အရွယ်ဖြစ်တော့ နိုင်ငံတကာကအခြေအနေတွေလည်း ကျနော်တို့ ငုံမိထားတာရှိတယ်။ အထူးသဖြင့် အင်္ဂလိပ်လက်အောက်မှာရှိစဉ်တုန်းက နဂါးနီစာအုပ်တိုက်အသင်းဆိုတာရှိတယ်။ အဲ့ဒီက လက်ဝဲစာပေတွေကိုဖြန့်ချိတဲ့ စာအုပ်တိုက်ဖြစ်တယ်။ အဓိက အင်္ဂလိပ်က မြန်မာပြန်ဆိုတဲ့ပုဂ္ဂိုလ်တွေကတော့ သခင်နု၊ သခင်သန်းထွန်း၊ သခင်ဗဟိန်း စသည့်ပုဂ္ဂိုလ်တွေဖြစ်ပါတယ်။ အဲ့ဒီအချိန်က လူငယ်တွေဟာ အဲ့ဒီနဂါးနီစာအုပ်တိုက်က ထုတ်ဝေတဲ့ လက်ဝဲစာပေတွေကို များများဖတ်ရှုလေ့လာတဲ့ အတွက်ကြောင့် ဟိုခေတ် ဟိုအခါက လူငယ်တွေရဲ့ခေါင်းထဲမှာ လက်ဝဲအယူအဆတွေဟာ မလွှဲမရှောင်သာ ဝင်ရောက်လာတာဖြစ်ပါတယ်။ အဲ့ဒီမှာ ကျနော်လည်းတယောက်အပါအဝင်ဖြစ်တယ်။ ဂျပန်က ဗမာပြည်ကို အင်္ဂလိပ်ကျွန်ဘဝအောက်ကနေ သူတို့ကျွန်ဘဝအောက်ကို ရောက်အောင်လုပ်တဲ့နေရာမှာ လူကြားဆန့်ကျင်ရေးဖဆပလကို စုဖွဲ့ပြီးတည်ဆောက်လာခဲ့တာဖြစ်တယ်။ အဲ့ဒီမှာ ဗိုလ်ချုပ်အောင်ဆန်းက ဥက္ကဋ္ဌ။ သခင်သန်းထွန်းက အတွင်းရေးမှူးဖြစ်တယ်။ ဂျပန်ကိုဆန့်ကျင်ရေးလုပ်တဲ့အခါမှာ အင်္ဂလိပ်မဟာမိတ်တွေနဲ့ တွဲပြီးတော့ ဂျပန်ကိုတိုက်ရတယ်။ ကျနော်ကတော့ ဗိုလ်မှူးအောင်ဦးစီးတဲ့ တိုင်း (၇) မှာ ဂျပန်ဆန့်ကျင်ရေးဆောင်ရွက်ခဲ့တယ်။ အင်္ဂလိပ်တွေက ဗမာပြည်ကိုရအောင်တိုက်တာနဲ့ ဗိုလ်ချုပ်အောင်ဆန်းဦးစီးတဲ့ မျိုးချစ်တပ်မတော်က ဂျပန်တိုက်တာနဲ့ တိုက်တာချင်းတူပေမဲ့၊ အနှစ်သာရ မတူဘူးခင်ဗျာ့။ အင်္ဂလိပ်တွေ တိုက်တာက ဗမာပြည်ကို ကျွန်ပြန်လုပ်ဖို့၊ ကိုလိုနီအဖြစ်သိမ်းသွင်းဖို့၊ ဆင်းမလားကနေပြီးတော့ စီမံကိန်းတွေရေးဆွဲပြီးတော့ အဲဒီလို စီမံကိန်းတွေနဲ့ ဗမာပြည်ကို ပြန်ပြီးတော့ကျွန်ဇာတ်သွင်းဖို့အတွက် ဂျပန်ကိုတိုက်တာ၊ ကျွန်တော်တို့ တိုက်တာက လွတ်လပ်ရေးအတွက် တိုက်တာဖြစ်တယ်။ တိုက်တာချင်းတူတယ်။ ကျနော်တို့လည်း ဂျပန်တိုက်တယ်။ သူတို့လည်း ဂျပန်ကိုတိုက်တယ်။ ဒါပေမဲ့ သူက ဗမာပြည်ကိုကျွန်လုပ်ဖို့ ကျနော်တို့ကလွှပ်လပ်ရေးရဖို့။ ဂျပန်ခေတ်မှာ ဂျပန်နိုင်သွားတယ်လို့ မပြောဘူးပေါ့။ ရေးအတွက် ဝင်ပါဆိုပြီး ကျနော်တို့ကိုလာပြီးတော့ဆွေးနွေးတယ်။ မင်းတို့တပ်ထဲကိုတယောက်ဝင်လျှင် ရိုင်ဖယ်တစ်လက်ရမယ်။ ဒါတပ်အားကိုးပြီး အခုလိုနှိမ်နင်းတာကို ကျနော်တို့ သဘောမကျဘူး။ ရခိုင်ပြည်မှာ မီးရှို့တာတွေလုပ်ခဲ့တာတွေ၊ ဗိုလ်ကျော်ဇောနာမည်ပျက်


ဦးစိုးလွင်နှင့် ဗဒိုစောဘသင်စိန်

# လက်နက်အားကိုးနှိမ်နင်းတာကို လက်နက်နဲ့ပြန်တော်လှန်တာ တရားတယ်

**အမျိုးသားသွေးစည်းညီညွတ်ရေးကွန်ဖရင့် (သုမ္ဘကလိုး) တွင် ရဲဘော်စိုးလွင်၏ တင်ပြချက်ကို ပြန်လည်ဖော်ပြပါသည်။**

လက်ဝဲလက်ယာ မခွဲဘူးဆိုတဲ့နေရာမှာ မပေါင်းချင်သလို၊ ပေါင်းချင်သလို မဖြစ်စေချင်ဘူး။ လက်ဝဲလက်ယာလက်တွဲပြီး ဘုံရန်သူ စစ်အာဏာရှင်စနစ်ကိုတိုက်ဖို့လိုတယ်။ စိတ်ရောကိုယ်ပါ လက်တွဲဖို့လိုတယ်ဆိုတာကို လေးလေးနက်နက်တင်ပြချင်တယ်။ ညီညွတ်ရေးဆိုတာမှာလည်း ကိုယ်အဖွဲ့အတွင်းမှာလည်း ညီညွတ်ရေးလိုတယ်။ ကိုယ့်အဖွဲ့နဲ့အခြားအဖွဲ့တွေမှာလည်းလိုတယ်။ အဓိကရန်သူ ဘယ်သူလည်း၊ အဓိကရန်သူဟာ သိကြတဲ့အတိုင်းပဲ နဝတ၊ နအဖဖြစ်တယ်။ အခုဒီမှာ နဝတ၊ နအဖကို ဆန့်ကျင်တဲ့ အင်အားစုတွေ မဟာမိတ်တွေ၊ မိတ်ဆွေတွေဖြစ်တယ်။ ဒါကြောင့် ဘုံရန်သူတွေကိုတိုက်ဖို့အတွက် မဟာမိတ်တွေက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ အဓိကစစ်မှန်တဲ့ သွေးစည်းညီညွတ်ရေးဖြစ်ဖို့အတွက် ပထမခြေလှမ်းဖြစ်ပတယ်။ ဒီရည်မှန်းချက်ထမြောက်အောင် အဓိကဘုံရန်သူကိုဦးတည်ပြီးတော့လုပ်ကြပါ။

တယ်။ အဲ့ဒီလို အင်္ဂလိပ်နယ်ချဲ့သမားနဲ့ ရင်ဆိုင်ပြီးတော့ လှုပ်ရှားတာထက်။ ဒီမှာကတော့ နဝတ ဗမာ၊ ဟိုမှာကတော့ အင်္ဂလိပ်ကျူးကျော်သူတွေ၊ ဇရာမမြင်းကြီးတွေကိုစီးပြီးတော့ ကျနော်တို့ကျောင်းသားတွေကို မြင်းနဲ့တိုက်၊ နံပါတ်တုတ်နဲ့ရိုက်၊ အဲဒီ အတွေ့အကြုံဖြစ်တယ်။

အဲဒါနဲ့ပဲ အင်္ဂလိပ်လက်အောက်မှာ စစ်ကြိုခေတ်ပေါ့။ ပညာသင်ကြားရင်းနဲ့ မန္တလေးအင်တာမီဒီရိတ်ကောလိပ်မှာ ပညာဆက်သင်ခွင့်ရခဲ့ပါတယ်။ ဒါပေမဲ့ ပညာကို ဆုံးခန်းတိုင်အောင် သင်ကြားခွင့်မရခဲ့ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ မမျှော်လင့်ပဲ ဒုတိယကမ္ဘာစစ်ကြီးဟာ ဗမာ့မြေပြင်ပေါ်ကို ရောက်ရှိလာတဲ့အတွက်ကြောင့် ရှေ့ဆက်ပညာသင်ကြားဖို့ရာ ရပ်ဆိုင်းထားခြင်းဖြစ်ပါတယ်။ အင်္ဂလိပ်စစ်ကြိုခေတ်မှာ ခင်ဗျားတို့သိကြတဲ့ သမတ ဒေါက်တာမောင်မောင်ဆိုတာ မန္တလေးကောလိပ်မှာ ကျောင်းနေဘက်သူငယ်ချင်းဖြစ်ပါတယ်။

ဂျပန်တွေ ဗမာပြည်ကိုဝင်ရောက်လာတဲ့အခါမှာ အင်္ဂလိပ်က နေမဝင်အင်ပါယာကြီးအုပ်ချုပ်ထားတဲ့ကမ္ဘာကြီးမှာ ခွဲဝေအုပ်ချုပ်ထားတဲ့တိုင်းပြည်တွေ၊ ကိုလိုနီတွေများတယ်။ ဂျပန်က အင်္ဂလိပ်ဆီက ပြန်လုတဲ့သဘောပါ။ ဂျာမဏီ ဟစ်တလာ နာဇီတို့၊ မူဆိုလိုနီတို့ပါတယ်။ ဗမာပြည်မှာ မဆီမဆိုင်တဲ့ ဒုတိယကမ္ဘာစစ်ကြီးမှာ စစ်မြေပြင်မှာ နှစ်ခါခံခဲ့ရတယ်။

ပထမကမ္ဘာစစ် ၁၉၁၄–၁၉၁၇ ခု အထိပဲ။ ဒါကျနော်တို့ မမွေးသေးပါဘူး။ မမှီလိုက်ပါဘူး။ ဒုတိယကမ္ဘာစစ်ကျတော့ ကျနော်တို့က လူလားမြောက်တဲ့အရွယ်ဖြစ်တော့ ဒုတိယကမ္ဘာစစ်ကြီးမှာ မလွဲမရှောင်သာဘဲ ဝင်ပြီးတော့ ပါလာခဲ့တာဖြစ်ပါတယ်။ ဒုတိယကမ္ဘာစစ်ဆိုတာက နယ်ချဲ့စစ်ပဲ။ အင်္ဂလိပ်ကိုလိုနီပိုင်တဲ့ ဗမာပြည်ကို ဂျပန်က လုယူတဲ့သဘောပဲ။ အင်္ဂလိပ်ကျွန်ဘဝအောက်က ဂျပန်ကျွန်ဘဝအောက် ကူးပြောင်းတာပဲဖြစ်တယ်။ ဂျပန်ကောင်းအောင် အရှေ့အာရှ သာတူညီမျှကောင်းစားရေးဆိုတဲ့ကြွေးကြော်သံနဲ့ ဝင်လာပေမဲ့ ဂျပန်ရဲ့ဖက်ဆစ်စနစ်ကို ကျနော်တို့ သဘောပေါက်ပါတယ်။ ကျနော်တို့ သဘောပေါက်သလို သခင်အောင်ဆန်းလည်း သဘောပေါက်တယ်။ သမိုင်းမှာ သခင်အောင်ဆန်းက ဗမာပြည်ကွန်မြူနစ်ပါတီကို စတင်ပြီးတော့ စုဖွဲ့တည်ထောင်တဲ့နေရာမှာ အတွင်းရေးမှူးဆိုပြီးတော့ သမိုင်းသုတေသီတွေရေးတာတော့ ရှိတယ်။ မှန်လိမ့်မယ်လို့ ကျနော်ထင်ပါတယ်။ သခင်အောင်ဆန်းက ဘာဖြစ်လို့ ဂျပန်နဲ့ပေါင်းလဲ။ ဂျပန်နဲ့ပေါင်းလို့ပြောတာမဟုတ်ဘူး။ အမှန်က သမိုင်းသုတေသီတွေ ပိုသိမှာပေါ့။ ကျနော်တို့သိရသလောက်တော့ တရုတ်ပြည် ကွန်မြူနစ် မော်စီတုန်းတို့ဆီကိုသွားတဲ့နေရာမှာ ဖေါ်မိုဆာမှာသောင်တင်ပြီးတော့ ဂျပန်က လက်မြန်ခြေမြန်နဲ့ ဒေါက်တာဘမော်တို့ သတင်းပေးလိုက်တဲ့အတွက်ကြောင့် ဂျပန်နဲ့စာချုပ်ချုပ်ပြီးတော့ သခင်အောင်ဆန်းတို့က လွတ်လပ်ရေးအတွက် လက်နက်ပေးတဲ့တိုင်းပြည်နဲ့ပေါင်းမယ်ဆိုပြီးတော့ မြင်ထားတယ်။ ဂျပန်ရဲ့ ဖက်ဆစ်စနစ်ကို မသိဘူးမဟုတ်ဘူး။ သိတယ်။ ကျနော်တို့သိရသလောက် ဖေါ်မိုဆာမှာထဲက ဂျပန်ကို ရဲဘော်သုံးကျိပ်က မကျေမနပ်နဲ့ ခံချချင်တဲ့စိတ်တွေ ပဋိပက္ခတွေရှိခဲ့တယ်။ ဒါပေမဲ့ သခင်အောင်ဆန်းက အချိန်အခါကြည့်ပြီးတော့ ထိန်းသိမ်းခဲ့တယ်လို့ နားလည်ခဲ့ရတယ်။ အင်္ဂလိပ်လက်အောက်မှာ စစ်ဖြစ်လာတဲ့အခါကျတော့ ဗမာပြည်မှာ စစ်တလင်းဖြစ်ခဲ့တယ်။ အင်္ဂလိပ်တွေ ဗမာပြည်ကထွက်ခွာသွားတဲ့အခါမှာလည်း မြေလှန်စနစ်သုံးပြီး လုပ်ခဲ့တယ်။ ကျနော်တို့ ဗမာပြည်ဟာ ပထမအထိနာတယ်။ ဒုတိယ ဂျပန်တွေ ဗမာပြည်ကိုရောက်လာတဲ့အခါ အင်္ဂလိပ် အမေရိကန်က ဗုံးလာကြဲပြန်တယ်။ မိအေးနှစ်ခါနာပေါ့။ စစ်မြေပြင်နှစ်ခါဖြစ်ခဲ့ရတယ်။ ဂျပန်လက်အောက်မှာ ဂျပန်ဒုတိယကမ္ဘာစစ်ပြီးသွားတော့ အင်္ဂလိပ်တွေက ဗမာပြည်ကိုပြန်သိမ်းပြီး သူတို့မှာက သူ့ကို ဆန့်ကျင်တာပဲ။ ဒါပေမဲ့ သူမျှော်လင့်သလို သခင်အောင်ဆန်းတို့ကို ဖမ်းလို့မရဘူး။ ဟိုတုန်းက ဖဆပလဆိုတဲ့အင်အားကြီးက တောင့်တင်းတယ်ဆိုတော့ ဒီလိုလုပ်လို့မရဘူး။

ဂျပန်စစ်ရှုံးတဲ့အခါမှာ ဗမာ့တပ်မတော်က လက်နက်တွေအားလုံးကိုအပ်လိုက်ရတယ်။ အမှန်တကယ် အပ်လိုက်ရတယ်။ ဒါပေမဲ့ ဗိုလ်ချုပ်အောင်ဆန်းတို့ သခင်သန်းထွန်းတို့ဦးစီးပြီး လုပ်လာတဲ့ ဂန္ဒီစာချုပ်က ဗမာ့တပ်မတော် (၃) ဖွဲ့ပေးမယ်။ တပ်သား (၅၀၀၀) ဗိုလ် (၂၅၀) စသည်တို့ဖြင့်ပေါ့။ တပ်ရင်း (၃) ရင်း ခွင့်ပြုတယ်။ လက်နက်ကိုပေးလိုက်ရပြီ။ အကုန်ပေးလိုက်ရတယ်။ အင်္ဂလိပ်နဲ့ဗိုလ်ချုပ်အောင်ဆန်းတို့ သခင်သန်းထွန်းတို့ ဂန္ဒီစာချုပ်အရ ဗမာ့တပ်မတော် (၃) ရင်းမှာ ဗားမားရိုင်ဖယ်တပ်ရင်း (၃) ရင်း၊ ဗားမားရိုင်ဖယ်တပ်ရင်း (၄) ရင်း၊ ဗားမားရိုင်ဖယ်တပ်ရင်း (၅) ရင်းဆိုပြီးတော့ တပ်ရင်း (၃) ရင်းရတယ်။ ဘားမာရိုင်ဖယ်တပ်ရင်း (၃) မှာ ရဲဘော်သုံးကျိပ်ထဲက ဗိုလ်ကျော်ဇော၊ ဘာမားရိုင်ဖယ်တပ်ရင်း (၄) မှာ ဗိုလ်နေဝင်း၊ ဗိုလ်ကျော်ဇောက ကညင်မှာ တပ်ရင်း (၃)၊ ဗိုလ်နေဝင်းကပြည်မှာ တပ်ရင်း (၄)၊ ဘားမားရိုင်ဖယ်တပ်ရင်း (၅) ပျဉ်းမနားမှာ ဗိုလ်ဇေယျ၊ ကျနော်တို့က ဗိုလ်မှူးဇေယျတပ်ရင်းမှာ၊ အဲဒါက ၁၉၄၅ ခုနှစ်က၊ ဖဆပလက တဖက်မှာ အင်္ဂလိပ်နဲ့လွတ်လပ်ရေးအတွက် အရေးဆိုနေတဲ့နေရာမှာ ခင်ဗျားတို့အားလုံးသိကြတဲ့အတိုင်း ဗိုလ်ချုပ်ကဘာပြောလဲ။ လွပ်လပ်ရေးကို ရရင်ရ၊ မရရင်ချမယ်။ သူကတော့ ခပ်ရှင်းရှင်းပဲ။ စစ်သားပီပီပဲ။ ဗိုလ်ချုပ်က လွပ်လပ်ရေးကို အသာတကြည်မရရင် ချမယ်ဆိုတော့၊ ဗမာကလက်နက်အားလုံး အပ်လိုက်ရပြီ။ ဒါပေမဲ့ ဗိုလ်ချုပ်က ဗားမားရိုင်ဖယ်တပ်ရင်း (၃)၊ (၄)၊ (၅) မှာ ကျနော်တို့ကို ဆက်လက်ပြီးလွတ်လပ်ကြောင့်ဝင်ဖို့လိုတယ်။ နောက်တခုက အင်္ဂလိပ်တပ်ရဲ့ ဒီမိုကရေစီနဲ့ ဂျပန်တပ်ရဲ့ ဒီမိုကရေစီက မတူခြားနားပုံတွေကို ကျနော်တို့ကို ရှင်းပြတယ်။ အခုတော့ တိုင်းပြည်ပြန်လည်ထူထောင်ဖို့ နီးတစ်ပင်ချီရ ချီရ မင်းတို့စစ်တပ်ထဲကနေပြီးတော့ အားလပ်တဲ့ စနေ–တနင်္ဂနွေတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ရမယ်လို့ ကျနော်တို့ကို တိုက်တွန်းခဲ့တယ်။ ကျနော်တို့ ဗားမားရိုင်ဖယ် (၅) မှာ ၁၉၄၅ ခုနှစ်ကစပြီးတော့ဝင်ခဲ့တယ်။ လွတ်လပ်ရေးရဖို့အတွက်ဆိုပြီးတော့ ယုံကြည်ချက်နဲ့တိုက်ပွဲဝင်တဲ့နေရာမှာ ကျနော်တို့က Commission Officer ဆိုတဲ့ ဗိုလ်ရာထူး ကျနော်တို့မရပါဘူး။ သာမန်တပ်သားအဖြစ်နဲ့ပဲ ဝင်ခဲ့တာဖြစ်တယ်။ အဲဒီအချိန်တုန်းက ကော်မရှင်ရတဲ့၊ ဗိုလ်ရတဲ့လူတွေ အခု ဗိုလ်ကြည်မောင်တို့၊ ဗိုလ်လွန်းတင်တို့၊ ဗိုလ်စိုးမြင့်တို့၊ ဗိုလ်အာဇ္ဇာဝကတို့ စသည်ဖြင့်ပေါ့။ တခြား အင်္ဂလိပ်စစ်ဗိုလ်တွေလည်းရှိတယ်။ ကျနော်တို့က လွတ်လပ်ရေးအတွက်ဝင်တဲ့နေရာမှာ၊ ခပ်တိုတိုပြောမယ်။ ဗိုလ်ချုပ်ကျသွားတဲ့အခါမှာ၊ ကျတော်တို့တပ်တွေလည်း ရန်ကုန်ကို ရောက်လာတယ်။ ပြီးတော့ ရခိုင်ပြည်မှာ ဘုံပေါက်သာကျော်နဲ့ဦးစိန္တာတို့ကို နှိမ်နင်းဖို့ဆိုပြီးတော့ ဖဆပလမှာကြီးစိုးနေတဲ့ လယ်ယာဆိုရှယ်လစ်တွေရဲ့ပေးအပ်တဲ့အမိန့်နဲ့ တပ်ရင်း (၄) ဦးစီးသူကတော့ ဗိုလ်ကျော်ဇော၊ ရန်ကုန်ကနေပြီးတော့ စစ်တွေကို ရခိုင်ပြည် တပြည်လုံးမှာ တပ်ရင်း (၄)။ အဲဒီနေရာမှာ ကျနော်တို့က လွတ်လပ်ရေးအတွက်တိုက်ဖို့ တိုက်ပွဲဝင်တဲ့နေရာမှာ၊ အခုလို ဘုံပေါက်သာကျော်တို့၊ ဦးစိန္တာတို့ကိုသွားပြီးတော့ နှိမ်နင်းရတာဟာ ကျနော်တို့ဆန္ဒနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတယ်။ ဘုံပေါက်သာကျော်တို့၊ ဦးစိန္တာတို့ဟာ ဂျပန်တော်လှန်ရေးတုန်းက စွမ်းစွမ်းတမံ တိုက်ခဲ့တဲ့ ပုဂ္ဂိုလ်တွေဖြစ်တယ်။ ဒီပုဂ္ဂိုလ်တွေနဲ့ ကွဲလွဲချက်ရှိရင် နိုင်ငံရေးအရ ဆွေးနွေးဖြေရှင်းပါ။ စစ်ခဲ့တယ်။ သူကဦးစီးဖြစ်တာကို။ ဒါပေမဲ့ တပ်ရင်း (၄) တနှစ်တိုက်သည့်တိုင်အောင်၊ ဘုံပေါက်သာကျော်တို့၊ ဦးစိန္တာတို့ကို မနိုင်ခဲ့ဘူး။ ကျနော်တို့ နိုင်ငံရေးအသိ၊ နိုင်ငံရေးနိုးကြားမှုနဲ့ လွတ်လပ်ရေးအတွက်ပါဝင်လာတဲ့ တပ်မတော်သားတွေကို အခုလို ရခိုင်ပြည်မှာသွားပြီးတော့ နှိမ်နင်းခိုင်းတာတွေဟာ ကျနော်တို့စိတ်နဲ့ အများကြီးဆန့်ကျင်ပြီးဖြစ်ရတယ်။ ရန်ကုန်ကိုကျနော်တို့ရောက်လာကြတဲ့အခါကျတော့ ပြည်တွင်းစစ်စတဲ့ ၁၉၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်နေ့ သခင်သန်းထွန်းနေတဲ့ ဗမာပြည်ကွန်မြူနစ်ပါတီဌာနချုပ် ဗားကရာလမ်းကို စစ်တပ် နဲ့သွားဝိုင်းတာ ကျနော်တို့ပဲ။ ကျနော်တို့တပ်နဲ့ဦးစီးပြီးတော့ သခင်သန်းထွန်းကို သွားဝိုင်းတယ်။ အဲဒါက ပုလိပ်မင်းကြီး ဦးအောင်ချိန်ရဲ့ ညွှန်ကြားချက်နဲ့လုပ်ရတာဖြစ်တယ်။ ကျနော့်ကို ရဲမင်းကြီးက မင်းတို့ကို ကွန်မြူနစ်တွေခံချလိမ့်မယ်။ မင်းတို့သတိထား။ အဲဒီလိုမှာလိုက်တယ်။ သူတို့ဝါဒဖြန့်နေတာက ကွန်မြူနစ်တွေဟာ လက်နက်တွေစုဆောင်းနေတယ်။ တိုင်းပြည်မှာ ပုန်ကန်ဖို့၊ သူပုန်ထဖို့၊ စသည်ဖြင့်ပေါ့။ မဟုတ်မမှန်တာတွေကို ဝါဒဖြန့်တယ်။ တကယ်တော့ ဒီအချိန် ဒီအခါမှာ ကွန်မြူနစ်ပါတီမှာ ဘာလက်နက်မှ ပြင်ဆင်ထားတာမရှိဘူး။ ပုလိပ်မင်းကြီးပြောသလို ပါတီဗဟိုဌာနချုပ်ကနေ သေနတ်နဲ့ချလိမ့်မယ်ဆိုတာလည်း လုံးဝမမှန်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျနော်တို့ကိုယ်တိုင်ဦးစီးပြီးတော့သွားတာ။ ဘာသေနတ်သံမှမထွက်ဘူး။ သခင်သန်းထွန်းတို့လည်း မရှိဘူး။ ကျနော်တို့ တပ်မတော်ထဲဝင်တယ်ဆိုတာ နိုင်ငံရေးနိုးကြားမှုနဲ့ တော်လှန်ရေး လွတ်လပ်ရေးအတွက် ဒီလိုအလွဲသုံးစား စစ်တပ်အားကိုးနဲ့လုပ်တာကို မကြိုက်လို့၊ မနှစ်သက်လို့ နောက်ဆုံး တောထဲရောက်လာတာဘဲ။ ဒီအချိန် ဒီအခါတုန်းက စစ်တပ်

စာမျက်နှာ (၁၁) ကော်လံ (၁) သို့ ....

# ဗမာပြည်သူတွေ မလိုအပ်တဲ့ ရွေးကောက်ပွဲ

**စစ်အစိုးရသည် ဗန်းပြရွေးကောက်ပွဲများဖြင့် တရားဝင်မှု အရှည်ခံရန်အတွက်သာ ကြိုးစားနေပြီး လာမည့်နှစ်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်မည်ဟု ကြွေးကြော်လျက်ရှိသည်။ ၂၀၀၈ ခုနှစ် မေလတွင် လူ (၁) သိန်းကျော်သေဆုံးခဲ့ရသည့် ဆိုင်ကလုံးမုန်တိုင်းကြီးတိုက်ခတ်ပြီး မကြာမီရက်ပိုင်း အတွင်းမှာပင် စစ်အစိုးရသည် ဟာသမြောက်သော အတုအယောင်လုပ်ငန်းစဉ်တရပ်ကို အသုံးချကာ (၉၃) ရာခိုင်နှုန်းကျော်သော မဲဆန္ဒရှင်များက အခြေခံဥပဒေကို ထောက်ခံကြောင်း ကြေညာခဲ့သည်။**



အထက်လွှတ်တော်အမတ် ဂျင်ဝက်ဘ်၏ မြန်မာပြည်ခရီးစဉ်တွင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်တို့နှင့် သူ၏ တွေ့ဆုံဆွေးနွေးပွဲများသည် ယခုတလောကမ္ဘာ့၏ အာရုံစိုက်ခြင်းကို ခံနေရသည်။ ဝက်ဘ်သည် ဗမာအာဏာပိုင်များနှင့် အဓိပ္ပါယ်ရှိသောဆွေးနွေးပွဲများ ဖြစ်မြောက်စေလိုသောဆန္ဒအား ကျနော်တို့ နားလည်ပါသည်။ သို့သော် သူ၏ကြိုးပမ်းမှုက ကျနော်တို့၏ ဒီမိုကရေစီရေးလှုပ်ရှားမှုများကို ထိခိုက်နစ်နာစေခဲ့သည်။ သူက မှားယွင်းသောအကြောင်းကိစ္စအပေါ် အာရုံစိုက်ခဲ့သည်။ ရေရှည်နိုင်ငံရေး မဟာဗျူဟာတရပ်အနေဖြင့် လာမည့်နှစ်တွင် ကျင်းပမည့် ရွေးကောက်ပွဲတွင် သူက ကျနော်တို့အား ပါဝင်ယှဉ်ပြိုင်စေလိုနေခြင်းဖြစ်သည်။ သို့သော်လည်း စစ်အစိုးရက ကျင်းပပေးမည့် ဗန်းပြရွေးကောက်ပွဲသည် ဗမာပြည်သူလူထုတရပ်လုံး လိုလားတောင့်တနေသောလွတ်လပ်မှုကို လှောင်ပြောင်ခြင်းမျှသာဖြစ်ပြီး စစ်အာဏာရှင်စနစ်ကို သက်ဆိုးရှည်စေလိမ့်မည်ဖြစ်သည်။

ပြီးခဲ့သည့် လွတ်လပ်သောရွေးကောက်ပွဲတွင် ဗမာပြည်သူလူထုသည် စစ်တပ်အုပ်ချုပ်မှုကို တခဲနက် ဆန့်ကျင်ပယ်ချခဲ့ကြပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပါလီမန်တွင် (၈၀) ရာခိုင်နှုန်းကျော် ရွေးချယ်တင်မြှောက်ခဲ့သည်။ သို့သော် စစ်တပ်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား အစိုးရဖွဲ့ခွင့်ပေးရန် ငြင်းဆန်ခဲ့သည်။ ရွေးကောက်ပွဲကာလမှစ၍ ဗမာပြည်ဒီမိုကရေစီရေးလှုပ်ရှားသူများသည် ဗမာပြည်သူများအားလုံးကို ကိုယ်စားပြုသော ဒီမိုကရေစီအစိုးရတရပ် ပေါ်ပေါက်ရေး၊ တရားမျှတရေး၊ တသီးပုဂ္ဂလနှင့် တိုင်းရင်းသားအခွင့်အရေးများ ရရှိရေးအတွက် ငြိမ်းချမ်းစွာဆန္ဒပြဖော်ထုတ်ခဲ့ခြင်းကြောင့် ထောင်ချခြင်း၊ ခြိမ်းခြောက်ခံရခြင်း၊ ညှဉ်းပမ်းနှိပ်စက်ခြင်း၊ အသက်ဆုံးရှုံးခြင်းတို့နှင့် ကြုံတွေ့ခဲ့ရသည်။ မပြီးဆုံးနိုင်သော ဒီမိုကရေစီရေးလှုပ်ရှားမှု ကာလတလျှောက်လုံး ငြိမ်းချမ်းရေးနှင့် အပြန်အလှန်လေးစားရေးအပေါ် အခြေခံ၍ ဗမာပြည်အတွက် အရေးကြီးသော နိုင်ငံရေးနှင့် လူမှုရေးပြဿနာများကို ဖြေရှင်းနိုင်ရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် စစ်အစိုးရနှင့် စေ့စပ်ညှိနှိုင်းရန် တွေ့ဆုံဆွေးနွေးပွဲအား အစဉ်မပြတ်လမ်းဖွင့်ထားခဲ့ပါသည်။ ပြဿနာ (၂) မျိုးသည် တခုနှင့်တခု ဆက်စပ်လျက်ရှိသည်။ ဗမာပြည်သည် တချိန်တခါက အာရှ၏ထမင်းအိုးဟု တင်စားခေါ်ဝေါ်ခြင်းခံခဲ့ရသည်။ ယနေ့ကာလတွင် စစ်အစိုးရ၏ မှားယွင်းသော စီးပွားရေးမူဝါဒများနှင့် စစ်အုပ်ချုပ်မှု အခွန့်ရှည်ရေးအတွက် ဖိနှိပ်ချုပ်ချယ်မှုများကြောင့် ဗမာပြည်သည် ဆင်းရဲမွဲတေသောနိုင်ငံတခုဖြစ်ခဲ့ရသည်။

စစ်အစိုးရသည် ဗန်းပြရွေးကောက်ပွဲများဖြင့် တရားဝင်မှု အရှည်ခံရန်အတွက်သာကြိုးစားနေပြီး လာမည့်နှစ်တွင် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကို တည်ဆောက်မည်ဟု ကြွေးကြော်လျက်ရှိသည်။ ၂၀၀၈ ခုနှစ် မေလတွင် လူ (၁) သိန်းကျော်သေဆုံးခဲ့ရသည့် ဆိုင်ကလုံးမုန်တိုင်းကြီးတိုက်ခတ်ပြီး မကြာမီရက်ပိုင်း အတွင်းမှာပင် စစ်အစိုးရသည် ဟာသမြောက်သော အတုအယောင်လုပ်ငန်းစဉ်တရပ်ကို အသုံးချကာ (၉၃) ရာခိုင်နှုန်းကျော်သော မဲဆန္ဒရှင်များက အခြေခံဥပဒေကိုထောက်ခံကြောင်း ကြေညာခဲ့သည်။ ထိုအခြေခံဥပဒေသည် နိုင်ငံခြားအထောက်အပံ့ကို ရရှိခံစားသူများကို ရွေးကောက်ပွဲဝင်ခွင့်မရှိခြင်း အစရှိသည့် မသေချာမရေရာသော အဓိပ္ပါယ်ဖွင့်ဆိုချက်များဖြင့် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် ဒီမိုကရေစီရေးလှုပ်ရှားသူများကို ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရန် တားမြစ်ထားကြောင်း တွေ့ရှိရသည်။

အချို့သော နိုင်ငံတကာ လေ့လာသူများက လာမည့်နှစ်တွင် ကျင်းပရန် စီစဉ်ထားသော ရွေးကောက်ပွဲများကို အခွင့်အလမ်းတရပ်အဖြစ် မြင်ကြသည်။ သို့သော် စစ်အစိုးရ၏ အခြေခံဥပဒေအရ ကျင်းပမည့်ရွေးကောက်ပွဲသည် အတုအယောင်သာဖြစ်လိမ့်မည်။ ကျွန်ုပ်တို့တိုင်းပြည်လွတ်လပ်မှုကို မည်သို့မျှ ဆောင်ကျဉ်းပေးနိုင်ခြင်းမရှိမည့် ဖြစ်စဉ်တရပ်တွင်ပါဝင်ရန် မြန်မာပြည်သူလူထု သန်းပေါင်းများစွာ အပင်ပမ်းခံ၊ အဖမ်းအဆီးခံ၊ အနှိပ်စက်ခံ၊ အသက်သေခံ တန်ဖိုးထားခဲ့သော ဒီမိုကရေစီစံနှုန်းများကို ကျွန်ုပ်တို့ပေးဆပ်လိမ့်မည်မဟုတ်ပေ။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တောင်းဆိုချက်များသည် ကျိုးကြောင်းဆီလျော်ပါသည်။ ဧပြီလတွင် နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်း၊ အခြေခံဥပဒေအား သုံးသပ်ပြင်ဆင်ခြင်း၊ အဖွဲ့ချုပ်၏ရုံးခွဲများ ပြန်လည်ဖွင့်လှစ်ပေးရန်နှင့် လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့်ပေးခြင်း၊ စသည့်အချက်များနှင့်ပတ်သက်ပြီး စစ်အစိုးရနှင့်ညှိနှိုင်းရန် အားပေးထောက်ခံသည့်ကြေညာချက်တရပ်ကို ထုတ်ပြန်ခဲ့သည်။ စစ်အစိုးရ၏တုန့်ပြန်ချက်သည်ကား ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသား (၂၀၀၀) ကျော်အား ဆက်လက်အကျဉ်းချထားခြင်း၊ တိုင်းရင်းသားအဖွဲ့များကို အလုံးအရင်း စစ်ဆင်တိုက်ခိုက်ခြင်းနှင့် ဒီမိုကရေစီကို ထိန်းချုပ်ရန် ဥပဒေအမျိုးမျိုးဖြင့် ဆက်လက်ဖိနှိပ်နေခြင်းတို့ဖြစ်သည်။

နိုင်ငံတကာမိသားစုအနေဖြင့် မည်ကဲ့သို့သော အဓိပ္ပါယ်ရှိသည့် အခန်းကဏ္ဍမှ ပါဝင်နိုင်မည်နည်း။ ဦးစွာ ပထမအနေဖြင့် ဝက်ဘ်ကဲ့သို့သော တာဝန်ရှိပုဂ္ဂိုလ်များအနေဖြင့် တရုတ်ပြည်အား အထိတ်တလန့်ဖြစ်နေခြင်းမှ ရပ်ဆိုင်းရမည်။ တရုတ်ပြည်အား ပိုင်းဝန်းထိန်းကျောင်းရန် မြန်မာစစ်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သင့်သည်ဆိုသော သူ၏စကားများသည် ခေတ်မမီတော့ပဲ လက်တွေ့မကျသော အယူအဆများအပေါ် အခြေခံပြောဆိုခြင်းသာဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်က ကျမတို့ဟာ ဘယ်နိုင်ငံကိုမဆို အကြောက်တရားတွေ၊ မလုံခြုံမှုတွေနဲ့ ဆက်ဆံမှာ မဟုတ်ပါဘူး။ ကျမတို့ဟာ တရုတ်၊ အမေရိက၊ အိန္ဒိယ အစရှိတဲ့ ဘယ်နိုင်ငံနဲ့မဆို တန်းတူရည်တူ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံမှာပဲ ဖြစ်ပါတယ်။ ကျမတို့ဟာ အိမ်နီးချင်းတွေကို ရွေးချယ်ခွင့်မရှိတဲ့အတွက် တရုတ်ပြည်နဲ့လည်း ကောင်းမွန်တဲ့ဆက်ဆံရေးရှိဖို့ လိုအပ်တယ်ဆိုတာ ကောင်းကောင်းနားလည်ပါတယ်ဟု ဝက်ဘ်အား အသိပေးပြောကြားကာ သူ၏အယူအဆကို ပယ်ချခဲ့ပါသည်။

ဒုတိယအချက်အနေဖြင့် နိုင်ငံတကာမိသားစုနှင့် နိုင်ငံတကာအဖွဲ့အစည်းများကို တိုက်တွန်းလိုသည်မှာ မိမိတို့နှင့်လည်းကောင်း၊ တိုင်းရင်းသားအဖွဲ့အစည်းများနှင့်လည်းကောင်း၊ တွေ့ဆုံညှိနှိုင်းရန်အတွက် မြန်မာစစ်ခေါင်းဆောင်များကို ဆွဲဆောင်စည်းရုံးပေးရန် ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုနှင့် အခြားနိုင်ငံများသည် ဗမာပြည်အပေါ် အရေးယူဒဏ်ခတ်မှုများ ပြုလုပ်ထားကြသည်။ ကျွန်ုပ်တို့အားလုံး အမြတ်တနိုးအလေးထားသော ဒီမိုကရေစီတန်ဖိုးများနှင့်အညီ တရားမျှတသော စုစည်းထောက်ခံမှုကို ပြသသည့်အနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်များဖြင့် ဆောင်ရွက်ခဲ့ကြ ခြင်းဖြစ်သည်။ အကယ်၍ စစ်အစိုးရသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ တိုင်းရင်းသားကိုယ်စားလှယ်များဖြင့် တွေ့ဆုံဆွေးနွေးခြင်း၊ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေးခြင်း၊ တိုင်းရင်းသားလူနည်းစုများအပေါ် တိုက်ခိုက်နေမှုများ ရပ်ဆိုင်းခြင်းနှင့် ဒီမိုကရေစီနိုင်ငံတော်ထူထောင်ရန် လိုအပ်သောလုပ်ငန်းများ အဆင့်ဆင့်လုပ်ကိုင်ဆောင်ရွက်ပေးခြင်းဖြင့် ပိတ်ဆို့အရေးယူဒဏ်ခတ်မှုများ အချိန်တန်လျှင် ပျောက်ကွယ်သွားမည်ဖြစ်ပါသည်။

ယခုလောလောဆယ်အားဖြင့် ကျွန်ုပ်တို့၏သံဓိဋ္ဌာန်ကို မည်သူမျှ သံသယမရှိကြပါလေကုန်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဗမာ့လူ့ဘောင်ကို ရောင်ပြန်ဟပ်သောပုံရိပ်ဖြစ်ပါ၏။ ကျွန်ုပ်တို့လိုလားတောင့်တ လှုပ်ရှားရန်းကန်လျက်ရှိသော လွတ်လပ်မှုများကို ဗမာပြည်သူများထံမှ တားမြစ်ရပ်သိမ်းမည့် လုံးလုံးလျားလျား မှားယွင်းနေသော နိုင်ငံရေးဖြစ်စဉ်တခုတွင် ကျွန်ုပ်တို့အား ပါဝင်ဆောင်ရွက်ရန် ဖိအားပေးတိုက်တွန်းချက်များကို ကျွန်ုပ်တို့ လက်ခံမည်မဟုတ်။ တွေ့ဆုံဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန် ကျွန်ုပ်တို့အစဉ်အမြဲအသင့်ရှိပါ၏။ သို့သော်ငြားလည်း အသက်ပေါင်းများစွာ ပေးဆပ်ခဲ့ရသော၊ လွတ်လပ်မှုပေါင်းများစွာ ရင်းနှီးခဲ့ရသော ဒီမိုကရေစီတန်ဖိုးများ ပြည့်စုံရရှိရန် ကျွန်ုပ်တို့လှုပ်ရှားမှုများကို ဆက်လက်ဆောင်ရွက်ရန်လည်း စိတ်အားထက်သန်ဆဲဖြစ်ပါကြောင်း ...။

ဦးဝင်းတင်

(ဦးဝင်းတင်သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်တဦးဖြစ်ပြီး၊ အဖွဲ့ကို စတင်တည်ထောင်သူတဦးလည်းဖြစ်ပါသည်။ သူသည် ၁၉၈၉ မှ ၂၀၀၈ ခုနှစ်အထိ နိုင်ငံရေးအကျဉ်းသားဖြစ်ခဲ့ဘူးသည်။)



**၂၀၀၉ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့ထုတ် ဝါရှင်တန်ပို့စ်သတင်းစာတွင် ပါသည့် ဦးဝင်းတင်၏ဆောင်းပါးအား ကိုမိုးဇော်ဦး (အဲန်အယ်လ်ဒီ - အယ်လ်အေ) မှ ဘာသာပြန်ဆိုထားခြင်းဖြစ်သည်။**

စာမျက်နှာ (၅) ဂါမဏိဆောင်းပါးမှ ...

သန်းရွှေကိုယ်တိုင်က လက်အောက်ခံ ဗိုလ်ချုပ်တွေကို အဖေကြီးနေဝင်းရဲ့ ဘ၀ဇာတ်သိမ်းပိုင်းကို လက်ညှိုးထိုးပြပြီး အာဏာမရှိရင် ဒီလိုဘဲဖြစ်မယ်။ တွေ့လားလို့ ပညာပေးနေတာကြောင့် မြောက်ကိုးရီးယားက အာဏာရှင် ကင်မင်းဆက်ကို စံပြုနမူနာ Role model အဖြစ် အားကျနေတာ မြေကြီးလက်ခတ်မလွဲဖြစ်ပါတယ်။ နေဝင်းရဲ့နိဂုံးက စစ်အာဏာရှိဖို့အရေးကြီးရုံတင်မက ပုဂ္ဂိုလ်ရေးအာဏာရှိဖို့လည်း အရေးကြီးကြောင်း သန်းရွှေကို သတိပေးနေပါတယ်။

မြောက်ကိုးရီးယားနိုင်ငံမှာတော့ □အဖနိုင်ငံပြန်လည်ပေါင်းစည်းရေး ဒီမိုကရေစီတပ်ပေါင်းစုကဘဲ လွှတ်တော်ရွေးကောက်ပွဲဝင်ခွင့်ရှိပါတယ်။ တသီးပုဂ္ဂလတွေလည်း လွှတ်တော်မှာ နည်းနည်းပါးပါး အရွေးခံနိုင်ပါတယ်။ ဒီတပ်ပေါင်းစုမှာ ကိုးရီးယားအလုပ်သမားပါတီ (ကွန်မြူနစ်ပါတီ)၊ ကိုးရီးယားဆိုရှယ်ဒီမိုကရက်တစ်ပါတီနဲ့ ချွန်ဒူးအစ်ချွန်ဂူးပါတီတို့ပါဝင်ပြီး အားလုံးကို အလုပ်သမားပါတီက အကြွင်းမဲ့ထိန်းချုပ်ထားပါတယ်။ ၁၉၉၀ ခုရွေးကောက်ပွဲတုန်းက ကိုးရီးယာအလုပ်သမားပါတီက အမတ်နေရာ (၆၀၁) နေရာ၊ ဆိုရှယ်ဒီမိုကရက်ပါတီက (၅၁) နေရာ၊ ချွန်ဂူးပါတီက (၂၂) နေရာနဲ့ တသီးပုဂ္ဂလတွေက (၁၃) နေရာရခဲ့ပါတယ်။ ဒီအလုပ်သမားပါတီကဘဲ နိုင်ငံ့အကြီးအကဲအဖြစ် ကင်မျိုးဆက်တွေကို သတ်မှတ်ရွေးချယ်တာဖြစ်ပါတယ်။

ခေါင်းကျလည်းစားမယ်။ ပန်းကျလည်းစားမယ်။ ဒေါင်လိုက်ကျမှ မင်းတို့စားဆိုပြီး အမတ်နေရာ (၂၅) ရာခိုင်နှုန်း၊ စစ်တပ်ဩဇာခံ ကြံ့ဖွံ့ပါတီ၊ အဓိကဝန်ကြီးရာထူးတွေ၊ အာဏာအကြီးဆုံး တပ်ချုပ်ရာထူး၊ အချိန်မရွေး စစ်အာဏာသိမ်းခွင့်၊ ပြင်မရအောင်လုပ်ထားတဲ့ပုဒ်မတို့ကို အခြေခံဥပဒေထဲ ရေပက်မဝင်အောင်ထည့်ထားပေမဲ့ ပိုပြီးဘ၀အာမခံချက်ရှိတဲ့ မြောက်ကိုးရီးယားကိုအားကျနေတာကြောင့် ချူကလီးယားဗုံးပိုင်ဆိုင်ရေးသာမက ၂၀၁၀ ရွေးကောက်ပွဲမှာ ရွှေကြိုင် မျိုးဆက်သစ်မျောက်လောင်းကို ကြံ့ဖွံ့ပါတီက သမတလောင်းအဖြစ်တင်ဖို့ ကြိုးစားနေရာမှာ မျောက်လောင်းကိုယ်တိုင်က မျောက်စိတ်မပျောက်နိုင်သေးသလို သန်းရွှေက ကြယ် (၃) ပွင့်၊ (၄) ပွင့် ပေးသနားတော်မူထားတဲ့ လက်အောက်က ဗိုလ်ချုပ်တွေလက်ခံနိုင်အောင်လည်း မပိုင်သေးလို့ ရွေးကောက်ပွဲဥပဒေတွေ၊ ပါတီမှတ်ပုံတင်ဥပဒေတွေ၊ ကော်မရှင်တွေ မထုတ်ပြန်နိုင်သေး၊ ရွေးကောက်ပွဲရက် မသတ်မှတ်နိုင်သေး ဖြစ်နေရပါတယ်။

အထက်မှာဖော်ပြခဲ့တဲ့ စံပြုမိုဒယ်လ် Role model တွေကို နအဖစစ်အာဏာရှင်တွေက အားကျအတုခိုးနေပေမဲ့ တကယ်ဖြစ်လာနိုင်တဲ့မိုဒယ်လ်ကတော့ ဆိုမာလီယာနိုင်ငံဘဲ ဖြစ်ပါလိမ့်မယ်။

ဆိုမာလီယာနိုင်ငံဟာ ၁၉၆၉ ခုမှာ စစ်တပ်ကအာဏာသိမ်းပြီးနောက် နေဝင်းရဲ့ ဗမာပြည်လိုဘဲ ဆိုရှယ်လစ်စနစ်လုပ်မယ်လို့ အော်။ ရှိသမျှစီးပွားရေးလုပ်ငန်းတွေ၊ စာသင်ကျောင်းတွေ ပြည်သူပိုင်သိမ်း။ သစ်ပင်စိုက်၊ မြေတူးတာဖို့၊ လမ်းဖောက် တံတားဆောက်ကျောင်းဆောက်၊ ဟော်တယ်ဆောက်၊ မြို့သစ်ဆောက်၊ ရုံးဆောက် စတာတွေအတွက် (တပတ် ၇ နာရီ) အခမဲ့လုပ်အားပေးစနစ်ကို တနိုင်ငံလုံးမှာကျင့်သုံး။ ရေတပ်၊ လေတပ်အပါအဝင် စစ်အင်အားကို အကြီးအကျယ်တိုးချဲ့ စသဖြင့်လုပ်ခဲ့ပါတယ်။ ၁၉၇၆ ကျတော့ □ဆိုမာလီ တော်လှန်သောဆိုရှယ်လစ်ပါတီဆိုတာကို တရားဝင်တည်ထောင်ပြီး တပါတီစနစ်ကျင့်သုံးခဲ့ပါတယ်။ ဆိုရှယ်လစ်လုပ်တဲ့အတွက် ဆိုဗီယက်ပြည်ထောင်စုနဲ့ တခြားကွန်မြူနစ်နိုင်ငံတွေက တပည့်မွေးပြီး အကြီးအကျယ် ထောက်ခံအားပေးခဲ့ပါတယ်။ စစ်လက်နက်တွေ၊ စစ်အကြံပေးတွေနဲ့ အရပ်ဖက်ပညာရှင်တွေ အများကြီးပို့ပေးခဲ့ပါတယ်။ ၁၉၇၉၊ ၁၉၈၄ နဲ့ ၁၉၈၆ တွေမှာ ဆိုမာလီမှာ ရွေးကောက်ပွဲတွေလုပ်ပြီး စစ်အာဏာရှင် ဗိုလ်ချုပ်ကြီးဘားရဲ့ပါတီကဘဲ ရှိသမျှနေရာအားလုံးကိုယူခဲ့ပါတယ်။

၁၉၇၇–၇၈ မှာ တိုးချဲ့ထားတဲ့ စစ်အင်အား။ မြင့်တက်နေတဲ့ဘဝင်နဲ့ အီသီယိုပီးယားနိုင်ငံကိုဝင်တိုက်ရာမှာ ဆိုဗီယက် ရုရှား၊ ကျူးဘား၊ မြောက်ကိုးရီးယားတို့က တဖက်နိုင်ငံကို ငွေအား၊ လက်နက်အားသာမက လူအား (ကျူးဘားစစ်သား ၂၀၀၀၀၊ ရုရှနဲ့ အရှေ့ဂျာမဏီစစ်အကြံပေး ၄၀၀၀) နဲ့ပါကူလို့ ကွန်မြူနစ်နိုင်ငံတွေနဲ့ ခွာပြဲပြီး အမေရိကန်ဘက်ကိုပြောင်း တပည့်ခံလိုက်ပါတယ်၊ ဆိုရှယ်လစ်ကိုစွန့်ပြီး အရင်းရှင်စနစ် ဈေးကွက်စီးပွားရေးကိုလည်း ပြောင်းလိုက်ပါတယ်။ (ရုရှားကတော့ ပထဝီနိုင်ငံရေးအရ ပိုပြီးအချက်အချာကျတဲ့ အီသီယိုပီးယားကို တပည့်မွေးပြီး တပည့်ဟောင်းလက်ဝဲသမားတွေဖြစ်တဲ့ ဆိုမာလီယာနဲ့ အီရီထရီးယားကို ကန်ထုတ်လိုက်တာဖြစ်ပါတယ်။)

ဒီလိုနဲ့ စစ်ရှုံးတဲ့ ၁၉၇၈ ကစပြီး ဆိုမာလီယာမှာ အခြေအနေတွေ ယိုယွင်းပျက်ပြားလာ။ ဩဇာအာဏာတွေ ကျဆင်းလာတဲ့အတွက် အတိုက်အခံတွေလှုပ်ရှားလာပြီး ၁၉၈၁ ကစလို့ လက်နက်ကိုင်တော်လှန်ရေးတွေ တခုပြီးတခုပေါ်လာပါတယ်။ စစ်အာဏာရှင်သမတ ဗိုလ်ချုပ်ကြီးဆီယာ့ဒ်ဘားကလည်း အပြင်းအထန် အကြမ်းဖက်အုပ်ချုပ်တဲ့အတွက် ဆိုမာလီပြည်သူတွေ အရှင်လတ်လတ် ငရဲကျခဲ့ရပါတယ်။ အစိုးရဌာနတွေလည်း လုပ်ငန်းတွေမလည်ပတ်တော့။ စစ်တပ်ထဲမှာလည်း ဖြုတ်ထုတ်သတ်တွေ ခဏခဏဖြစ်။ ထိပ်ဆုံးက ဗိုလ်ချုပ်များနဲ့ မိသားစုတွေအပြင် ဝန်ကြီး၊ ဝန်ကလေးတွေ အရာရှိကြီးငယ်တွေကလည်း ရေရေလည်လည် ဘုံးကြ၊ ခိုးကြ။ ရှိသမျှအိပ်ထဲထည့်ကြပါတယ်။ ၁၉၉၀ ရောက်တော့ မြို့တော် မိုဂါဒစ်ရှူးလူ (၄) ယောက်ထက် ပိုစုခွင့်မရှိသလို ဓာတ်ဆီ၊ ဒီဇယ်ရှားပါးပြတ်လပ်လို့ ဓာတ်ဆီဆိုင်တွေမှာ ကားတန်းအရှည်ကြီးတွေ တန်းစီနေ။ ခေါက်ဆွဲတကီလိုကို အမေရိကန် (၅) ဒေါ်လာဈေးအထိ ငွေဖောင်းပွ။ ထမင်းဆိုင်မှာစားဖို့ပိုက်ဆံကို ဆာလာအိတ်နဲ့ သယ်သွားရ။ ငွေအကြွေစေ့ မရှိတော့။ ဘဏ်တွေ လုပ်ငန်းရပ်။ တိုင်းပြည်ကိုလာတဲ့ နိုင်ငံခြားသားမှန်သမျှ သေသေချာချာစောင့်ကြည့်။ နိုင်ငံခြားငွေလဲလှယ်မှုကို တင်းတင်းကြပ်ကြပ်ထိန်းချုပ်။ နိုင်ငံခြားသားတွေ ဓာတ်ပုံရိုက်ခွင့်ပိတ်။ ညဖက်ဆို တမြို့လုံး လျှပ်စစ်မီး မရှိ။ ညဖက်မှာ အာဏာပိုင်တွေက အိမ်တွေဝင်စစ် ရှာဖွေပြီး လူတွေဆွဲခေါ်သွား။ (ဒါတွေကိုတွေ့ရင် ဆင်တူနေတဲ့အခြေအနေကို သတိရလိမ့်မယ်ထင်ပါရဲ့။)

၁၉၉၀–၉၁ မှာတော့ လက်နက်ကိုင်တော်လှန်ရေးအဖွဲ့ (၇) ဖွဲ့ တပ်ပေါင်းစုဖွဲ့ပြီး အီသီယိုပီးယားနိုင်ငံအကူအညီနဲ့ စစ်အာဏာ ရှင်သမတ ဆီယာ့ဒ်ဘားကို ဖြုတ်ချနိုင်ခဲ့ပါတယ်။ ဒါပေမဲ့ စစ်အာဏာရှင်စနစ်ရဲ့အကျိုးဆက်တွေက ပြင်းထန်လွန်းလှသလို တော်လှန်ရေးအဖွဲ့တွေကြားမှာလည်း ဂိုဏ်းဂဏစိတ်၊ လူမျိုးရေးစိတ်တွေကြီးလှတဲ့အတွက် တိုင်းပြည်ဟာ နလံမထနိုင်၊ မတည်ငြိမ်နိုင်ဘဲ ၁၉၉၂ ကနေ ၂၀၀၀ ပြည့်နှစ်အထိ ကုလသမဂ္ဂက ဆိုမာလီယာနိုင်ငံကို အစိုးရမရှိတဲ့နိုင်ငံအဖြစ် တရားဝင်သတ်မှတ်ကြေညာခဲ့ရပါတယ်။ အခုတော့ အစိုးရရှိတဲ့နိုင်ငံလို့ ပြန်သတ်မှတ်ပေမဲ့ အစိုးရဟာ နိုင်ငံရဲ့နယ်မြေနည်းနည်းလေးကိုဘဲ ထိန်းချုပ်နိုင်ပြီး အများစုနယ်မြေတွေကို စင်ပြိုင်စစ်ဘုရင်တွေ ဓားပြဂိုဏ်းတွေ (ပင်လယ်ဓားပြဂိုဏ်းတွေအပါအဝင်) က ထိန်းချုပ်နေပါတယ်။

ကျနော်တို့တိုင်းပြည်နဲ့ ဆိုမာလီယာမတူတဲ့အဓိကအချက်က ဗမာပြည်မှာ လူထုက တခဲနက်ထောက်ခံထားတဲ့၊ နိုင်ငံတကာကလည်း အသိအမှတ်ပြုလက်ခံထားတဲ့ အမြင်ကျယ်အဆင့်မြင့်ပညာတတ် လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရှိနေတာဘဲ ဖြစ်ပါတယ်။ ဒါပေမဲ့ နအဖစစ်အာဏာရှင်တွေ ခေါင်းမာမိုက်မဲမှု အလွန့်အလွန်ရှည်ကြာနေရင်တော့ နောက်ဆုံးမှာ ဆိုမာလီယာကိန်းဆိုက်ဖို့ အလားအလာဘဲ ပိုများပါလိမ့်မယ်။

ဂါမဏိ

## ဝန်ကြီးချုပ်ဟောင်းသမီးများ ၂၀၁၀ ရွေးကောက်ပွဲဝင်မည်

ဒီမိုကရက်ပါတီ၏ ဥက္ကဋ္ဌဖြစ်သူ ဝါရင့်နိုင်ငံရေးသမားကြီးတဦးဖြစ်သည့် ဦးသုဝေမှ နောင်နှစ်တွင်ကျင်းပမည်ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ဟု စက်တင်ဘာလ (၁၄) ရက်နေ့က ရန်ကုန်မြို့တွင် ကျင်းပသည့် “၂၀၁၀ မြန်မာ့နိုင်ငံရေးသုံးသပ်ဆွေးနွေးပွဲ”တွင် သတင်းထောက်များအားထုတ်ဖော်ပြောကြားလိုက်သည်။ ၎င်းအပြင် မြန်မာ့ဝန်ကြီးချုပ်ဟောင်း ဦးနု၏ သမီးဖြစ်သူ ဒေါ်သန်းသန်းနု၊ ဝန်ကြီးချုပ်ဟောင်း ဦးဗဆွေ၏သမီးဖြစ်သူ ဒေါ်



၂၀၁၀ မြန်မာ့နိုင်ငံရေးသုံးသပ်ဆွေးနွေးပွဲတွင် ဦးသုဝေမှ တင်ပြဆွေးနွေးနေစဉ်

နေရီဗဆွေနှင့် ဒုဝန်ကြီးချုပ်ဟောင်း ဦး ကျော်ငြိမ်း၏သမီးဖြစ်သူ ဒေါ်ချိုချိုကျော် ငြိမ်းတို့မှ အထွေထွေအတွင်းရေးမှူးများအ ဖြစ်ဆောင်ရွက်မည်ဖြစ်ကြောင်းသိရသည်။

## သတင်းတိုထွာ

### ကိုညီညီအောင်ပျောက်ဆုံးနေမှုအပေါ် အမေရိကန်အစိုးရစုံစမ်း

စက်တင်ဘာ (၉)

လွန်ခဲ့သည့် သီတင်းပတ်က ရန်ကုန် မင်္ဂလာဒုံလေဆိပ်မှနေ၍ ပျောက်ဆုံးသွားခဲ့သည့် မြန်မာပြည်ဖွား အမေရိကန်နိုင်ငံသားဖြစ်သူ ကိုညီညီအောင်ကိစ္စနှင့်ပတ်သက်၍ အမေရိကန်သံရုံးမှ လိုက်လံစုံစမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ပြောရေးဆိုခွင့်ရှိသည့် သံရုံးအရာရှိအဆိုအရ ၎င်းတို့အနေဖြင့် မြန်မာစစ်အစိုးရထံသို့ စုံစမ်းမေးမြန်းခဲ့ပြီးဖြစ်သော်လည်း တစုံတရာ ထူးခြားမှုမရှိသေးကြောင်းနှင့် အမေရိကန်ဥပဒေအရ ပုဂ္ဂိုလ်ရေးကိစ္စများတွင် ကိုယ်ရေးကိုယ်တာအချက်အလက်များအား ထုတ်ဖော်ပြောကြားရန်မဖြစ်နိုင်ကြောင်း ပြောဆိုခဲ့သည်။ သံတမန်နည်းအရ တွေ့ဆုံခွင့်ရရှိနိုင်အောင်လည်း ကြိုးစားလျက်ရှိပြီး အမေရိကန်နိုင်ငံသားဖြစ်နေသည့် နိုင်ငံတကာရှိ အမေရိကန်သံရုံးများကဲ့သို့ တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

### အစိုးရဝန်ကြီးဌာနများ အင်တာနက်သုံးစွဲမှုကန့်သတ်

စက်တင်ဘာ (၁၀)

ပြည်ပသတင်းဌာနများသို့ အစိုးရနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ စီးဆင်းနေမှုအား တားဆီးထိန်းချုပ်နိုင်ရန်အတွက် ဝန်ကြီးဌာနများတွင် အင်တာနက်အသုံးပြုခြင်းကို စတင်ကန့်သတ်မှုများလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၏ ၂၀၀၈ ခုနှစ် မြောက်ကိုရီးယားခရီးစဉ်၊ နေပြည်တော်တွင် စစ်အစိုးရမှ လျှို့ဝှက်လိုဏ်ဂူကြီးများတည်ဆောက်နေမှု စသည့် အစိုးရ၏ လျှို့ဝှက်စီမံကိန်းများမှာ ပြည်ပသတင်းဌာနများသို့ ပေါက်ကြားနေသဖြင့် ထိုသို့ကန့်သတ်ပိတ်ပင်နေခြင်းဖြစ်သည်။ အင်တာနက် မဖြစ်မနေ အသုံးပြုမည်ဆိုပါကလည်း ညွှန်ကြားရေးမှူးအဆင့်ရှိသည့် အရာရှိများကိုသာ တာဝန်ခံသုံးစွဲခွင့်ပေးမည်ဖြစ်ကြောင်းလည်းသိရသည်။ မြန်မာနိုင်ငံသည် လွန်ခဲ့သည့် (၁၂) နှစ် ခန့်မှစတင်၍ အင်တာနက်အသုံးပြုမှုစတင်ခဲ့ပြီး ပြင်ပသို့ နိုင်ငံတွင်းရှိသတင်းများပေါက်ကြားမည်စိုးရိမ်သည့်အတွက် နအဖအစိုးရသည် အင်တာနက်ထိန်းချုပ်ရာတွင် အလွန်တင်းကြပ်သည့်အစိုးရတရပ်လည်းဖြစ်သည်။

### စစ်အုပ်စုအတွက် ငွေရှာပေးသည့် ဘဏ် (၂) ခုအား ဖိအားပေးရန် လူ့အခွင့်အရေးအဖွဲ့တိုက်တွန်း

စက်တင်ဘာ (၁၀)

သဘာဝ□ာတ်ငွေ့ရောင်းရငွေ၏ နောက်ကွယ်မှ အခွန်ငွေများအား အလွဲသုံးစားလုပ်လျက်ရှိပြီး မြန်မာစစ်အုပ်စုအား ဒေါ်လာသန်းပေါင်းများစွာ ဆောင်ကျဉ်းပေးနေသည့် စင်ကာပူနိုင်ငံရှိ ဘဏ် (၂) ခုအား နိုင်ငံတကာမှဖိအားပေးရန် နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့မှ တောင်းဆိုလိုက်သည်။ စင်ကာပူနိုင်ငံတွင်ဖွင့်လှစ်ထားသည့် Singapore’s Oversea Chinese Development Banking Corporation နှင့် DBS Group တို့မှာ မြန်မာ့ကမ်းလွန်ပင်လယ်ပြင်မှ သဘာဝဓာတ်ငွေ့ထုတ်လုပ်ဖြန့်ဖြူးပေးနေသည့် ရတနာဓာတ်ငွေ့ပိုက်လိုင်း၏ အခွန်တော်များအတွက် မြန်မာစစ်အစိုးရအား ဝန်ဆောင်မှုပေးနေသည့်ဘဏ်များဖြစ်သည်။

မြန်မာစစ်အစိုးရ၏ဝင်ငွေအဖြစ် အလွယ်တကူဖန်တီးပေးနေသည့် ထိုဘဏ်များအား ဖိအားပေးမှုလုပ်ဆောင်ခြင်းမရှိပါက စစ်အစိုးရအပေါ် နိုင်ငံတကာ၏ ပိတ်ဆို့အရေးယူမှုများသည် အောင်မြင်မည်မဟုတ်ဟု ဝါရှင်တန်အခြေစိုက် နိုင်ငံတကာလူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့ (EIR) မှ ထောက်ပြပြောဆိုလိုက်ခြင်းဖြစ်သည်။ ထို့ပြင် ပြင်သစ်အခြေစိုက် Total နှင့် အမေရိကန်အခြေစိုက် Chevron ရေနံကုမ္ပဏီတို့ကြောင့် မြန်မာစစ်အစိုးရအား ဆယ်စုနှစ်ကျော် ပြည်တွင်းပြည်ပမှ ဖိအားပေးမှုများ မအောင်မြင်ရခြင်း၏ အဓိကအကြောင်းအရင်းမှာ အဆိုပါကုမ္ပဏီများကြောင့်ဖြစ်သည်ဟု နိုင်ငံတကာလူ့အခွင့်အရေးအဖွဲ့မှ ထောက်ပြပြောဆိုခဲ့သည်။

စာမျက်နှာ (၄) ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ မှ ...

၁၅။ ပုဒ်မ (၂၅၈) အရ တပ်မတော်မှ ကြီးစိုးသော နေပြည်တော်ကောင်စီသည် နိုင်ငံတော်၏ အမြင့်ဆုံးအာဏာရှိစေခြင်း။

၁၆။ အရေးပေါ်အခြေအနေကာလတွင် အခန်း (၁၀) ပုဒ်မ (၄၁၂)၊ (၄၁၃)၊ (၄၁၈) မှ (၄၃၂) ပြဋ္ဌာန်းချက်များအရ နိုင်ငံတော်၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတို့ကို တပ်မတော်မှတာဝန်ယူနိုင်ခြင်း။ အချိန်အကန့် အသတ်မရှိ အာဏာသိမ်းနိုင်သည့် အခြေအနေများကို ခွင့်ပြုပေးထားခြင်း။

၁၇။ အခန်း (၁၄) ပုဒ်မ (၄၄၃)၊ (၄၄၅) မှ (၄၄၇) အထိ ပြဋ္ဌာန်းချက်များအရ စစ်အစိုးရတို့၏အမွေကိုဆက်ခံခြင်း။ စစ်အစိုးရတို့အသုံးပြုသောဥပဒေများကို ဆက်လက်အသုံးပြုနိုင်ခြင်း။

ခြုံငုံသုံးသပ်ချက်အရ ၂၀၁၀ အပြီး တိုင်းပြည်အားအုပ်ချုပ်သွားမည့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) သည် လက်ရှိစစ်အာဏာရှင်စနစ်ကို တရားမဝင်အဆင့်မှ တရားဝင်အဆင့်သို့ ဖော်ဆောင်ခြင်းဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပေသည်။



# ဆူးပုံနင်းခိုင်းနေသူတွေ

တချို့လူတွေဟာ ၂၀၁၀ ရွေးကောက်ပွဲနဲ့ နီးလာလေလေ။ ကလောင်သွက်လာလေလေ ဖြစ်နေတာတွေ့ရတယ်။

လူကြားထဲမှာ နိုင်ငံရေးသမားဟောင်းအဖြစ် မျက်နှာမပြနိုင်တဲ့လူတွေတောင် နိုင်ငံရေးစကားလုံးကြီးတွေနဲ့ သဘောတရားမျိုးစုံဖော်ထုတ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၊ ကွန်မြူနစ်ပါတီစတဲ့ အဖွဲ့အစည်းတွေ၊ အတိုက်အခံတွေကို တည့်တည့်တမျိုး၊ စောင်းချိတ်လို့တဖုံ ရဲရဲကြီးတိုက်ခိုက်တဲ့စာတွေ မပြတ်ဖတ်ရှုနေရတယ်။ နအဖရဲ့သတင်းစာတွေနဲ့ နာမည်ကြီးဂျာနယ်တချို့မှာဆိုရင် နိုင်ငံရေးဆောင်းပါး မပါတာမရှိသလောက်တောင်ဖြစ်နေတယ်။ ဒီလိုဆိုတဲ့အတွက် နအဖလက်ထက်မှာ ဒီမိုကရေစီ တယ်လဲထွန်းကားနေပါကလားလို့တော့ မအောက်မေ့လိုက်ပါနဲ့။ သူတို့ရေးနေတာတွေဟာ နအဖစစ်အစိုးရလုပ်နေတာတွေကို နည်းသဏ္ဍာန်ပေါင်းစုံနဲ့ အမွှန်းတင်နေကြတာသာဖြစ်တယ်။ နအဖရဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတို့ကို မေးငေါ့ပြတာမျိုးတောင် မတွေ့ရဘူး။

အဲဒီလိုကလောင်ရှင်များထဲမှာ ချိုတကာကူး၊ ဘက်တရာပြောင်းခဲ့သူတွေလည်း အမြောက်အမြားပါဝင်တာ တွေ့ကြမှာပဲ။ သူတို့တတွေ ဘယ်အကွေ့မှာ ဘယ်လိုလုပ်ပြီး အခုလို စစ်ဗိုလ်တွေမှန်ကြောင်း၊ ကောင်းကြောင်း အမြင်မှန်တွေရခဲ့တယ်ဆိုတာတော့ သူတို့ရေးတဲ့စာတွေထဲမှာ မပါတာဟာ သတိထားမိကြမယ်ထင်တယ်။ ဒီလူတွေဟာ ထောက်လှမ်းရေးစခန်း။ ဒါမှမဟုတ် ထောင်တွေထဲမှာ အကြားအမြင်ပေါက်ခဲ့ကြတာဖြစ်တယ်ဆိုတာကို ဗမာပြည်သူတွေက မမေ့ဘူး။ ဒီလိုနဲ့ အခုဆိုရင် တချို့ဟာ စစ်အုပ်စုကချောင်းဟန့်ပြလိုက်တာနဲ့ပဲ ဆောင်းပါးတွေ ဒလဟောရေးထွက်လာတဲ့အဖြစ်ရောက်လာတယ်။

တကယ်ကျတော့ အခု သူတို့ရေးပြီးတင်နေတာတွေဟာ စကားလုံးအသုံးအနှုန်းတွေ၊ ကိုးကားတဲ့ ပြည်ပကပညာရှင်ဆိုသူတွေ ပြောင်းလဲကောင်းပြောင်းလဲပေမဲ့ အနှစ်သာရအားဖြင့်တော့ သူတို့ဟာသမိုင်းထဲက အမှိုက်တွေကို ပက်ကင်ပြောင်းပြီး ဆိုင်ပေါ်တင်လာတာသာဖြစ်တယ်။

ဗမာပြည်နိုင်ငံရေးသမိုင်းမှာ နာမည်ဆိုးနဲ့ကျော်ကြားလှတဲ့ □ချမ်းအေးစစ်တမ်းဆိုတာကို ၁၉၅၇ ခုနှစ်၊ ဧပြီလထဲမှာ ဖဆပလအစိုးရက သတင်းစာရှင်းလင်းပွဲလုပ်ပြီး ပွဲထုတ်ခဲ့တယ်။ အဲဒီစစ်တမ်းရဲ့ အနှစ်သာရဟာ □လက်နက်နဲ့ဒီမိုကရေစီလဲရေးဆိုတဲ့ လက်နက်ချရေးပဲဖြစ်တယ်။ အဲဒီတုန်းက ဗကပက ပြည်တွင်းစစ်ရပ်စဲရေးအတွက် နှစ်ဖက်စေ့စပ်ဆွေးနွေးဖို့ တင်ပြတာကို လူထုကြီးကလက်ခံသဘောကျ ထောက်ခံခဲ့ကြတယ်။ (အဲဒီတုန်းက အမျိုးသားရင်ကြားစေ့ရေးဆိုတဲ့ အသုံးအနှုန်းက ခေတ်မစားသေးဘူး။ ပမညတဟာလည်း အဲဒီကြွေးကြော်သံနဲ့ပဲ ၁၉၅၆ ခုနှစ် ရွေးကောက်ပွဲမှာ စံချိန်တင်အောင်ပွဲတွေရခဲ့တယ်။ ဒါ့အပြင် ဆရာကြီးသခင်ကိုယ်တော်မှိုင်းတို့၊ ဗိုလ်မှူးချုပ်ကျော်ဇောတို့ရဲ့ ပြည်တွင်းငြိမ်းချမ်းရေးအဖွဲ့ဆိုရင် ဒီတရားကိုဟောပြောတဲ့အတွက် □ကြွလေရာရာမှာ လူတွေထောင်နဲ့သောင်းနဲ့ ကြိုဆိုခံနေရချိန်ဖြစ်ပါတယ်။ ဆရာကြီးရဲ့ဖဝါးအောက်မှာ အမျိုးသမီးတွေက သူတို့ရဲ့ဆံပင်တွေကို ဖြန့်ခင်းပြီး ဖြတ်လျှောက်စေတာ၊ ဆိုရှယ်လစ်တွေ၊ ပြူစောထီးတွေက တရားပွဲကိုခဲနဲ့ထုတာ စတာတွေဟာ ဒီအချိန်ကာလတွေမှာဖြစ်ခဲ့တာပဲ။ ဒီအချိန်မှာ တိုက်ဆိုင်စွာပေါ်ထွက်လာတဲ့ □ချမ်းအေးစစ်တမ်းမှာပါတဲ့ လက်နက်နဲ့ ဒီမိုကရေစီလဲရေးဆိုတာဟာ အဲဒီလူထုသည်းခြေကြိုက် နှစ်ဖက်စေ့စပ်ဆွေးနွေးရေးဆိုတဲ့အယူအဆကို တိုက်ရိုက်ဆန့်ကျင်တုန့်ပြန်တာဖြစ်တယ်။ တပါတည်းမှာ ဖဆ–ဆိုရှယ်အစိုးရရဲ့ အပြုတ်တိုက်ရေးလမ်းစဉ်အတွက် ဝါဒဖြန့်ကြော်ငြာပေးတာလည်းဖြစ်တယ်။ ထောင်ထဲမှာ လက်နက်ချဖို့အတွက်ရေးတဲ့စာတန်းတခုကို အစိုးရက သတင်းစာရှင်းလင်း ပွဲနဲ့ တပြည်လုံးအနှံ့ ကြော်ငြာပေးတယ်ဆိုတာဟာ ဗမာပြည်သမိုင်းမှာ တွေ့ရခဲ့မှုဖြစ်ရပ်လို့ ဆိုရမှာဖြစ်တယ်။

အဲဒါနဲ့မရှေးမနှောင်းမှာ ဦးဗဆွေနဲ့ သခင်သာခင်တို့ဟာလည်း မိုးကုတ်နဲ့ တောင်ကြီးတို့မှာ ဗကပရှမ်းပြည်နယ်ကော်မတီဝင် (မြောက်ပိုင်းနဲ့တောင်ပိုင်း) တွေနဲ့ တိတ်တဆိတ်တွေ့ဆုံတာတွေလုပ်ခဲ့တယ်။ အနှစ်သာရကတော့ လက်နက်ချလာဖို့ပြောတာပဲ။ လက်နက်ချလာရင် ရာထူးဌာနန္တရတွေပေးမယ်။ ပြင်သစ်ပြည်၊ ပါရီကိုလွှတ်ပြီး ကျောက်မျက်ရတနာရောင်းဝယ်ရေးကိုယ်စားလှယ်ပေးမယ် စတာတွေလည်းပြောတယ်။ ဖဆပလထိပ်သီးတွေက ကိုယ့်အတွက်နာမည်ရမယ့် လက်နက်ချပွဲကြီးတွေဖြစ်လာအောင် အကြံအဖန်လုပ်ကြတာပဲ။

ဦးနုကတော့ သူတို့နဲ့မတူဘူး။ သူက အချိုသတ်စကားတွေ ပိုတယ်လို့ဆိုရမလားပဲ။ ၁၉၅၈ခုနှစ်။ ဇန်နဝါရီလထဲမှာကျင်းပတဲ့ ဖဆပလညီလာခံမှာသူက စကားကြီးသုံးခွန်းဆိုတာပါတဲ့ မိန့်ခွန်းရှည်ကြီးတခုကိုပြောခဲ့တယ်။ သူ့ရဲ့စကားကြီးသုံးခွန်းဆိုတာက ...

၁။ ဘယ်သူမှန်တယ်၊ ဘယ်သူမှားတယ်ဆိုတာတွေ ငြင်းခုံမနေနဲ့တော့။

၂။ ကျနော်တို့မှားခဲ့တာရှိရင် ခင်ဗျားတို့ကသည်းခံပါ။ ခင်ဗျားတို့မှားတာရှိရင်လည်း ကျနော်တို့ကသည်းခံမယ်။

၃။ ခင်ဗျားတို့နဲ့၊ ကျနော်တို့နဲ့ လမ်းစဉ်တွေ။ မူဝါဒတွေကွဲပြားနေပေမဲ့ ပြည်ထောင်စုသားတွေအတွက် အတူလက်တွဲလုပ်နိုင်တဲ့လုပ်ငန်းတွေ အများကြီးရှိတယ်။ ဒါကြောင့် လက်နက်ချအလင်းဝင်ခဲ့ကြပါဆိုတာတွေဖြစ်ပါတယ်။

ဒါပေမဲ့ ချုပ်လိုက်ရင်တော့ ဦးနုကလည်း တောတွင်းက အင်အားစုတွေကို လက်နက်ချခိုင်းတာပဲ။

အဲဒီလို စစ်တပ်က စစ်ရေးအရ ထိုးစစ်ကြီးတွေဆင်၊ စိတ်ဓာတ်စစ်ဆင်ရေးဆိုတာတွေလုပ်နေတာနဲ့ တပြိုင်နက်တည်း ဖဆပလနိုင်ငံရေးသမားတွေက အခုလို ကြိုတ်ဝိုင်းတွေလုပ်။ အခွင့်အရေးနဲ့ ဝယ်ယူတာတွေလုပ်။ သူတို့ကိုယ်ပိုင် ရေဒီယို၊ သတင်းစာတွေနဲ့ အုတ်အော်သောင်းနင်း။ အကြီးအကျယ်ဝါဒဖြန့် စတာတွေလုပ်ခဲ့ကြတာဖြစ်တယ်။ ဒါပေမဲ့ ဖဆ–ဆိုရှယ်တွေရဲ့ ဒီလှုပ်ရှားမှုဟာ ၁၉၅၈ ခုနှစ် ဖဆပလမကွဲမီအထိသာ အရှိန်ကောင်းခဲ့တယ်လို့ဆိုရလိမ့်မယ်။ ဖဆပလလည်းကွဲရော သူတို့အထက်မှာ စစ်တပ်ရောက်နေတာကိုတွေ့ရတော့တာပဲ။ ဒီတခါမှာတော့ အာဏာရ သန့်ရှင်းဖဆပလရော အာဏာမဲ့ တည်မြဲဖဆပလပါ ဗိုလ်နေဝင်း–ဗိုလ်မောင်မောင်တို့နဲ့ စေ့စပ်ဆွေးနွေးခွင့်မရတော့ပါဘူး။ စစ်ဗိုလ်ချုပ်တွေက သူတို့ကိုလည်း အပြုတ်တိုက်လိုက်ပါပြီ။

တချိန်တုန်းက ဖဆပလအစိုးရဟာ နှစ်သံထွက်ခဲ့ပေမဲ့ ဒီနေ့နအဖစစ်အစိုးရကတော့ တသံထဲထွက်နေတာ၊ ထွက်နေမှာဖြစ်တယ်။ နအဖထဲမှာ ဦးနုတယောက်၊ ဦးဗဆွေတယောက် မရှိဘူး။ ဒင်းတို့တတွေ တသွေးတသံတမိန့်ပဲ လုပ်မယ်ဆိုတာ သတိပြုရမယ်။ ဗိုလ်သန်းရွှေဆိုသမျှ အတိအကျလိုက်နာကြပဲဖြစ်မှာ။ ဒါနဲ့ပတ်သက်လို့ ဘာမှယုံမှား စရာမရှိဘူး။

အခုမောင်စူးစမ်းတို့၊ သခင်တင်မြတို့ပြောနေတာကလည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို စေ့စပ်ဆွေးနွေးရေး၊ နှစ်ဖက်ရင်ကြားစေ့ရေးတွေပြောမနေနဲ့။ နအဖဖွင့်ပေးထားတဲ့ □ကြိုးကိုင်ဒီမိုကရေစီထဲမှာ နိုင်ငံရေးကစားလှည့်ပါလို့ ပြောနေတာသာဖြစ်ပါတယ်။ သူတို့တတွေရဲ့ ဘဝဟာ အခုအခါ ထောင်ထဲမှာနေရတာ မဟုတ်ပေမဲ့ ထောင်ထဲမှာလိုပဲ ရေးနေရတယ်ဆိုတာ ဘယ်လိုမှငြင်းမရဘူး။ ဒီအထဲမှာ နအဖကိုဒီချုပ်နဲ့ နိုင်ငံရေးကစားချင်အောင်□ □ကုန်းပတ်ရှင်းပေးပါလို့ပြောနေတာလည်းပါတယ်။ ပြောရာမှာ သူ့ထုံးစံအတိုင်း "clearing the deck," "space" စတဲ့ အင်္ဂလိပ်စကားလုံးတွေ လှိုင်လှိုင်သုံးပြီး ဟိတ်ဟန်တွေနဲ့ပြောတာပဲ။ နအဖရဲ့အစဉ်အလာမှာ သူတို့စကားမပြောနဲ့၊ ကုလသမဂ္ဂအပါ ဘယ်သူ့စကားကိုမှနားထောင်တဲ့ အစဉ်အလာမရှိဘူးဆိုတာကို သူတို့မေ့များနေကြတာလား။ ဒါမှမဟုတ် ဟန်ကိုယ့်ဖို့လုပ်နေကြတာလား။ ရိတော့ရိစရာအကောင်းသား။

ပြန်ကြည့်လိုက်ရင် ဖဆပလအစိုးရမှာ အများလက်ခံအတည်ပြုထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေလည်းရှိတယ်။ သူတို့က ရွေးကောက်ပွဲတွေလည်း လုပ်ခဲ့တယ်။ ဒါပေမဲ့ တိုင်းပြည်ငြိမ်းချမ်းရေး မရခဲ့ဘူး။ အမျိုးသားသွေးစည်းညီညွတ်ရေးမရခဲ့ဘူး။ ဒီမိုကရေစီဆိုတာလည်း သဏ္ဍာန်သာသာပဲဖြစ်ခဲ့တယ်။ အဓိက အကြောင်းရင်းဟာ သူတို့ကိုယ်တိုင်က အာဏာကို လက်မလွှတ်ချင်လို့ပဲ။ အခုနအဖကျတော့ အဲဒီထက်တောင် ဆိုးသေးတယ်။ ၂၀၁၀ ရွေးကောက်ပွဲနဲ့ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတို့က ဘယ်လိုနိုင်ငံတော်မျိုး ဖြစ်ပေါ်စေမယ်ဆိုတာ လူတိုင်း တွေးတောလို့ရနေတာပဲဖြစ်တယ်။ အဲဒီလိုဖြစ်ပေါ်လာမဲ့ အစိုးရတရပ်၊ နိုင်ငံတော်တခုအပေါ်မှာ တမျိုးသားလုံးရဲ့အနာဂါတ်ကို ပုံတာ။ ထီထိုးသလို တဖြည်းတော့ ပြောင်းလဲလာကောင်းရဲ့လို့မျှော်လင့်ချက်တွေပုံတာလောက် မိုက်မဲတာမရှိနိုင်ပါဘူး။ ကံကိုယုံလို့ ဆူးပုံ နင်းတာထက် ဆိုးပါလိမ့်မယ်။

ဗညြ

**ဖဆပလအစိုးရမှာ**

**အများလက်ခံအတည်ပြုထားတဲ့**

**ဖွဲ့စည်းပုံအခြေခံဥပဒေလည်းရှိတယ်။ သူတို့က**

**ရွေးကောက်ပွဲတွေလည်း လုပ်ခဲ့တယ်။**

**ဒါပေမဲ့ တိုင်းပြည်ငြိမ်းချမ်းရေး မရခဲ့ဘူး။**

**အမျိုးသားသွေးစည်းညီညွတ် ရေးမရခဲ့ဘူး။**

**ဒီမိုကရေစီဆိုတာလည်း**

**သဏ္ဍာန်သာသာပဲဖြစ်ခဲ့တယ်။**

**အဓိက အကြောင်းရင်းဟာ သူတို့ကိုယ်တိုင်က**

**အာဏာကိုလက်မလွှတ်ချင်လို့ပဲ။**

ဗညြ

## အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ နိုင်ငံရေးလှုပ်ရှားခွင့်ပေးရန် တောင်းဆို



**အဲန်အယ်လ်ဒီ ပြောရေးဆိုခွင့်ရှိသူ ဦးဉာဏ်ဝင်း**

စက်တင်ဘာ (၉)

အမျိုးသားဒီမိုကရေစီအဖွဲ့မှ မိမိတို့ပါတီသည် တရားဝင်နိုင်ငံရေးပါတီဖြစ်သည့်အလျောက် ပါတီရုံးခန်းများ ပြန်လည်ဖွင့်လှစ်ပေးပြီး စည်းရုံးလှုပ်ရှားမှုများအား လွတ်လပ်စွာဆောင်ရွက်ခွင့်ပေးရန် ကြေညာချက်တစောင်ထုတ်ပြန်၍ အာဏာပိုင်တို့ထံမှ တောင်းဆိုလိုက်သည်။

အဆိုပါကြေညာချက်အား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်ကော်မတီအဖွဲ့မှ နအဖစစ်အုပ်စုခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပေးပို့ခဲ့ခြင်းဖြစ်သည်။

ယင်းကြေညာချက်အတွင်း မကွေးတိုင်း၊ ပခုက္ကူမြို့နယ်အတွင်းတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းတခုမှနေ၍ ဆိုင်းဘုတ်တင်ခြင်း၊ စုဝေးခြင်း၊ စည်းဝေးခြင်းများကိုပြုလုပ်လျက်ရှိနေသော်လည်း အာဏာပိုင်တို့က ကန့်ကွက်ပြောဆိုခြင်း တစုံတရာမရှိသည့်အတွက် မိမိတို့၏ တရားဝင်ပါတီဖြစ်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တနိုင်ငံလုံးရှိရုံးများအား ပိတ်ထားသည့်အပြင် စည်းရုံးလှုပ်ရှားခွင့်မပေးသည့်အတွက် တရားမျှတမှုမရှိသောကြောင့် ယခုကဲ့သို့တောင်းဆိုခြင်းဖြစ်ကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြောခွင့်ရဖြစ်သူ ဦးဉာဏ်ဝင်းက ယင်းကြေညာချက်သည် ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်ရေးနှင့် မသက်ဆိုင်ကြောင်း၊ နိုင်ငံရေးပါတီတရပ်အနေဖြင့် နိုင်ငံရေးလှုပ်ရှားခွင့်ရှိရမည်ဖြစ်ကြောင်း၊ လှုပ်ရှားခွင့်မရသည်ကို လှုပ်ရှားခွင့်ရရှိအောင် တင်ပြတောင်းဆိုသည့်စာသာဖြစ်ကြောင်း၊ မိမိတို့ပါတီသည် တရားဝင်ရပ်တည်လျက်ရှိနေသည့်ပါတီဖြစ်သည့်အတွက် လုပ်သင့်လုပ်ထိုက်သည်ကိုသာ လုပ်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၉၀ ပြည့်ရွေးကောက်ပွဲအတွင်း မဲအပြတ်အသတ်ဖြင့်အနိုင်ရခဲ့သော်လည်း စစ်အစိုးရမှ အသိအမှတ်ပြုခြင်း မရှိသည့်အပြင် နိုင်ငံတွင်း၊ အနယ်နယ်အရပ်ရပ်ရှိ ပါတီဝင်များအား ဖိနှိပ်နှိပ်ကွပ်ခြင်း၊ ရုံးခန်းများကို ချိပ်ပိတ်ခြင်းများ ပြုလုပ်ခဲ့သည်။ ၎င်းအပြင် ပါတီ၏ အဓိကခေါင်းဆောင်များဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးအပါအဝင် ပါတီဝင်ပေါင်း (၄၀၀) ကျော်ခန့်ကိုလည်း ထောင်သွင်းအကျဉ်းချထားလျက်ရှိသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် ၂၀၁၀ တွင်ပြုလုပ်မည့် စစ်အစိုးရ၏ ရွေးကောက်ပွဲအတွင်း ဝင်ရောက်ယှဉ်ပြိုင်ရေးနှင့်ပတ်သက်၍ တိကျသည့်သဘောထားကို ယခုအချိန်ထိထုတ်ပြန်ခြင်းမရှိသေးချေ။

## စာမျက်နှာ (၇)
## ရဲဘော်စိုးလွင်၏တင်ပြချက်မှ

ထဲမှာကော အနှိမ်ခံရတာတွေ၊ မတရားခိုင်းစေတာတွေရှိပါတယ်။ ဟိုတုန်းက ဂျပန်တော်လှန်ရေးမှာ ဘယ်သူဟာ ကွန်မြူနစ်၊ ဘယ်သူကဆိုရှယ်လစ်လည်း မသိလို့မရဘူး။ ဂျပန်တော်လှန်ရေးမှာ ဂျပန်ခေတ်ထဲကလုပ်လာတဲ့ပုဂ္ဂိုလ်တွေဖြစ်တဲ့အခါကျတော့ ဖုံးထားဖိထား၊ ပစ်ပယ်လို့ကိုမရဘူး။ ကျနော်တို့က ဘုံပေါက်သာကျော်တို့ တပ်ရင်း (၄) ရင်းနဲ့ သွားတိုက်တာကို မနိုင်တဲ့အတွက်ကြောင့် ကျနော်တို့ကို အားကိုးပြီးတော့ လူထုကိုမီးရှို့ခိုင်းတယ်။ နှိမ်နင်းခိုင်းတယ်။ ဂျပန်ခေတ်တုန်းက ပြည်သူလူထုက ကျနော်တို့ကို အမျိုးမျိုးကူညီခဲ့တယ်။ ပြည်သူလူထုကို ပြန်ပြီးတော့ ပြန်လုပ်ရတယ်ဆိုတော့ တော်တော်ပဲ ကျနော်တို့စိတ်ဆင်းရဲရတယ်။ ဗမာပြည်ကွန်မြူနစ်ပါတီကိုလုပ်တဲ့အခါမှာ မတရားသင်းကြေညာပြီးတော့ လုပ်တာမဟုတ်ဘူး။ ၁၉၄၈ ခုနှစ်၊ မတ်လ (၂၈) ရက်မှာ တပြိုင်တည်း၊ တပြည်လုံး လိုက်ဖမ်းလားဆီးလား၊ အလုပ်သမားသမဂ္ဂခေါင်းဆောင်လယ်သမားသမဂ္ဂခေါင်းဆောင်၊ အကုန်လုံး ချေမှုန်းလိုက်တဲ့သဘော။ ဒီစစ်အစိုးရက NLD ကိုတရားဝင်အသိအမှတ်ပြုပြီးတော့ NLD ကြေပြုန်းအောင် နည်းမျိုးစုံနဲ့ အင်အားချိနဲ့အောင်လုပ်နေတာနဲ့အတူတူပါပဲ။

ဂျပန်စစ်ရှုံးတော့ ကျနော် အသက် (၂၄) နှစ်ပဲရှိသေးတယ်။ အခုကျနော် အသက် (၇၈) နှစ်၊ တော်လှန်ရေးသက်တမ်းနှစ် (၅၀) ကျော်သွားပြီ။ ထိတွေ့လာတဲ့ အတွေ့အကြုံတွေအရ တချက်လောက်တင်ပြချင်တယ်။ ရန်သူကိုတိုက်တဲ့နေရာမှာ ကျနော်တို့ယုံကြည်ချက်က တပ်ပေါင်းစုနဲ့တိုက်မှရမယ်လို့ ကျနော်တို့ယုံကြည်တယ်။ တပ်ပေါင်းစုဆိုတာကတော့ DAB ရှိတယ်။ NCUB ရှိတယ်။ တပ်ပေါင်းစုကို ခိုင်ခိုင်မာမာ ကျစ်ကျစ်လစ်လစ် ကျယ်ကျယ်ပြန့်ပြန့်ရှိဖို့လိုတယ်လို့ ကျနော်ယုံကြည်တယ်။ ဖြစ်လည်းဖြစ်စေချင်တယ်။ နောက်တခုက လက်နက်ကိုင်တပ်တတပ် ရှိဖို့လိုတယ်။ တပ်မတော်တည်ဆောက်ရမယ်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းက လမ်းပြခဲ့တာဖြစ်တယ်။ အဲဒါကို ဒီနေ့အထိ ယုံကြည်ထားတယ်။ အုပ်စိုးသူလူတန်းစားက ကျနော်တို့ကို ဖိနှိပ်တဲ့နေရာမှာ လက်နက်အားကိုးပြီး၊ အကြမ်းဖက်နှိမ်နင်းတယ်။ လက်နက်အားကိုးနှိမ်နင်းတာကို လက်နက်နဲ့ပြန်တော်လှန်တာကို တရားတယ်လို့ ကျနော်က ယူဆတယ်။ ဒီနေ့အနေအထားမှာ လူမျိုးစုအသီးသီးမှာလည်း သူ့ပါတီ၊ သူ့အဖွဲ့အစည်း၊ သူ့လက်နက်ကိုင်တပ်တွေနဲ့ ရှိကြတယ်။ နည်းတာများတာ တခုချင်းပဲ။ ဒါဟာမှန်ကန်တယ်။ အုပ်စိုးတဲ့လူတန်းစားဟာ လက်နက်ကိုင်ထားတာနဲ့အမျှ ကျနော်တို့ လက်နက်ကိုင်ထားရလိမ့်မယ်။ လက်နက်ကို စွန့်လို့မရဘူး။ လက်နက်ချလို့လည်းမရဘူး။ ဒီမိုကရေစီနဲ့လည်း လဲလို့မရဘူး။ ကျနော်တို့သဘောထားက လက်နက်ကိုင်တပ်တွေရှိသင့်တယ်။ ထိန်းသိမ်းထားသင့်တယ်။ တတ်နိုင်ရင် ပြည်သူတွေကို လက်နက်တပ်ဆင်ပေးရမယ်။ ခင်ဗျားတို့ ဒီနေ့စဉ်းစားကြည့်လေ။ NLD ရွေးကောက်ပွဲမှာ ပြည်သူတွေအာဏာအပ်နှင်းပေးထားတာ ဘယ်လောက်ကြာပြီလဲ။ ဘယ်နှစ်နှစ်ရှိပြီလဲ။ ကျနော်တို့ အတွေ့အကြုံအရ၊ ဘာရှိလဲဆိုတော့ ခင်ဗျားတို့ ကျနော်တို့က ပြည်တွင်းစစ်လို့ ပြောနေတယ်။ သူက ပြည်တွင်းစစ်မဟုတ်ဘူး။ ပြည်တွင်းစစ်မခေါ်ဘူး။ ဟိုကတည်းက သောင်းကျန်းသူတွေ ကျနော်တို့ဟာတော်လှန်တဲ့လူတွေ၊ ဒီမိုကရေစီလိုလားတဲ့ပုဂ္ဂိုလ်တွေဆိုတာကို မေးမှိန်အောင်၊ သောင်းကျန်းသူတွေတဲ့။ တကယ်သောင်းကျန်းတာ သူတို့လား၊ ကျနော်တို့လား၊ ခင်ဗျားတို့သိမယ်။ တရုတ်ပြည်မှာ ချန်ကေရှိတ်လက်ထက် ကွန်မင်တန်က မော်စီတုံးတို့ တရုတ်အင်အားနည်းတဲ့အချိန်မှာ ချန်ကေရှိတ်ဘာပြောလဲ။ ဓားပြတွေတဲ့။ တရုတ်ပြည်မှာ တရုတ်ကွန်မြူနစ်တွေကို ဓားပြတွေလို့ပြောတယ်။ ဗမာပြည်မှာ ဗမာကွန်မြူနစ်တွေကို ဒီမိုကရေစီလိုလားတဲ့ပုဂ္ဂိုလ်တွေ၊ တော်လှန်ရေးသမားတွေကို သောင်းကျန်းသူတွေလို့ပြောတယ်။ ဒါကြောင့် သူတို့ဟာ ပြည်တွင်းစစ်အနေနဲ့ အသိအမှတ်မပြုဘူး။ ခင်ဗျားတို့၊ ကျနော်တို့သာ ပြည်တွင်းစစ်ပြောနေတာ။ ဒီနေ့ဘာပြောနေလဲ။ ထောင်ထဲမှာ နိုင်ငံရေးအကျဉ်းသမားမရှိဘူးတဲ့။ အဲဒါ မူလကတည်းက အခြေခံပဲဖြစ်တယ်။ အခုပုဂ္ဂိုလ်အသီးသီး၊ ခေါင်းဆောင်အသီးသီးက ကိုယ့်ရဲ့အတွေ့အကြုံအရပြောသွားတာ၊ အများကြီးတန်ဖိုးရှိပါတယ်။ ကျနော်တို့လည်း မှတ်သားပါတယ်။ နှစ် (၅၀) ကျော်လာပြီ။ ရန်သူကိုတိုက်တဲ့နေရာမှာ လက်ဝဲ လက်ယာ မခွဲဖို့ဆိုတာ သက်ဆိုင်ရာတွေပြောခဲ့တာရှိတယ်။ လေးလေးနက်နက်ဖြစ်အောင်၊ ခိုင်ခိုင်မာမာပြောချင်တာရှိတယ်။ တင်ပြချင်တာရှိတယ်။ အဲဒါက ဒုတိယကမ္ဘာစစ်တုန်းကရခဲ့တဲ့ အတွေ့အကြုံတွေပဲ။ အမေရိကန်၊ အင်္ဂလိပ်၊ သူတို့က အရင်းရှင်တိုင်းပြည်၊ တဖက်က ဆိုဗီယက်ယူနီယံ ရုရှားကြီးက စတာလင်ရှိ တယ်။ အင်္ဂလိပ်၊ အမေရိကန်အရင်းရှင်နဲ့ ကွန်မြူနစ်ဟာ “ခမ္ဘာသောက အင်းဝရာဇာ”။ ဒါဟာ ရန်သူတွေကိုး။ ဒါပေမဲ့ ဒုတိယကမ္ဘာစစ်ဖြစ်တုန်းက အင်္ဂလိပ်ဆိုရင် ချာချီ။ အမေရိကန်ဆိုရင် ရုစဘဲ့။ ဟိုဘက်က စတာလင်တို့မဟာမိတ်ဖွဲ့ခဲ့တယ်။ အင်္ဂလိပ်က အမေရိကန်နဲ့ ရုရှားတို့ဟာ လက်ဝဲလက်ယာညီညွတ်ရေးမဟုတ်ဘူးလား။ အမေရိကန်ကခေါင်းဆောင်တွေ ရုစဘဲ့တို့၊ ချာချီတို့ဟာ နယ်နယ်ရရပုဂ္ဂိုလ်တွေ မဟုတ်ဘူး။ ဘာဖြစ်လို့ ရုရှား၊ စတာလင်နဲ့ပေါင်းလဲ။ တဖက်က ဂျာမဏီ ဟစ်တလာနာဇီဝါဒ၊ မူဆိုလီနီတို့ဖြစ်တယ်။ ဂျပန်ရဲ့ ဖက်ဆစ်စနစ်က ကမ္ဘာကြီးကိုလွှမ်းမိုးသွားမယ်ဆိုရင် ကမ္ဘာကြီးတခုလုံး ဒုက္ခဖြစ်သွားမယ်ဆိုတာသူတို့နားလည်တယ်။ ဒါကြောင့် နံပါတ် (၁) ရန်သူဟာ ကွန်မြူနစ်မဟုတ်ဘူး။ ဖက်ဆစ်ဂျာမဏီ နာဇီတွေဖြစ်တယ်ဆိုတာကို ရုစဘဲ့တို့၊ ချာချီတို့ သဘောပေါက်တဲ့အတွက်ကြောင့် ကွန်မြူနစ်တွေဟာ ရန်သူတွေဖြစ်လင့်ကစား၊ ဝါဒချင်းမတိုက်ပေမဲ့ စတာလင်နဲ့ပေါင်းပြီးတော့ ဂျာမနီ ဟစ်တလာကိုတိုက်တဲ့အတွက်ကြောင့်နိုင်ခဲ့တယ်။ သမိုင်းကပြခဲ့တယ်။ အလားတူပဲ တရုတ်ပြည်မှာ ကွန်မင်တန် ချန်ကေရှိတ်က၊ တရုတ်မော်စီတုန်း ကွန်မြူနစ်နဲ့တိုက်တယ်။ ဂျပန်ဝင်လာတဲ့အခါ မူလတိုက်နေတဲ့ရန်သူကနေပြီး တရုတ်ကွန်မြူနစ်နဲ့ချန်ကေရှိတ်နဲ့ပေါင်းပြီးတော့ ဂျပန်ကို ပြန်ဆန့်ကျင်တယ်။ အဲဒီသာဓကတွေကြောင့် ခုဒီမှာလည်း လက်ဝဲလက်ယာ မခွဲခြားရေး၊ အပေါ်ယံမဟုတ်ဘဲ နှစ်နှစ်ကာကာ လေးလေးနက်နက်ဖြစ်စေချင်လို့ တင်ပြခြင်းဖြစ်တယ်။ လက်ဝဲလက်ယာ မခွဲဘူးဆိုတဲ့နေရာမှာ မပေါင်းချင်သလို၊ ပေါင်းချင်သလို မဖြစ်စေချင်ဘူး။ လက်ဝဲလက်ယာ လက်တွဲပြီး ဘုံရန်သူ စစ်အာဏာရှင်စနစ်ကို တိုက်ဖို့လိုတယ်။ စိတ်ရောကိုယ်ပါ လက်တွဲဖို့လိုတယ်ဆိုတာကို လေးလေးနက်နက် တင်ပြချင်တယ်။ ညီညွတ်ရေးဆိုတာမှာလည်း ကိုယ့်အဖွဲ့အတွင်းမှာလည်း ညီညွတ်ရေးလိုတယ်။ ကိုယ့်အဖွဲ့နဲ့ အခြားအဖွဲ့တွေမှာလည်းလိုတယ်။ အဓိကရန်သူ ဘယ်သူလဲ။ အဓိကရန်သူဟာ သိကြတဲ့အတိုင်းပဲ နဝတ၊ နအဖဖြစ်တယ်။ အခုဒီမှာ နဝတ၊ နအဖကိုဆန့်ကျင်တဲ့အင်အားစုတွေ၊ မဟာမိတ်တွေ၊ မိတ်ဆွေတွေဖြစ်တယ်။ ဒါကြောင့် ဘုံရန်သူတွေကိုတိုက်ဖို့အတွက် မဟာမိတ်တွေက စည်းစည်းလုံးလုံးညီညီညွတ်ညွတ်နဲ့ အဓိက စစ်မှန်တဲ့သွေးစည်းညီညွတ်ရေးဖြစ်ဖို့အတွက် ပထမခြေလှမ်းဖြစ်ပါတယ်။ ဒီရည်မှန်းချက်ထမြောက်အောင် အဓိကဘုံရန်သူကို ဦးတည်ပြီးတော့လုပ်ကြပါ။ ကျန်တာတွေကတော့ အဖွဲ့လိုက် လက်တွဲပြီးလုပ်မယ်။ တူညီတဲ့ လုပ်ငန်းတွေရှိမယ်။ အချို့မတူသေးတာတွေရှိမယ်။ အချို့ ညှိပြီးလုပ်ရမှာရှိတယ်။ ဒီနည်းနဲ့ ညီညွတ်ရေးကိုတည်ဆောက်ပြီးတော့ ဘုံရန်သူကို ကျဆုံးအောင် ဆက်လက်တိုက်ပွဲဝင်သွားဖို့လိုတယ်။ + + +

# စစ်အစိုးရအနေဖြင့် မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုမဆို ချေမှုန်းလိုသည်ဟု ကိုးကန့်ခေါင်းဆောင်ပြောဆို



Photo : Irrawaddy

ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်

စက်တင်ဘာ ၁၅။

ဩဂုတ်လအတွင်းက (၃) ရက်ကြာဖြစ်ပွားခဲ့သည့် ကိုးကန့်ဒေသတိုက်ပွဲများအပြီးတွင် စစ်အစိုးရအနေဖြင့် အခြားတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များအားလည်း တိုက်ခိုက်လိမ့်မည်ဖြစ်ကြောင်း တိမ်းရှောင်နေသည့် ကိုးကန့်အဖွဲ့ခေါင်းဆောင် ဖုန်းကြားရှင်မှ ပြောဆိုလိုက်သည်။

စစ်အစိုးရက ကိုးကန့်ဒေသအား မူးယစ်ဆေးနှင့် လက်နက်စက်ရုံတို့ကို အကြောင်းပြကာ ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံတွင် နအဖစစ်တပ်သည် အင်အားတောင့်တင်းသည့် လက်နက်ကိုင်တပ်ဖွဲ့ဖြစ်လာနေပြီး မည်သည့်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကိုမဆို ချေမှုန်းနိုင်လိမ့်မည်ဖြစ်ကြောင်း ဖုန်ကြားရှင်မှပြောဆိုခဲ့သည်။

ကိုးကန့်ဒေသရှိ လက်နက်ပြင်ဆင်သည့်စက်ရုံသို့ ယခင်က အစိုးရအရာရှိများ သွားရောက်လည်ပတ်ခဲ့ဖူးသော်လည်း ယခုအခါမှ ထိုအချက်ကို ဆင်ခြေပေးကာ ကိုးကန့်အဖွဲ့အား ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်ဟုလည်း ဖုန်ကြားရှင်မှ ပြောဆိုခဲ့သည်။

မြန်မာစစ်အစိုးရအနေဖြင့် ရိုင်းရိုင်းစိုင်းစိုင်း၊ ကြမ်းကြမ်းတမ်းတမ်းလုပ်လာပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်လာနေပြီဖြစ်ကြောင်းလည်း ၎င်းကပြောဆိုခဲ့သည်။

ထို့ပြင် စစ်အစိုးရအနေဖြင့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးတိုးချဲ့လိုသဖြင့် တရုတ်အစိုးရ၏ ဩဇာခံမဟုတ်ကြောင်း ပြသလိုသည့်အတွက် ကိုးကန့်ဒေသအား ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်ဟုလည်း ဖုန်ကြားရှင်မှ သူ၏အမြင်ကိုပြောဆိုခဲ့သည်။

မကြာသေးမီက စစ်အစိုးရမှ ဖုန်ကြားရှင်နှင့် ကိုးကန့်ခေါင်းဆောင်တို့အား ဥပဒေချိုးဖောက်သူများဖြစ်ကြောင်းနှင့် အသစ်ပေါ်ပေါက်လာသည့် ကိုးကန့်ဒေသ ယာယီဦးစီးကော်မတီနှင့် လက်တွဲသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ သို့သော်လည်း အသစ်ဖွဲ့စည်းလိုက်သည့် ကိုးကန့်ကော်မတီ၏ခေါင်းဆောင်များသည် လူထုကိုသစ္စာဖောက်ပြီး စစ်အစိုးရထံ အညံ့ခံလိုက်သူများသာဖြစ်သည်ဟု ဖုန်ကြားရှင်မှ ပြောဆိုလိုက်သည်။

# နအဖစစ်အုပ်စုမှ ၂၀၁၀ ရွေးကောက်ပွဲရှုံးနိမ့်ခြင်းမရှိစေရန် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အနိုင်ရခဲ့သည့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲမြင်ကွင်းတခု

စက်တင်ဘာ ၁၄

၂၀၁၀ တွင် စစ်အုပ်စုမှ ကြီးမှူးကျင်းပမည့် ရွေးကောက်ပွဲသို့ တပ်မတော်အငြိမ်းစား စစ်အရာရှိများ အမတ်လောင်းများအဖြစ် ပါတီတရပ်ဖွဲ့စည်းပြီး ပါဝင်လာနိုင်စေရန်အတွက် စစ်အစိုးရမှ ညီလာခံတရပ်ခေါ်ယူပေးမည်ဖြစ်ကြောင်း သိရသည်။

၂၀၀၉ ခုနှစ် လာမည့်အောက်တိုဘာလအတွင်း မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းများ၏ညီလာခံအား ကျင်းပမည်ဖြစ်ပြီး အငြိမ်းစားစစ်အရာရှိများကို ပြည်နယ်နှင့်တိုင်းအလိုက် ကိုယ်စားပြုယှဉ်ပြိုင်မည့် အမတ်လောင်းများအဖြစ် ရွေးချယ်မှုများပြုလုပ်လာနိုင်ကြောင်း နေပြည်တော်ဝန်ကြီးများနှင့်နီးစပ်သည့်အသိုင်းအဝိုင်းသတင်းများအရသိရသည်။

မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း ညီလာခံအား ပြည်နယ်နှင့်တိုင်းရှိ စစ်အရာရှိအားလုံး စုံစုံညီညီတက်ရောက်ရမည်ဖြစ်ပြီး ညီလာခံကျင်းပနေသည့် (၄) ရက်တာကာလတွင် ၂၀၁၀ ရွေးကောက်ပွဲအတွက် စစ်အရာရှိဟောင်းများ ဝင်ရောက်ယှဉ်ပြိုင်ရေးကိစ္စအား အဓိကအားဖြင့် ဦးစားပေးဆွေးနွေးဖွယ်ရှိနိုင်ကြောင်းလည်း သိရသည်။

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းညီလာခံကို အောက်တိုဘာလဆန်းပိုင်းတွင် ကျင်းပပြီးသည့်နောက်တွင် အောက်တိုဘာလကုန်ပိုင်းတွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း (ကြံ့ဖွံ့) ၏ နှစ်ပတ်လည်ညီလာခံကိုပါ ဆက်လက်ကျင်းပမည်ဖြစ်သည့်အတွက် စစ်အုပ်စုအနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲအတွက် အပြီးသတ်ပြင်ဆင်မှုများ ပြုလုပ်ဖွယ်ရှိသည်ဟုလည်း သိရှိရသည်။

စစ်အစိုးရအနေဖြင့် ကိုယ်စားပြုပါတီတခုတည်းဆိုပါက ခြေချော်လက်ချော်ရှုံးသွားနိုင်သည့်အတွက် ကြံ့ဖွံ့မှလည်း ပါတီထောင်၊ စစ်မှုထမ်းဟောင်းများမှလည်း ပါတီထောင်မည့်အပြင် ကိုအေးလွင်ကဲ့သို့ စစ်အစိုးရ၏ ဒီမိုကရေစီလမ်းပြမြေပုံအားထောက်ခံသည့် အစိုးရနှင့်ဆက်နွယ်သည့်အုပ်စုများမှလည်း ပါတီများထောင်ကာ ရွေးကောက်ပွဲဝင်လာနိုင်သည်ဟု သုံးသပ်ပြောဆိုလျက်ရှိသည်။

စစ်တပ်ကျောထောက်နောက်ခံပါတီတခုဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ (တစည) သည် ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် အပြတ်အသတ်ရှုံးနိမ့်ခဲ့သည်အား နမူနာယူသည့်အနေဖြင့် ၂၀၁၀ ရွေးကောက်ပွဲတွင် စစ်အစိုးရကျောထောက်နောက်ခံပါတီ အများအပြားထူထောင်ခြင်းအားဖြင့် စစ်အုပ်စုအနေဖြင့် ရွေးကောက်ပွဲရှုံးနိမ့်ခြင်းမရှိအောင် လုပ်ဆောင်နေခြင်းသာ ဖြစ်နိုင်ကြောင်းသိရသည်။

## တိုင်းပြည်နဲ့ ပြည်သူလူထုအကျိုးကို ရှေ့ရှု၍ ပြတ်ပြတ်သားသားဆောင်ရွက်ကြ

ဗိုလ်ချုပ်အောင်ဆန်း



မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်။

# နအဖစစ်တပ်နှင့် ကိုးကန့်တပ်တို့ တရုတ်–မြန်မာနယ်စပ်တွင် တိုက်ပွဲများဖြစ်ပွား


ကိုးကန့်ဒေသတိုက်ပွဲကြောင့် နေရပ်ရင်းစွန့်ခွာလာကြသူများ


ထွက်ပြေးလာသည့်ဒုက္ခသည်များအား စောင့်ရှောက်ထားသည့်ယာယီစခန်း

ကိုးကန့်ဒေသသည် နအဖနှင့် အနှစ်နှစ်ဆယ်ငြိမ်းချမ်းရေးရယူခဲ့ပြီး အပစ်အခတ်ရပ်စဲထားသော်လည်း နယ်ခြားစောင့်တပ်အဖြစ် ပြောင်းလဲဖွဲ့စည်းရန် ကမ်းလှမ်းသည်ကို ငြင်းဆန်ခဲ့သောကြောင့် နအဖတပ်များမှ ဩဂုတ်လ (၂၆) ရက်နေ့က စတင်ထိုးစစ်ဆင်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထိုသို့ နအဖတပ်များ၏ ထိုးစစ်ကြောင့် ဒေသခံပြည်သူ (၃၀၀၀၀) ခန့် တရုတ်နိုင်ငံတွင်းသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရကြောင်း အေအက်ဖ်ပီသတင်းအရ သိရသည်။

တရုတ်–မြန်မာနယ်စပ်ဒေသ တည်ငြိမ်ရေးကို ထိန်းသိမ်းရန် မြန်မာစစ်အစိုးရဖက်မှ ထိုးစစ်ဆင်မှုများအား ရပ်တန့်ပေးရန်နှင့် ပြည်တွင်းရေးကိစ္စအား ပြေလည်အောင်ဖြေရှင်းနိုင်လိမ့်မည်ဟု တရုတ်အစိုးရအနေနှင့် မျှော်လင့်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဂျန်ယူးက ပြောကြားလိုက်သည်။

ဩဂုတ်လ(၂၇) ရက်နေ့ နံနက်ပိုင်းမှစတင်၍ ရန်လုံကိုက်နှင့် နမ်ဆာကြားတွင် တိုက်ပွဲများ စတင်ဖြစ်ပွားခဲ့ရာ တစ်ယောက်သေဆုံးပြီး တယောက် ဒဏ်ရာရကာ လေးယောက်မှာ တရုတ် ပြည်တွင်းသို့ ထွက်ပြေးသွားကြောင်း၊ ၄၂ ယောက်ဖမ်းဆီးမိကာ သေနတ်အလက် (၅၀) သိမ်းဆည်းရမိကြောင်း၊ ၄င်းနောက် ကိုးကန့်ခေါင်းဆောင် ဦးဖုန်ကျားရှင်မှ တိုင်းရင်းသားအဖွဲ့ပေါင်းစုံပါဝင်ပြီး ငြိမ်းချမ်းသည့်နည်းနှင့် ဖြေရှင်းလိုကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့ပြီး ဖမ်းမိသူများအား ညနေပိုင်းတွင် ပြန်လွှတ်ပေးလိုက်ကြောင်း နယ်စပ်စစ်ရေးလေ့လာနေသူ ဦးအောင်ကျော်ဇောမှ အာရ်အက်ဖ်အေသို့ ပြောကြားသည်။

ဆက်လက်၍ ဩဂုတ်လ (၂၈) ရက်နေ့ နံနက်အာရုဏ်တက်တွင် တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့ပြီး ရင်ခွဲတောင်ပေါ်မှ ပွိုင့်ဖိုက်နှင့်ပစ်ခတ်ခဲ့ရာ နအဖ ဘက်မှ ကားတန်းအား ထိမှန်ခဲ့ကြောင်း၊ ကား (၄) စီး မီးလောင်ပျက်စီး၍ အချို့မှာ ဒဏ်ရာရရှိကြောင်း ပြောသည်။

တတိယမြောက်နေ့တွင် တိုက်ပွဲအရှိန် လျော့ကျလာသော်လည်း စစ်အစိုးရဘက်မှ တပ်မ ၃၃ နှင့် ၉၉ အား ထပ်မံဖြည့်တင်းလိုက်သောကြောင့် မြန်မာစစ်တပ်ဘက်မှအင်အားမှာ စုစုပေါင်း (၁၀၀၀၀) ခန့် ဖြစ်နိုင်ကြောင်း၊ ကိုးကန့်တပ်အင်အားမှာ (၁၀၀၀) သာရှိကြောင်း၊ ၄င်းပြင် မြန်မာစစ်တပ်ဘက်မှ လက်နက်ကြီးများနှင့် ပစ်ခတ်တိုက်ခိုက်ခဲ့သောကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိမှုများဖြစ်လာသဖြင့် ကိုးကန့်တပ်များ တရုတ်ပြည်တွင်းသို့ ဆုတ်ခွာပေးခဲ့ရပြီး မဟာမိတ်တပ်များမှာလည်း ၄င်းတို့ဒေသများသို့ ပြန်လည်ဆုတ်ခွာခဲ့ရကြောင်း တရုတ်–မြန်မာ နယ်စပ် စစ်ရေးလေ့လာသူ ဦးအောင်ကျော်ဇောမှ ဗွီအိုအေသို့ပြောသည်။

မြန်မာစစ်တပ်များမှ ဩဂုတ်လ (၂၆) ရက်နေ့က စတင်ထိုးစစ်ဆင်လာခဲ့ရာ ဒေသခံ (၃၀၀၀၀) ခန့် တရုတ်နိုင်ငံ ယူနန်နယ်တွင်းသို့ ထွက်ပြေးခိုလှုံခဲ့ရသည်။

# စစ်ပြေးဒုက္ခသည်များအား နေရပ်ရင်းပြန်ပို့ပါက အသက်အန္တရာယ်ရှိနိုင်

လွန်ခဲ့သည့် ဇွန်လဆန်းပိုင်းအတွင်းက တပ်မဟာ (၇) ထိန်းချုပ်နယ်မြေအတွင်းဖြစ်ပွားခဲ့သည့် ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် ထွက်ပြေးတိမ်းရှောင်လာခဲ့ရသည့် ကရင်စစ်ပြေးဒုက္ခသည်များအား လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံဘက်ခြမ်းသို့ ပြန်လည်ပို့ဆောင်မည်ဆိုပါက အသက်အန္တရာယ် လုံခြုံမှုမရှိကြောင်း မြန်မာဘက်မှ ဒေသခံတို့အဆိုအရသိရသည်။

အဆိုပါထိုးစစ်ကြောင့် ထိုင်းနိုင်ငံဘက်ခြမ်းသို့ ထွက်ပြေးတိမ်းရှောင်ကာ ထာ့ဆောင်ရမ်းမြို့နယ်အတွင်း ခိုလှုံနေကြသည့် စစ်ပြေးဒုက္ခသည် (၄၀၀၀) ခန့်အား မြန်မာဘက်ခြမ်းသို့ပြန်လွှတ်ရန် တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် (ဒီကေဘီအေ) မှ ထိုင်းစစ်တပ်နှင့် လာရောက်ဆွေးနွေးခဲ့သည်။ သို့သော်လည်း ထွက်ပြေးလာသည့်ဒုက္ခသည်များမှ ပြန်ရန်ငြင်းဆိုခဲ့သည့်အတွက် ဆွေးနွေးပွဲမှာ မအောင်မြင်ခဲ့ဟုသိရသည်။


တိုက်ပွဲကြောင့်ထွက်ပြေးလာသည့်ဒုက္ခသည်များ

အဆိုပါဒုက္ခသည်များ နေရပ်ပြန်ပို့ရေးကိစ္စနှင့်ပတ်သက်၍ တပ်မဟာ (၇) ဘားအံခရိုင်အတွင်းတပ်စွဲထားသည့် ဒီကေဘီအေတပ်ဖွဲ့ဝင်တဦးကမူ ဒုက္ခသည်များအားပြန်ပို့ပါက အသက်အန္တရာယ်များရှိနိုင်သည်ဟု ပြောဆိုခဲ့သည်။

ကေအဲန်ယူ တပ်မဟာ (၇) ခရိုင်အတွင်းတွင် ထိုးစစ်များဖြစ်ပွားစဉ်က မြေမြှုပ်မိုင်းအလုံး (၃၀၀၀) ခန့်ထောင်ထားခဲ့ပြီး အဆိုပါမိုင်းကြောင့်ပင် နေ့စဉ်နှင့်အမျှ သေကြေဒဏ်ရာရသူများရှိနေသဖြင့် ထိုင်းဘက်ခြမ်းသို့ရောက်ရှိနေသည့် စစ်ပြေးဒုက္ခသည်များအား ပြန်ပို့မည်ဆိုပါက သေတွင်းသို့ပို့သကဲ့သို့ဖြစ်မည်ဖြစ်ကြောင်း အဆိုပါ ဒီကေဘီအေတပ်ဖွဲ့ဝင်က ပြောဆိုခဲ့သည်။

အဆိုပါဒေသအား လာမည့်ပွင့်လင်းရာသီတွင် မိုင်းများရှင်းလင်းကာ မြို့သစ်တည်ဆောက်ပြီး ကုန်သွယ်ရေးဂိတ်နှင့် နယ်ခြားစောင့်တပ်စခန်းများ ဆောက်လုပ်မည်ဖြစ်ကြောင်းလည်း သိရသည်။

ဒေသခံထိုင်းအာဏာပိုင်တို့က ဒုက္ခသည်များအား နေရပ်ရင်းပြန်စေလိုသော်လည်း ၎င်းတို့၏ဆန္ဒမပါဝင်ပဲ အတင်းအကြပ်လုပ်ဆောင်မည်မဟုတ်ဟု ပြောဆိုသော်လည်း ထိုင်းဘက်မှ အတင်းအကြပ်ပြန်ပို့မည်ကိုမူ စိုးရိမ်လျက်ရှိနေကြသည်။

# ဒီမိုကရေစီတံခါးပေါက်ဖွင့်ထားလျှင် ရွေးကောက်ပွဲဝင်ရန်ဖြစ်နိုင်

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ သတင်းထုတ်ပြန်ချက်များပြုလုပ်ရာတွင် ဆုံးဖြတ်ချက်ချအတည်ပြုရန် ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ ဦးဆောင်စည်းဝေး အတည်ပြုခဲ့ရာ ယခုအချိန်တွင် ရုံးသို့တက်ရောက်နိုင်သူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှာ (၅) ဦးသာရှိကြောင်း သိရသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ရှိ ဦးဆောင်ပုဂ္ဂိုလ်များတွင် ဥက္ကဋ္ဌနှင့်အတွင်းရေးမှူးတို့မှာ ရုံးမတက်နိုင်ကြောင်း၊ ဦးဝင်းတင်မှာလည်း နှလုံးခုံစက်တပ်ထားရပြီး ဦးလွန်းတင်မှာလည်း တရံတခါမှသာ တက်ရောက်နိုင်ကြောင်း ဦးသန်းထွန်း၊ ဦးစိုးမြင့်၊ ဦးလှဖေ၊ ဦးညွန့်ဝေနှင့် ဦးခင်မောင်ဆွေတို့ ငါးဦးသာတက်ရောက်နိုင်ကြောင်း ပြောခွင့်ရပုဂ္ဂိုလ် ဦးခင်မောင်ဆွေမှ ဗွီအိုအေသို့ ပြောသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ တစုံတရာဆုံးဖြတ်ချက်ချရန်ရှိလျှင် ထို (၅) ဦးကသာ ဆုံးဖြတ်ချက်ချ၍ ဥက္ကဋ္ဌ ဦးအောင်ရွှေထံ တင်ပြအတည်ပြုပြီးမှသာ ထုတ်ပြန်ရကြောင်း၊ ဦးဝင်းတင်နှင့် ဦးလွန်းတင် တက်ရောက်နိုင်သည့်အချိန်များတွင် (၇) ဦးမှ ဆုံးဖြတ်ကြကြောင်းလည်း ပြောသည်။

၂၀၁၀ ခုနှစ် ရွေးကောက်ပွဲနှင့် ပတ်သက်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မ ထုတ်ပြန်ကြေညာသည့် ရွှေဂုံတိုင်ကြေညာချက်ပါအချက်သုံးချက်ဖြစ်သည့် (၁) အဖွဲ့ချုပ်ခေါင်းဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားများအားလုံး ခြွင်းချက်မရှိပြန် လွှတ်ပေးလျှင်၊ (၂) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဒီမိုကရေစီစံနှုန်းများနှင့် မကိုက်ညီသည့်အချက်များကိုပြင်ဆင်ပေးလျှင်၊ (၃) အားလုံးလွှမ်းခြုံပါဝင်နိုင်မည့် လွတ်လပ်၍ တရားမျှတသောရွေးကောက်ပွဲအဖြစ် နိုင်ငံတကာက စောင့်ကြပ်လေ့လာခွင့်ပြုလျှင် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်ရည်ရွယ်ကြောင်း၊ ထိုရွှေဂုံတိုင်ကြေညာချက်ပါအချက်သုံးချက်သည် အဖွဲ့ချုပ်၏ အခြေခံမူဖြစ်သောကြောင့် ထိုမူအား ဆက်လက်ကိုင်ဆွဲသွားမည်ဖြစ်သော်လည်း ဒေါ်အောင်ဆန်းစုကြည်အမှုကိစ္စနှင့်ပတ်သက်၍ ရုံဖန်ရံခါတွေ့ဆုံခွင့်ရသောရှေ့နေ ဦးဉာဏ်ဝင်းမှတဆင့် ဒေါ်အောင်ဆန်းစုကြည်၏သဘောထားအား ပြောကြားရာတွင် ၂၀၁၀ ရွေးကောက်ပွဲအား ဆုံးဖြတ်မည်ဆိုလျှင် အဖွဲ့ချုပ်အဖွဲ့ဝင်များနှင့်တိုင်ပင်၍ ဆုံးဖြတ်သွားရန်နှင့် ထို့ထက် ပြတ်ပြတ်သားသား မပြောဆိုနိုင်သေးကြောင်း ဦးခင်မောင်ဆွေမှပြောသည်။

၂၀၁၀ ရွေးကောက်ပွဲဝင်ရေး၊ မဝင်ရေးကိစနှင့်စပ်လျဉ်း၍ ရွှေဂုံတိုင်ကြေညာစာတမ်းသည် အဖွဲ့ချုပ်၏မူအဖြစ် တက်ရောက်ခဲ့ကြသည့် တိုင်းနှင့်ပြည်နယ်အသီးသီးနှင့်မြို့နယ်အဖွဲ့ချုပ်ဝင်များမှ တစုံတရာ ကန့်ကွက်ခြင်း၊ ပြန်လည်ဆွေးနွေးခြင်း မရှိသောကြောင့် အားလုံးလက်ခံသည့်မူဖြစ်ကြောင်း၊ သို့သော် ၂၀၁၀ ရွေးကောက်ပွဲဝင်ရန် ဆန္ဒရှိသူသည် တဦးတယောက်ရှိကောင်းရှိနိုင်ကြောင်း၊ ရွှေဂုံတိုင်စာတမ်းတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဒီမိုကရေစီတိုက်ပွဲအားစွန့်ခွာမသွားဘဲ ပြည်သူနှင့် အတူရှိနေမည်ဖြစ်ကြောင်း၊ ထို့နောက် ဒီမိုကရေစီ နိုင်ငံရေးပါတီတခုအနေနှင့် ရွေးကောက်ပွဲအား မဆန့်ကျင်ဘူးဆိုသည့်သဘော အားတွေ့ရမည်ဖြစ်ကြောင်း၊ သို့သော် မဆန့်ကျင်ခြင်းသည် မူဝါဒသဘောဖြစ်၍ ရွေးကောက်ပွဲဝင်ခြင်း၊ မဝင်ခြင်းသည်အဖွဲ့ချုပ်၏ဆုံးဖြတ်ချက်သာဖြစ်ကြောင်းပြောကြားဦးခင်မောင်ဆွေမှာ ပြောကြားသွားသည်။

ရွှေဂုံတိုင်ကြေညာစာတမ်း ထုတ်ပြန်ပြီးသည့်နောက် ဒေါ်အောင်ဆန်းစုကြည်အား ရုံးတင်တရားစွဲ၊ ပြစ်ဒဏ်စီရင်ခဲ့သည့်အပေါ်တွင် ရွှေဂုံတိုင်စာတမ်းအား စစ်အစိုးရမှ လက်ခံခြင်းမရှိကြောင်း ပြသလိုက်သည်ဟု သုံးသပ်သူများ၏ အမြင်နှင့်ပတ်သက်၍ မိမိတို့အနေနှင့် ပြဿနာများအားတွဲ၍မမြင်ကြောင်း ဒေါ်အောင်ဆန်းစုကြည်၏ကိစ္စသည် အမှုကြောင်းအရဖြစ်ပြီး ရွေးကောက်ပွဲကိစ သည်သီးသန့်ဖြစ်၍ နိုင်ငံရေးကိစသည်လည်း ထိုသို့ပင်ဖြစ်ကြောင်း၊ ယခုဒေါ် အောင်ဆန်းစုကြည်အပေါ်ချမှတ်ထား ဒဏ်ကာလနှင့်ပတ်သက်၍ ရွေးကောက်ပွဲမဝင်နိုင်ရန် တားဆီးထားခြင်းဖြစ်သည်ဟု ပြောဆိုသံများမှာ ဖြစ်နိုင်ခြေရှိသော်လည်း လက်ဆုပ်လက်ကိုင်ပြသ၍မရကြောင်း ဖြစ်စဉ်များ၏လားရာကိုကြည့်၍ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဦးခင်မောင်ဆွေမှပြောသည်။

ဆက်လက်၍ နိုင်ငံရေးဖြစ်စဉ်များသည် အပြောင်းအလဲများရှိသောကြောင့် မိမိတို့အနေနှင့် မူအပေါ်တွင်သာ စွဲမြဲစွာရပ်တည်သွားမည်ဖြစ်ကြောင်း ပြောကြားပြီး ၂၀၁၀ ရွေးကောက်ပွဲသည် ဒီမိုကရေစီအကျိုးစီးပွါးဖြစ်မည့် ရွေးကောက်ပွဲမှန်လျှင် ပြည်သူလူထုနှင့်တိုင်းပြည် အကျိုးရှိမည်ဖြစ်ပြီး ဒီမိုကရေစီအကျိုးစီးပွားမဆောင်ခဲ့လျှင် ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲပြီး အခြေအနေများမှာ မည်သို့မှ မပြောင်းလဲသည့်အခြေအနေဖြစ်သည့်အတွက် နှစ်ခြောက်ဆယ်ကျော် နိုင်ငံရေးနာတာရှည်ရောဂါကြီးကိုလည်း ဖြေရှင်း၍ရမည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲတခုတည်းနှင့် မည်သည့်ပြဿနာကိုမှ ဖြေရှင်းနိုင်မည်မဟုတ်ဘဲ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအား ဦးမတည်လျှင် ထိုရွေးကောက်ပွဲသည် နိုင်ငံရေးပြဿနာအား ဖြေရှင်းနိုင်မည့်အရာမဟုတ်ကြောင်း ၎င်း၏သဘောထားအားပြော ကြားသွားသည်။

ထို့နောက်အခြေခံဥပဒေတွင် ပြည်သူလူထုအား ဒီမိုကရေစီလူဘောင်သို့ရောက်ရှိစေရန် တံခါးတပေါက်ဖွင့်ထားလျှင် မိမိတို့အနေနှင့် ရွေးကောက်ပွဲဝင်ရန်ရည်ရွယ်ချက်သည် အောင်မြင်နိုင်မည်ဖြစ်ပြီး တံခါးတချပ်မျှ ဖွင့်မထားလျှင် အမျိုးသားပြန်လည်သင့်မြတ်ရေးသည်လည်းရရှိမည်မဟုတ်သလို နိုင်ငံရေးပြဿနာများကိုလည်း ဖြေရှင်း၍ရမည်မဟုတ်ကြောင်းပြောကြားပြီး ဖွဲ့စည်းပုံအခြေခံမူတွင်ပါရှိသည့် ပြင်ဆင်ရမည့်အချက်များကိုမူ ထည့်သွင်းပြောကြားသွားခြင်းမရှိပေ။

# အင်ဒိုနီးရှားမြေငလျင်ကြောင့် နိုင်ငံသား ၆၄ ဦးသေဆုံး တဒါဇင်ကျော်မှာ မြေပြိုမှုများအတွင်းပျောက်ဆုံးနေ



မြေပြိုမှုများအတွင်း ပိတ်မိနေသူများအားလိုက်လံရှာဖွေနေသည့် ကယ်ဆယ်ရေးဝန်ထမ်းများ

စက်တင်ဘာ (၄)

လွန်ခဲ့သည့် သောကြာနေ့က အင်ဒိုနီးရှားကယ်ဆယ်ရေးလုပ်သားများက မြေပြိုမှုများကြောင့် ကျောက်တုံးများအောက်တွင်ပိတ်မိနေသူ အများအပြားအား ခက်ခက်ခဲခဲဆွဲထုတ်ခဲ့ရပြီး အဆိုပါ အင်အားပြင်းထန်သည့် မြေငလျင်ဒဏ်ကြောင့် လူပေါင်း (၆၄) ဦးသေဆုံးခဲ့ရကာ တဒါဇင်ကျော်ခန့်မှာ ပျောက်ဆုံးလျက်ရှိနေကြောင်းသိရသည်။

ပြင်အား မဂ္ဂနီ ကျူ့ (၇ . ၀) ရှိပြီး အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗားကျွန်းတွင် ၂၀၀၉ ခုနှစ် စက်တင်ဘာ ပထမပတ်အတွင်းက လှုပ်ခတ်ခဲ့သည့် အဆိုပါငလျင်သည် ထောင်ပေါင်းများစွာသော အိုးအိမ်များ ပျက်စီးစေခဲ့သည်။ ယခုအခါတွင် (၂) ရက်ခန့်ကြာပြီဖြစ်သော်လည်း အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေနိုင်မည်ဟု မျှော်လင့်လျက်ရှိကြသည်။

လူပေါင်း ၂၈၀၀၀ ခန့်မှာ ယာယီတဲအိမ်များလိုအပ်လျက်ရှိပြီး အကူအညီပေးရေးအဖွဲ့အစည်းများမှ တဲအိမ်များ၊ စောင်များနှင့် အခြားအခြေခံလိုအပ်ချက်များကို ဝေငှလျက်ရှိသည်။ သို့သော်လည်း အဆိုပါအကူအညီများမှာ အချို့တောပိုင်းဒေသများကိုရောက်ရှိရန် ခက်ခဲလျက်ရှိနေကြောင်းလည်း သိရသည်။

ပြင်းထန်စွာထိခိုက်ပျက်စီးမှုများရှိနေသည့် စီဂျာခရိုင်၊ စီကမ်ခရမ်ပြည်ကျေးရွာတွင်မူ လူနှစ်ဒါဇင်ခန့်အား ကယ်ဆယ်နိုင်ခဲ့ပြီး ယခုအချိန်ထိ (၃၇) ဦးခန့်မှာ ကြီးမားသည့်ကျောက်တုံးများနှင့် ရွှံ့နွံများအောက်ရှိ အိမ်များ၊ ဗလီများအတွင်းတွင် ပိတ်မိလျက်ရှိကာ ရှာဖွေမတွေ့သေးကြောင်းသိရသည်။

ထို့ပြင် (၄၀၀) ထက်ပိုသောလူများမှာ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး၊ ၁၀၀ ကျော်မှာ ပြင်းထန်သည့်ဒဏ်ရာများရရှိခဲ့ပြီး ဆေးရုံတင်ထားရကြောင်းလည်း သိရသည်။

ယခုအခါ အာဏာပိုင်တို့က ရဲနှင့် စစ်သား အများအပြားအားခေါ်ယူကာ စက်အကူအညီများ မရောက်နိုင်သည့် ဒေသများတွင် အသက်ရှင်ကျန်ရစ်သူများအား ရှာဖွေကူညီမှုများ လုပ်ဆောင်လျက်ရှိကြောင်းလည်း သိရသည်။

၂၀၀၄ ခုနှစ် ဒီဇင်ဘာလအတွင်းကလည်း အင်အားကြီးမားသည့် ပင်လယ်







ရေမျက်နှာပြင်မြင့်တက်လာမှုကြောင့် ဖြစ်ပေါ်လာခဲ့သည့် ဆူနာမီသဘာဝဘေးအန္တရာယ်ကပ်ဆိုးအတွင်းတွင်လည်း အင်ဒိုနီးရှားနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၁၁ နိုင်ငံမှ လူပေါင်း တစ်သိန်းကျော်သေဆုံးခဲ့ရပြီး သောင်းပေါင်းများစွာသောလူများ ပျောက်ဆုံးခဲ့ရသည်။

# ဇင်ဘာဘွေသမတရောဘတ်မူဂါဘီ အကျဉ်းသား ၁၅၀၀ ကျော် လွှတ်ပေးရန် ခွင့်ပြု



ဇင်ဘာဘွေသမတ ရောဘတ်မူဂါဘီ

ဇင်ဘာဘွေထောင်အာဏာပိုင်များမှ အကျဉ်းသားများအား သက်ညှာခွင့်ပြုရန် လျှောက်လဲချက်ကို ဇင်ဘာဘွေသမ္မတရောဘတ်မူဂါဘီမှ လက်ခံလိုက်ပြီး အကျဉ်းသား ၁၅၀၀ ကျော်ကို လွှတ်ပေးရန် လိုက်လျောခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ အကျဉ်းသားများအား လွှတ်ပေးလိုက်ပါက နောက်ပိုင်းတွင် ဇင်ဘာဘွေ အကျဉ်းထောင်များအတွင်းရှိ အခက်အခဲပြဿနာများမှာ အနည်းငယ်လျော့ကျသွားမည်ဖြစ်သည်။ ပြီးခဲ့သည့်လကတည်းက သမတမူဂါဘီက လွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အာမခံခဲ့သော်လည်း ဇင်ဘာဘွေအကျဉ်းဌာနမှနေ၍ အကျဉ်းသား ၁၅၄၄ ဦးကို လွှတ်ပေးရန်အတွက် ရွေးချယ်စီစစ်နေဆဲဖြစ်သည်။

တိုင်းပြည်၏ စီးပွားရေးကျဆင်းမှု၊ မတည်ငြိမ်မှုများကြောင့် ဒုစရိုက်မှုများမှာ မြင့်တက်လာရကာ ထောင်များမှာလည်း အကျဉ်းသားများဖြင့် ပြည့်ကြပ်လာခြင်းဖြစ်ကြောင်း အကျဉ်းဦးစီးအရာရှိတဦးက ပြောဆိုခဲ့သည်။

သမ္မမူဂါဘီ၏ လိုက်လျောမှုသည် ငယ်ရွယ်သူများနှင့် ပြစ်မှုထင်ရှားသည့်အတွက် အပြစ်ပေးခြင်းခံရသော အမျိုးသမီးများအတွက် အကျိုးရှိစေမည်ဖြစ်သော်လည်း ပြစ်မှုကြီးများအပါအဝင် မုဒိန်းမှု (သို့) လိင်ပိုင်းဆိုင်ရာပြစ်မှုများ၊ ကားခိုးမှုများ၊ လက်နက်ကိုင်ဆောင်၍ လုယက်မှုများ၊ ပူးပေါင်းကြံစည်ပါဝင်မှုများ၊ လူသတ်မှုနှင့် ခိုးမှုများအတွက် ပါဝင်မည်မဟုတ်ကြောင်း တရားစီရင်ရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိတဦးက သတင်းထောက်များကိုပြောပြသည်။

အကျဉ်းကျခံနေရသူများကို အထွေထွေလွတ်ငြိမ်းချမ်းသာခွင့်ပေးရန် အဆိုပြုချက်တခုသည် ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝသော အကျဉ်းဦးစီးအုပ်ချုပ်ရေးတွင် မလိုလားအပ်သော အကျိုးသက်ရောက်မှုများနှင့် ပြင်းထန်သော စိန်ခေါ်မှုများကို တုန့်ပြန်ရန် အချိန်တို ပြန်လည်တည်ထောင်ရေး ရွေးချယ်မှုတခုကဲ့သို့ပင်ဖြစ်ကြောင်း တရားဥပဒေရေးရာဝန်ကြီးဌာန အမြဲတမ်းအတွင်းရေးမှူး ဒေးဗစ်မန်ဂိုတာက သမတ၏ဆုံးဖြတ်ချက်ကို ပြောပြသွားခဲ့သည်။

ဇင်ဘာဘွေနိုင်ငံအတွင်းရှိ အကျဉ်းထောင်ပေါင်း (၄၂) ခုတွင် အကျဉ်းသားပေါင်း ၁၃၀၀၀ ဖမ်းဆီးထိန်းသိမ်းထားနိုင်သော်လည်း လောလောဆယ်တွင် အကျဉ်းသားပေါင်း ၁၇၀၀၀ ဖမ်းဆီးထိန်းသိမ်းထားလျက်ရှိသည်။ ထို့ကြောင့် အကျဉ်းဌာနသည် အကျဉ်းသားများအား လုံလောက်သော ရိက္ခာထောက်ပံ့မှု မပေးနိုင်တော့ကြောင်းလည်း သိရသည်။ ထိုကဲ့သို့မလုံလောက်မှုများကြောင့် အကျဉ်းသားများသည် အရိုးပေါ်အရေတင်ကာ ဆာလောင်မှုများနှင့်အတူ ရောဂါဘယများကြားတွင် အသက်ဆုံးလျက်ရှိနေကြောင်းလည်း သိရသည်။

# နေတိုး၏ လေကြောင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူများတွင် အရပ်သားများပါဝင်



လေကြောင်းတိုက်ခိုက်ခံခဲ့ရသည့် လောင်စာဆီတင်ကားနှစ်စီးပျက်စီးနေပုံ

လွန်ခဲ့သည့် သောကြာနေ့က မနက်အာရဏ်ချိန်တွင် တာလီဘန်သူပုန်များ ပြန်ပေးဆွဲသွားခဲ့သည့် လောင်စာဆီတင်ပို့သည့်ကားနှစ်စီးအား နေတိုးတပ်ဖွဲ့မှနေ၍ လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်ခဲ့မှုတွင် လူ (၉၀) အထိ သေဆုံးခဲ့ပြီး အများစုမှာ အရပ်သားများဖြစ်သည်ဟု သိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ အမေရိကန်သမတအိမ်ဖြူတော်မှ အထူးစိုးရိမ်မိကြောင်း ပြောဆိုခဲ့သည်။ အာဖဂန်သမတဟာမစ်ခါဇိုင်းမှလည်း အရပ်သားများအား ပစ်မှတ်ထားသည့် မည်သည့်တိုက်ခိုက်မှုမျိုးကိုမဆို လက်ခံမည်မဟုတ်ဟု ပြောဆိုခဲ့သည်။

အဆိုပါ လေကြောင်းတိုက်ခိုက်မှုဖြစ်ပွားခဲ့သည့် အာဖဂန်နစ္စတန်မြောက်ပိုင်း ကွန်ဒိုဇိုင်းပြည်နယ်၏ အုပ်ချုပ်ရေးမှူးကတော့ သေဆုံးသူအများစုမှာ တာလီဘန်များဖြစ်ကြောင်းပြောဆိုခဲ့သော်လည်း ဒေသခံအာဏာပိုင်တို့၏အဆိုအရ သေဆုံးသည့်အထဲတွင် အရပ်သား (၃၀) နီးပါး ပါဝင်သည်ဟုဆိုသည်။

နေတိုးတပ်ဖွဲ့မှ အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ ဝမ်းနည်းပါကြောင်း၊ မိမိတို့အနေဖြင့် ထိုဒေသတွင် သူပုန်တွေချည်းသာရှိနေသည်ဟုယူဆသည့်အတွက် ယခုကဲ့သို့ တိုက်ခိုက်ခြင်းဖြစ်ကြောင်း၊ အဆိုပါကိစ္စနှင့်ပတ်သက်၍ သေသေချာချာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း နေတိုးအတွင်းရေးမှူးချုပ်က ပြောဆိုခဲ့သည်။

# အာဖဂန် သမတရွေးကောက်ပွဲတွင်း မဲလိမ်မှုများရှိနေဟုဆို

စက်တင်ဘာ ၁၀

ကမ္ဘာ့နိုင်ငံများမှ အာဖဂန်နစ္စတန်နိုင်ငံ၏ ရွေးကောက်ပွဲကျင်းပနိုင်ခဲ့ခြင်းအပေါ် ဒီမိုကရေစီ၏ အောင်မြင်မှုပြယုဂ်အဖြစ် ကြိုဆိုခဲ့ကြသော်လည်း ယခုအခါ အဆိုပါ မဲပေးပွဲတွင် မသမာမှုများစွာရှိနေကြောင်းသိရသည်။ အာဖဂန်ရွေးကောက်ပွဲကော်မရှင်မှ မဲပေးပွဲတွင် မသမာမှုများစွာရှိနေသည်ဆိုကာ မဲရုံပေါင်း (၇၀) ကျော်၏မဲများအား ပယ်မဲများအဖြစ်ကြေညာလိုက်သည်။

ရွေးကောက်ပွဲကော်မရှင်မှ ယခုကိစ္စသည် အစပဲရှိသေးကြောင်း၊ ကော်မရှင်ထံသို့ရောက်ရှိနေသည့် တိုင်ကြားစာများမှာ လေးငါးရာမကရှိနေပြီး တိုင်ကြားစာတွင် မဲလိမ်မှု၊ မဲခိုးမှု၊ မဲဝယ်မှု၊ မဲပုံးဖောက်မှု စသဖြင့် အမျိုးစုံအောင်ရှိနေသည့်အတွက် အားလုံးအား စစ်ဆေးမည်ဆိုပါက လပေါင်းအတော်ကြာ အချိန်ယူရမည်ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

အဆိုပါအပယ်ခံရသည့်မဲများသည် သမတဟာမစ်ကာဇိုင်းအား ထောက်ခံသည့် မဲများဖြစ်ကြောင်း၊ အဓိကပြိုင်ဘက်ဖြစ်သူ ဒေါက်တာအဗ္ဗဒူလာကလည်း မဲရေတွက်သည့်နေရာတွင် သမတဖက်မှ လိမ်ယူမှုများရှိနေကြောင်း စွပ်စွဲပြောဆိုခဲ့သည်။ သမတကာဇိုင်းမှ အဆိုပါစွပ်စွဲချက်များအား ငြင်းပယ်လိုက်ပြီး ယင်းစွဲဆိုချက်သည် မိမိအား နိုင်ငံရေးသိက္ခာချလိုသည့်အတွက်သာ ဖြစ်ကြောင်း ပြောဆိုလိုက်သည်။

ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပယ်ချလိုက်သည့်မဲရုံများနေရာတွင် ရွေးကောက်ပွဲထပ်မံကျင်းပမည်မဟုတ်ကြောင်းလည်း ပြောဆိုခဲ့သည်။



မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီမှ ထုတ်ဝေသည်။







# တရားဝင်မှုနောက်ကွယ်မှ အကြပ်ကိုင်မှုပြဿနာ

“ ကျမတို့ မပြည်စုံတဲ့ ဆင်းရဲတဲ့လူတန်းစားတွေက စင်္ကာပူတို့၊ မလေးတို့ မသွားနိုင်ပါဘူး။ နီးစပ်ရာ ထိုင်းနိုင်ငံကိုပဲ ကူးလာကြတယ်။ အလုပ်တွေလုပ်တယ်။ မြန်မာပြည်မှာထက် ပိုအဆင်ပြေလာတယ်။ သူတို့က ပြည်ပအားကိုး ပုဆိန်ရိုးတွေ။ အဲဒီ ပုဆိန်ရိုးကိုပဲ ခါးပြတိုက်နေတာပါ။

**ထိုင်းနိုင်ငံ ဘန်ကောက်မြို့ရှိ နိုင်ငံခြားတင်ပို့သော ဒီဇိုင်းမျိုးစုံနှင့် အထည်များချုပ်လုပ်သည့် စက်ရုံမှ တနေ့လုပ်ခ (၂၀၃) ဘတ်ရရှိသည့် မြန်မာနိုင်ငံသား ရွှေ့ပြောင်းအလုပ်သမတဦးအား ဆက်သွယ်မေးမြန်းထားသည်ကို ပြန်လည်တင်ပြလိုက်ပါသည်။**

မေး ။ ။ ဒီအလုပ်သမားလက်မှတ်လို့ခေါ်တဲ့ work permit အတွက် အမတို့အနေနဲ့ စုစုပေါင်း ဘယ်လောက်ကုန်ကျခဲ့ပါလဲ။

ဖြေ။ ။ စက်ရုံမှာ ဘတ်ဖိုး (၄၄၀၀) ကောက် တယ်။ လစာထုတ်ရန်အတွက် ATM ကဒ် ဖိုး (၄၀၀) တောင်းတယ်။ အားလုံးပေါင်း (၄၈၀၀) ဘတ်။ နောက်ထပ် မြန်မာအစိုးရနှင့်ထိုင်းအစိုးရ ပေါင်းပြီး Visa ဖိုးဆိုတာ ထပ်ဖြစ်လာတယ်။ ဘယ်လောက်လဲဆိုတာတော့ အတိအကျမသိရဘူး။ အခြားသူငယ်ချင်းတွေရဲ့ပြောပြချက်အရတော့ (၈၀၀၀) အထက်မှာရှိနေတယ်။ ကျမတို့အလုပ်သမားတွေမှာ တနေ့မှ ရတာ (၂၀၃) ဘတ်။ (၁၅) ရက်တပတ်မှာ ပိတ်ရက်နှစ်ရက်ရှိတယ်။ လုပ်ရက်က (၂၃) ရက်။ (၂၃) ရက်မှာ (၂၆၃၉) ဘတ်။ အဲ့ဒီမှာ ကျမတို့ရဲ့စားဝတ်နေရေး၊ အိမ်လခရယ်ဆိုရင် ကျမတို့မှာ ဘာမှမကျန်ဘူး။ ဒီကြားထဲမှာ ဘာဖိုးညာဖိုးဆိုတာတွေက ရှိသေးတယ်။ ပြီးလို့ရှိရင် ကျမတို့ဆီက မြန်မာပြည်က မှတ်ပုံတင်နံပါတ်၊ မြန်မာပြည်က လိပ်စာအတိအကျ၊ မိဘနာမည်တွေကိုပါ တောင်းနေတယ်။ အဲဒီလိုတောင်းတဲ့အပြင် တချို့အသိသူငယ်ချင်းတွေပြောတာကတော့ သူတို့ မိဘတွေဆီမှာ သွားတောင်းနေပြီ။ တလကိုငါးသောင်း သူတို့ကိုပေးရမယ်တဲ့။ ခင်ဗျားတို့သားတွေသမီးတွေက ဘန်ကောက်ဘယ်နေရာမှာ၊ ဘယ် section ဘယ်လိုလုပ်နေတာ၊ ဘယ်ကုမ္ပဏီမှာ။ လူခွန်ဖိုးလားဘာလားမသိတော့ပါဘူး။

မေး ။ ။ ဘယ်မြို့နယ်တွေမှာ တောင်းနေတာလဲဆိုတာရော သိပါသလား။

ဖြေ။ ။ အခု သတင်းအတိကျရတာက သထုံမှာပါ။ အစိုးရအာဏာပိုင်တွေက တောင်းတာ။ ဘာဖြစ်လို့လည်းဆိုတော့ ထိုင်းအစိုးရကနေ မြန်မာအစိုးရကို စာရွက်စာတမ်းတွေပို့ရမယ်။ မြန်မာအစိုးရကနေပြီးတော့ တံဆိပ်တုံးတွေ၊ ဘာတွေရိုက်ပြီးတော့ လက်ခံကြောင်းပြီးရင် visa ဆိုတာ လုပ်ခွင့်ရှိတယ်။ မြန်မာပြည်ထဲမှာရှိတဲ့ အာဏာပိုင်တွေက visa လုပ်ဖို့ တလ မြန်မာငွေ ၅၀၀၀၀ တောင်းနေတယ်။

မေး ။ ။ အခုလို ငါးသောင်းတောင်းတော့ ကျန်ခဲ့တဲ့မိဘတွေကရော ပေးလိုက်ရလား။

ဖြေ။ ။ နားမလည်တဲ့မိဘတွေအနေနဲ့ကတော့ သားသမီးဇောနဲ့ သားသမီးကို ခြိမ်းခြောက်မှုတခုဖြစ်လာရင်တော့ ပေးကြရပါတယ်။ ပေးလည်း ပေးလိုက်ရပါတယ်။ နောက်ပိုင်းမှာ ဘယ်လိုဖြစ်လာသလဲဆိုတော့ ကျမတို့အလုပ်သမားတွေရဲ့ နာမည်အတိအကျရယ်၊ မိဘတွေရယ်၊ ဓါတ်ပုံရယ်၊ မှတ်ပုံတင်ရယ်၊ အသည်းအသန်ကို တောင်းနေကြပြီ။

မေး ။ ။ ၂၀၁၀ ဖေဖော်ဝါရီလကုန်ရင် အလုပ်လုပ်ခွင့်ဗီဇာက ပြန်လုပ်ရမယ်တို့ရဲ့ ဆေးဖိုးဝါးခ၊ ကျမတို့ရဲ့ လမ်းပန်းခရီးစရိတ်။ ဒါသူများနိုင်ငံမှာ ဖြစ်သင့်တယ်လေ။ ဒါတော့ ကျမတို့ ကျေကျေနပ်နပ်ပေးနိုင်တယ်။ (၈၀၀၀) ကျော်ဆိုတော့ ကျမတို့ မပေးနိုင်ဘူး။

မေး ။ ။ အဲ့ဒီ ဘတ် (၈၀၀၀) ဆိုတာ အလုပ်ရှင်အနေနဲ့ ပြောတာလား။ဒါမှမဟုတ် ထိုင်းအစိုးရအနေနဲ့ အလုပ်သမားတွေကို တရားဝင်ပြောတာလားခင်ဗျ။ သူဌေးကရော တရားဝင်ပြောပြီလား။

ဖြေ ။ ။ အတိအကျတော့ မသိသေးပါဘူး။ အဲဒီကိစ္စအတွက် ကျမတို့စက်ရုံမှာ မနေ့က တရားဝင်အစည်းအဝေးလုပ်တယ်။ အရင်တုန်းကဆိုရင် အစည်းဝေးလုပ်ရင် သူဌေးကိုယ်တိုင်ပြောပါတယ်။ အဲ့နေ့က သူဌေးမပြောဘူး။ စာရေးမနဲ့ပြီးသွားတွေပါလာပြီဆိုတော့ နောင်ကို အလုပ်ပြောင်းရွှေ့တဲ့နေရာမှာ အခက်အခဲရှိမယ်လို့ သိရပါတယ်။ နောက်တခုက အဲဒီလိုအချက်အလက်တွေသိရှိသွားပြီဆိုတော့ မြန်မာအာဏာပိုင်တွေဘက်မှာလည်း အမတို့၏ မိသားစုတွေဆီက ခြိမ်းခြောက်တောင်းဆိုမှုတွေဖြစ်လာတဲ့အပေါ်မှာရော ဘယ်လို ထင်ပါသလဲ။

ဖြေ ။ ။ ဟုတ်တယ်။ ဘယ်လို ဖြစ်လာမလဲဆိုတော့ ဒီလိုကိစ္စမျိုးက ကျမတို့ စင်္ကာပူတို့၊ မလေးတို့ကိုသွားသလိုမျိုး။ visa တခုက သူဌေးတဦးဆီမှာပဲ ကျနော်တို့ က နေထိုင်ခွင့်ရှိတော့တယ်ဆိုတဲ့ အနေအထားမှာ ရောက်သွားပြီ။ ကောင်းကောင်းမကောင်းကောင်း ဒီသူဌေးပဲ။ အဲဒီသဘောပဲ။ တနေ့လုပ်ခ (၂၀၃) ဘတ်။ (၁၅) ရက်မှာ နှစ်ရက်ပိတ်တယ်လို့ သိရပါတယ်။ အဲဒီအပေါ်မှာရော အမတို့အနေနဲ့ ဘယ်လိုသဘောထားများ ရှိပါသလဲ။

ဖြေ ။ ။ အခုစက်ရုံက ဘာပြောလာသလဲဆိုတော့ နှစ်လပိုင်းအထိက နေလို့ရတယ်။ နှစ်လပိုင်းနောက်ဆုံးပေါ့နော်။ ဖေဖော်ဝါရီနောက်ပိုင်းမှာ ထိုင်းနိုင်ငံအစိုးရက ကျမတို့ကို မှတ်ပုံတင်လုပ်မပေးတော့ဘူး။ ကျမတို့အလုပ်သမားအများစုရဲ့ ဆန္ဒခံယူချက်ကဘာလဲဆိုတော့ လုပ်ခွင့်ရသလောက်အချိန်အထိ ထိုင်းမှာလုပ်မယ်။ မရတဲ့နေ့ကျရင် ကျမတို့အားလုံး ပြန်ကြမယ်လို့ သံမိဋ္ဌာန်ချထားတယ်။ ဒီ ဘတ် (၈၀၀၀) ထောင်တော့ အကုန်အကျမခံနိုင်ဘူး။ (၈၀၀၀) အထက်လည်း အကုန်မခံနိုင်ဘူး။ ထိုင်းအစိုးရကို ၃၈၀၀ ဆိုတာ ပေးနိုင်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတယ်။ အဲ့ကိစ္စအပေါ် ကျမတို့က အခိပ္ပါယ်မရှိဘူးလို့ ယူဆပါတယ်။

မေး ။ ။ အမတို့အနေနဲ့ အဲ့ဒီကိစ္စအပေါ် ဘယ်လိုများဆက်လုပ်ဖို့ ဆုံးဖြတ်ထားပါသလဲ။

ဖြေ ။ ။ ကျမတို့ကတော့ မလုပ်ဘူး။ လက်ရှိအခြေအနေမှာ သူတို့က အဲဒီ စာရွက်စာတမ်းမှာ ဖောင်ဖြည့်ဖို့ဆိုပြီးတော့ (၆၄၀) သီးခြားတောင်းလာတယ်။ (၆၄၀) လည်း မပေးဘူး။ ဖောင်လည်း မဖြည့်ဘူး။

မေး ။ ။ အခုလို work permit လုပ်တဲ့အပေါ်မှာ အမတို့ရဲ့ အမည်၊ နေရပ်လိပ်စာ၊ မိဘနဲ့ နောက်ပြီး အလုပ်လုပ်နေတဲ့ နေရပ်လိပ်စာ၊ စက်ရုံ၊ သူဌေးအမည်ဆိုတော့ (၁၅) ရက်တပတ်မှာ (၂၆၃၉) ဘတ်ရတယ်။ မိဘလည်း မရဘူး။ ကျမတို့ရဲ့ မိဘတွေနဲ့ဝေးရတယ်ဆိုတာ ပဲခံစားရမယ်။ မိဘလည်း ဘာမှအကျိုးအမြတ်မခံစားရဘူး။ မျိုးမျိုးမြက်မြက်ရပြီး မျိုးမျိုးမြက်မြက်ပေးရမယ်ဆိုရင်တော့ ကိစ္စမရှိဘူး။ ရတဲ့ဥစ္စာ မဖြစ်စလောက်လေးကို သူတို့က မဟားတရားတောင်းနေတယ်။ ကျမတို့ မပြည်စုံတဲ့ ဆင်းရဲတဲ့လူတန်းစားတွေက စင်္ကာပူတို့၊ မလေးတို့ မသွားနိုင်ပါဘူး။ နီးစပ်ရာ ထိုင်းနိုင်ငံကိုပဲ ကူးလာကြတယ်။ အလုပ်တွေလုပ်တယ်။ မြန်မာပြည်မှာထက် ပိုအဆင်ပြေလာတယ်။ သူတို့က ပြည်ပအားကိုး ပုဆိန်ရိုးတဲ့။ အဲဒီ ပုဆိန်ရိုးကိုပဲ ခါးပြတိုက်နေတာပါ။

+ + +







# ရွှေ့ပြောင်းအလုပ်သမားများ မှတ်ပုံတင်ပြုလုပ်ရန်အတွက် အခက်အခဲ များစွာရှိနေဟုဆို



မဲဆောက်မြို့ရှိ ရွှေ့ပြောင်းမြန်မာအလုပ်သမားများ အလုပ်လုပ်ခွင့်မှတ်ပုံတင်လုပ်ရန်အတွက် အခက်အခဲများရှိနေကြောင်း အလုပ်သမားအချို့ထံမှ သိရသည်။ လုပ်ခလစာ နည်းပါးခြင်း၊ အလုပ်အကိုင် ပုံမှန်မရှိခြင်းနှင့် သူဌေးများမှ ငွေကြေးစိုက်ထိုက်ရန် အခက်အခဲဖြစ်နေခြင်းများကြောင့် ရွှေ့ပြောင်းမြန်မာအလုပ်သမားများ ယခုကဲ့သို့ အခက်အခဲများနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။

တနေ့လျှင် ဘတ် (၉၀) ရသည့်ဆောက် လုပ်ရေးအလုပ်သမားတဦးက “ကိုယ်က အလုပ်လာလုပ်တာ မိဘအတွက်လာလုပ်တာ။ လက်မှတ်တွေ ဘာတွေလုပ်ရင် တနှစ် တနှစ်ကို သူတို့အတွက်ချည်းဖြစ်နေမယ်။ ငွေကြေးက နည်းတာမှမဟုတ်တာ။ ကိုယ့်မှာ တထောင်၊ နှစ်ထောင်ရဖို့ အင်စိုက်အားစိုက်နဲ့ လုပ်ထားရတာလေ။ ပိုက်ဆံအကုန်အကျများတော့ မလုပ်တော့ဘူး”ဟု မိုးကြိုးသတင်းစဉ်သို့ပြောခဲ့သည်။

“တချို့ကြတော့လည်း တကယ်ကို လုပ်ချင်တယ်။ ပိုက်ဆံက မပြေလည်ဘူး။ ဒီလဆိုရင် (၂၁) ရက်လုံးလုံး အထည်မချုပ်ရဘူး။ အထည်မချုပ်ရတော့ ကန်စွန်းရွက်တွေ လိုက်ခူးတယ်။ ကင်ပွန်းရွက်တွေ လိုက်ခူးပြီးတော့ သူတို့စားရတယ်။ သူတို့မှာ ငွေအင်အားမတတ်နိုင်ဘူး”ဟု ကပ္ပိဘန့်ရှိ နာမည်ကြီးအထည် ချုပ်စက်ရုံတရုံနှင့်နီးစပ်သည့် ဒေသခံတဦးက သူမ၏အတွေ့အကြုံကို ရှင်းပြသည်။ အဆိုပါစက်ရုံတွင် အလုပ်သမား ၇၀၀ ဝန်းကျင်လောက်ရှိပြီး၊ ထို့အထဲမှ သုံးပုံတပုံခန့်သာ ဘတ်လုပ်ထားနိုင်ကြောင်းသိရသည်။

မဲဆောက်မြို့ ကမ်းနဖူးနားရှိ အထည်ချုပ်စက်ရုံတရုံတွင်လည်း သူဌေးကဦးစွာ ငွေကြေးစိုက်ထုတ်ပြီး အလုပ်လုပ်ခွင့်မှတ်ပုံတင်လုပ်ပေးရသောကြောင့် ဘတ်ရှိပြီးသူများကို သက်တမ်းတိုးပေးပြီး ဘတ်မရှိသေးသည့်သူများကို လုပ်ပေးမည်ဟုပြောထားသော်လည်း ကုန်ကျစရိတ်များမှာစိုးသောကြောင့် လုပ်မပေးရသေးကြောင်း စက်ရုံမှ အလုပ်သမတဦးကပြောသည်။

နိုင်ငံတွင်း စီးပွားရေးအကြပ်တည်းကြောင့် နေ့စဉ်ရပ်တည်ရေးအတွက် အခက်အခဲများရှိနေသော မြန်မာနိုင်ငံသားတသန်းခွဲဝန်းကျင် ထိုင်းနိုင်ငံသို့ပြောင်းရွှေ့ကာ အလုပ်များရှာဖွေလုပ်ကိုင်လျက်ရှိပြီး၊ မဲဆောက်မြို့တွင် တသိန်းဝန်းကျင်ရှိသည်ဟု သိရသည်။ အလုပ်သမားမှတ်ပုံတင်ရှိပါက ရွှေ့ပြောင်းမြန်မာအလုပ်သမားများအတွက် အလုပ်သမားအခွင့်အရေးများ အပြည့်အဝခံစားရနိုင်သော်လည်း တစ်နှစ်သက်တမ်းအတွက် ကုန်ကျမည့်ငွေမှာ ထိုင်းဘတ် ၃၈၀၀ ခန့်ရှိသည့်အတွက် ယခုလို အခက်အခဲများနှင့် ကြုံတွေ့နေရခြင်းဖြစ်သည်။

# ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးအကြပ်အတည်းဒဏ် မြန်မာရွှေ့ပြောင်းအလုပ်သမားများ ဆိုးဆိုးရွားရွားခံရ



ကမ္ဘာလုံးဆိုင်ရာစီးပွားရေး အကြပ်အတည်းကြောင့် ပြင်းပြင်းထန်ထန်ခံစားရတဲ့ မြန်မာရွှေ့ပြောင်းလုပ်သားတွေဟာ ယခင်နှစ်ကထက် ပိုဆိုးလာတဲ့အခြေအနေတွေနဲ့ရင်ဆိုင်နေရတယ်လို့ ထိုင်းအခြေစိုက် အလုပ်သမားအရေးလှုပ်ရှားတဲ့ အဖွဲ့တဖွဲ့၏ အဆိုအရသိရသည်။ အဆိုပါအဖွဲ့မှ အလုပ်သမားများ၏အခြေအနေအား စစ်တမ်းကောက်ယူလျက် ထိုင်းနိုင်ငံ၊ ဘန်ကောက်မြို့တွင် သတင်းစာရှင်းလင်းပွဲတရပ်ပြုလုပ်ခဲ့သည်။ ထိုင်းအစိုးရအနေနှင့် ရွှေ့ပြောင်းအလုပ်သမားတွေကို တရားဥပဒေနှင့်အညီ အကာအကွယ်ပေးဖို့၊ လူမှုရေးရာကိစ္စရပ်တွေမှာလည်း လုံခြုံမှုရစေမယ့် လုပ်ငန်းတွေကို တိုးမြှင့်လုပ်ဆောင်ဖို့အတွက်ကိုလည်း အဆိုပါအဖွဲ့မှ တိုက်တွန်းပြောဆိုခဲ့သည်။

တကမ္ဘာလုံးစီးပွားရေးကျဆင်းမှုကြောင့် အလုပ်အကိုင်တွေရှားပါးပြီး ဝင်ငွေလျော့နည်းတဲ့အတွက် မိမိနိုင်ငံကိုစွန့်ခွာပြီးသူတပါးတိုင်းပြည်မှာ အလုပ်လုပ်ကြရသူတွေအဖို့ ပိုပြီးအထိနာကျရတာပါ။ အလုပ်ပုံမှန်လုပ်နေရပြီး ဝင်ငွေပုံမှန်ရနေကြသူတွေဆိုတာတောင်မှ ရသင့်တဲ့ဝင်ငွေထက်လျော့ပြီး သာရကြတာမို့ မြင့်တက်လာတဲ့ နေထိုင်စားသောက်စရိတ်ကြောင့် အကြပ်အတည်းတွေဖြစ်ကြရပါတယ်။ အဆိုးဝါးဆုံးအခြေအနေကတော့ ဝင်ငွေမပိုလျှံတာကြောင့် မစုဆောင်းနိုင်၊ မစုဆောင်းနိုင်တဲ့အတွက် သူတို့ရည်ရွယ်ထားသလို မိမိတိုင်းပြည်မှာကျန်ရစ်တဲ့ မိသားစုဝင်တွေအတွက်ငွေပြန်မပို့နိုင်။ ဒီတော့ ကျန်ရစ်တဲ့ မိသားစုတွေအဖို့ အခက်အခဲတွေနဲ့ ရင်ဆိုင်ကြရတာပါ။

စစ်တမ်းကောက်ယူခဲ့တဲ့ အလုပ်သမားတဦးအဆိုအရ သူတို့ဒေသမှာ အလုပ်လုပ်နိုင်တဲ့သူအများစုက ထိုင်းနိုင်ငံမှာရောက်နေကြပြီး မြန်မာနိုင်ငံမှာကျန်ရစ်ခဲ့ကြသူတွေက သက်ကြီးရွယ်အိုတွေနဲ့ ကလေးသူငယ်တွေဖြစ်ကြပါတယ်။ ဒါကြောင့် ကျန်ရစ်ခဲ့သူအများစုဟာ ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်ကြသူတွေ ပြန်ပို့တဲ့ငွေပေါ်မှာ လုံးဝမှီခိုနေရပြီး ပြန်မပို့နိုင်တော့ဘူးဆိုတာနဲ့ မိသားစုတွေမှာ သေချာပေါက် အခက်အခဲဖြစ်ကြရတာပါပဲလို့ စစ်တမ်းကောက်ယူရာမှာ ပါဝင်သူတဦးဖြစ်တဲ့ ချင်းမိုင်အခြေစိုက် MAP ရွှေ့ပြောင်း အလုပ်သမားရေးရာအဖွဲ့က ကိုခွန်းအောင်က ပြောပါတယ်။ စစ်တမ်းကို ထိုင်းနိုင်ငံမှာ မြန်မာအလုပ်သမားအများအပြားလုပ်ကိုင်နေတဲ့ ချင်းမိုင်နဲ့မဲဆောက်၊ (၂) နေရာမှာ ကောက်ယူခဲ့တာပါ။ ဒါပေမယ့်လည်း (၂) နေရာလုံးမှာတွေ့ရတဲ့အချက်အလက်တွေက ထပ်တူနီးပါးဖြစ်နေပါတယ်။ ချင်းမိုင်မှာလုပ်ကိုင်နေကြတဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားတွေထဲမှာ ရှမ်းလူမျိုးစုဝင်တွေက အများစုဖြစ်ပြီး ဆောက်လုပ်ရေးလုပ်သား၊ စိုက်ပျိုးရေးလုပ်သား၊ ဈေးဆိုင်လုပ်သား၊ အိမ်အကူလုပ်သား၊ စားသောက်ဆိုင်စားပွဲထိုး စသဖြင့် အလုပ်အမျိုးမျိုးလုပ်ကိုင်နေကြတာပါ။ မဲဆောက်မှာကတော့ သိုးမွှေးနဲ့ အထည်ချုပ်စက်ရုံတွေမှာ လုပ်ကိုင်ကြသူများပြီး ဒီစက်ရုံတွေဟာပို့ကုန်အပေါ် အဓိကမှီခိုအားထားရတာမို့၊ စီးပွားရေးကျတဲ့အခါမှာ ပိုထိခိုက်တဲ့ လုပ်ငန်းအမျိုးအစားတွေထဲပါပါတယ်။ မဲဆောက်က အလုပ်သမားတွေကလည်း ချင်းမိုင်ကအလုပ်သမားတွေလိုပဲ ဝင်ငွေနည်းတဲ့အတွက် ငွေမစုနိုင်၊ ငွေမစုနိုင်တဲ့အတွက် အိမ်ပြန်မပို့နိုင်တဲ့အဖြစ်ကို ကြုံကြရတာပါပဲ။

စစ်တမ်းကောက်ယူခဲ့တဲ့အထဲမှာ (၆၇) ရာခိုင်နှုန်းက မနှစ်က ဒီအချိန်ထက် အခုဒီအချိန်ဟာ ငွေစုဖို့ပိုခက်ခဲတယ်လို့ ပြောကြပါတယ်။ (၇၂) ရာခိုင်နှုန်းကတော့ မနှစ်က ဒီအချိန်နဲ့နှိုင်းယှဉ်မယ်ဆိုရင် အိမ်ကိုငွေပြန်ပို့ဖို့ အခက်အခဲပိုဖြစ်ကြပါတယ်လို့ ပြောပါတယ်ဆိုပြီး စစ်တမ်းကောက်ယူရာမှာ ပါဝင်သူနောက်တဦးဖြစ်တဲ့ MAP အဖွဲ့ကပဲ ကိုစိုးလင်းအောင်ကပြောပါတယ်။

အခုလိုအခက်အခဲတွေဖြစ်ကြတာ ကိုမြန်မာနိုင်ငံကလူတွေသိပြီး နောက်ထပ် တခြားလူတွေ ထိုင်းနိုင်ငံမှာ အလုပ်လာမလုပ်ဖြစ်အောင်လို့တော့ ပြန်မပြောပြပါဘူးလို့ ပြောလာသူက အိမ်အကူလုပ်သားအဖြစ်လုပ်ကိုင်နေသူ မဒန်းလွန်းကျော်ပါ။ သူက ထိုင်းဘာသာနဲ့ စကားပြန်ကတဆင့် ပြောပါတယ်။ "ဒီမှာ ဘယ်လိုအခြေအနေပဲကြုံရကြုံရ၊ မြန်မာနိုင်ငံမှာကြုံရတဲ့အခြေအနေက ပိုဆိုးပါတယ်။ မြန်မာနိုင်ငံမှာက အလုပ်ကိုမရှိတာပါ။ ဒီမှာက ဘယ်လိုပဲဖြစ်ဖြစ် အလုပ်တခုမဟုတ်တခု ရှာနိုင်ပါသေးတယ်။ ဒါကြောင့် မြန်မာနိုင်ငံကလူတွေကို မလာပါနဲ့ဆိုပြီး မပြောပါဘူးလို့" ပြောသွားပါတယ်။

အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ (ILO) ရဲ့ အလုပ်အကိုင်ဘက်စံနှုန်းစံထားဆိုင်ရာကျွမ်းကျင်သူ မစ္စတာဂျွန်ဒေမေယာက မဒန်းလွန်းကျော်တို့လို အိမ်အကူလုပ်သားတွေဟာ အလုပ်သမားဥပဒေအရ ဘယ်လိုအကာအကွယ်မျိုးမှ မရရှိကြပါဘူးလို့ ထောက်ပြပြီး၊ ထို့အတွက် သက်ဆိုင်ရာအစိုးရတွေက အကာအကွယ်တွေလုပ်ဆောင်ပေးဖို့ တိုက်တွန်းသွားပါတယ်။ စီးပွားရေးကျဆင်းတဲ့အတွက်၊ အလုပ်သမားတွေ ထိခိုက်ကြရ၊ အဲဒီအထဲမှာမှ ရွှေ့ပြောင်းအလုပ်သမားတွေက ပိုထိခိုက်။ တခါ ရွှေ့ပြောင်းအလုပ်သမားတွေထဲမှာမှ အမျိုးသမီးအလုပ်သမားတွေဟာ အနစ်နာဆုံး ဖြစ်ကြရတယ်လို့ စစ်တမ်းကောက်ယူသူတွေက ပြောဆိုခဲ့သည်။



## ဖြစ်ချင်တိုင်း ဖြစ်နေတဲ့ တို့တိုင်းပြည် (၁)

ဇီဝဖိုး

ရနောင်းနဲ့ဖူးခတ်ခရီး
ကွန်တိန်နာတစီးပြေးနေတယ်
အအေးခန်းနဲ့ဆိုတော့
အက်ဒမန်ပင်လယ်ထဲက ဆီးဖုတွေများ
ကော့သောင်းကမ်းကနေသယ်လာသလားပေါ့။

ချက်ပွိုင့်မှာ
စက်ရှိန်လျှော့လေမှ
အအေးခန်းထဲက ကမ္ဘာပျက်သံကြားရ
တော်လဲသံတွေ ပွက်ပွက်ညံနေ
တိတ်တိတ်နေ အသံမထွက်နဲ့
ဘာမှတ်သလဲ ဒါပုလိပ်ဂိတ်တဲ့
ကားမောင်းသူ လူပွဲစားက
ဘီလူးဆိုင်းနဲ့ ယိုးဒယားသိုင်းကတယ်လေ။

ပေနှစ်ဆယ်ရှည်ပေမဲ့
ခုနစ်ပေပဲကျယ်တဲ့
ဆီးဖုကွန်တိန်နာအအေးခန်းထဲ
ငါးတွေအစား လူသားတွေရောက်နေတယ်
ပုဇွန်ကွေးတွေအစား
ကလေးလေးတွေလဲပါသေးတယ်
တစ်ရာနှစ်ဆယ့် တစ်ယောက်တောင်တဲ့

ဒီလိုနဲ့ ..
ခရီးတထောက်အရောက်မှာ
လေအေးစက်က စဖောက်တယ်
အသက်ရှူမဝ မွန်းကြပ်လာကြ
တိုးကြဝှေ့ကြ ရုန်းကြ၊ ကန်ကြ
ငိုကြ၊ ယိုကြ၊ ကယ်ပါ၊ မပါ တစာစာနဲ့
ကမ္ဘာပျက်မိုးရွာပြီထင်ရဲ့။

ဘုရားတသူလည်းတသလို
တံခါး မသူကလဲမပေါ့
ဒါပေတဲ့
ခေတ်သစ် ဆီးဖုကွန်တိန်နာ လူသားထဲက
ဖ ဘုရားသခင်ခေါ်တော်မူလိုက်တာ
ကျား ..ဆယ့်ခြောက်
မ ..သုံးဆယ့်ခြောက်
ဒါ့အပြင် ကလေးငယ်နှစ်ယောက်
စုစုပေါင်း ငါးဆယ့်လေးယောက်။

ဘုရားသခင်ရဲ့ ဂရုဏာဆိုတာများ
ကျေးဇူးတော် ချီမွမ်းလောက်ပါပေ့
နှစ်ဆယ့်တယောက် ဆေးရုံရောက်ပြီး
အတွင်းလူနာဖြစ်ရ
သက်သာလာရင်လဲ
တရားမဝင်ခိုးဝင်မှုကြောင့်
ရုံးမင်းရှေ့မှောက်
ပြားပြားဝပ်ဒူးထောက်ရတဲ့
ကျန်လေးဆယ့်ခြောက်ယောက်ကတော့
ဘတ်နှစ်သောင်းနဲ့ ထောင်ဆယ်ရက်
တောမောအချုပ်မှာ
တပေါင်းတည်းကျခံရမယ်တဲ့
သံဒေါက်မှုဆိုပဲ။

ထောင်ဆေးရုံနဲ့ သင်္ချိုင်း
ရာဇဝင်ရိုင်းလိုက်လေ
ဗမာတွေရဲ့အနာဂတ်
ဒီမှာပဲ ကမ္ဘသတ်ရတော့မှာလား
ဆီဘန်းနီကိုသတိရ
သေသော်မှတည့် သြော်ကောင်း၏တဲ့
မင်းကျန်စစ်ကိုတမ်းတ
ပြည်သူတို့၏မျက်ရည်ကို
ငါသုတ်ပါအံ့တဲ့။
အခုတော့
ရေကြည်နောက်ပြီး မြက်နုပျောက်ရတာက
ဒီတိုင်းပြည်။

ဇီဝဖိုး
(၂၀၀၈ ခုနှစ် ဧပရယ် ၁၄ ရက်)

မြန်မာနိုင်ငံလွတ်လပ်သည့်သတင်းအေဂျင်စီ
မိုးကြိုး
သတင်းစဉ်သို့ ...

အယ်ဒီတာချုပ်
ဇီဝဖိုး

တာဝန်ခံအယ်ဒီတာ
ခွာညို၊ ရေချမ်း

စာမျက်နှာဖွဲ့စည်းမှု
မောင်ကျော်

စာမူများ၊ ဝေဖန်အကြံပြုစာများအား
အောက်ပါလိပ်စာအတိုင်း
ဆက်သွယ်ပေးပို့နိုင်သည်။

P.O.Box (91),
Tak 63110,
Mae Sod ,
Thailand.
admin@binamojo.org
www.binamojo.org

ပြည်တွင်း
လှုပ်ရှားမှုဓာတ်ပုံများအား
အသုံးပြုခွင့်ပေးသည့်
နိုင်ငံရေး
အံ့တုမှုကော်မတီအား
မိုးကြိုးသတင်းစဉ်မှ
အထူးကျေးဇူးတင်ရှိပါသည်။
အယ်ဒီတာအဖွဲ့

# ကိုးကန့်တိုက်ပွဲများနှင့်ပတ်သက်၍ စစ်အစိုးရမှ လောက်ကိုင်မြို့တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်


ယာယီခေါင်းဆောင် ပယ်စောက်ချိန်

စက်တင်ဘာ (၁၀)

ကိုးကန့်ဒေသတွင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများနှင့်ပတ်သက်၍ နအဖစစ်အုပ်စုဘက်မှ သတင်းစာရှင်းလင်းပွဲတခုအား


သိမ်းဆည်းရမိသည့်လက်နက်အားများ သတင်းစာရှင်းလင်းပွဲတွင် ပြသထားစဉ်

လောက်ကိုင်မြို့တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။ စစ်အစိုးရ ပြည်ထဲရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေနှင့် အရှေ့မြောက်ပိုင်း စစ်ဌာနချုပ်မှူး တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်တို့မှ နိုင်ငံခြားသံရုံးများမှ သံအမတ်များ၊ စစ်သံမှူးများနှင့် သတင်းထောက်များအား ရှင်းလင်းတင်ပြခဲ့ခြင်းဖြစ်သည်။

အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ကိုးကန့်ခေါင်းဆောင် ဖုန်ကြားရှင်နှင့် မိသားစုဝင်တို့၏အိမ်များမှ သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးများ၊ လက်နက်စက်ရုံနှင့် ရန်လုံကျိုင်း ရဲတပ်ဖွဲ့ဝင်တို့ အား ကိုးကန့်တပ်ဖွဲ့ဝင်တို့မှ သတ်ဖြတ်ခဲ့သည့် နေရာများအား ပြသထားကြောင်း သိရသည်။

သံတမန်တဦးမှ ကြီးမားပြီး လက်နက်များစွာထုတ်လုပ်နိုင်သည့်စက်ရုံတခုအား နေ့ချင်းညချင်းတည်ဆောက်၍ မရနိုင်သလို၊ ထိုကဲ့သို့ စက်ရုံမျိုးတည်ရှိနေမှုနှင့် မူးယစ်ဆေးဝါးထုတ်လုပ်နေမှုအား နအဖစစ်အစိုးရအနေဖြင့် အဘယ်အတွက်ကြောင့် မသိရှိရသလဲဟူသောမေးခွန်းကို မေးမြန်းရာ၊ ပြည်ထဲရေး ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေက အစိုးရအနေဖြင့် မသိရှိကြောင်း၊ တရုတ်နိုင်ငံမှ သတင်းပေးသည့်အခါမှသာ သိရှိရကြောင်း ပြောဆိုဖြေကြားခဲ့သည်။

လွန်ခဲ့သည့် ဩဂုတ်လ (၂၃) ရက်နေ့က နအဖစစ်အာဏာပိုင်တို့က ကိုးကန့်ခေါင်းဆောင် ဖုန်ကျားရှင်၏နေအိမ်တွင် လက်နက်စက်ရုံရှိသည်ဟူသောအကြောင်းပြချက်ဖြင့် ဝင်ရောက်စီးနင်းခဲ့သည်။

ကိုးကန့်ခေါင်းဆောင်ဟောင်းဖြစ်သူ ဖုန်ကျားရှင်သည် 'ဝ'နယ်ဘက်သို့ ၎င်း၏တပ်ဖွဲ့နှင့်အတူ တိမ်းရှောင်သွားခဲ့ပြီး ယခုအခါတွင် စစ်အစိုးရအကူအညီဖြင့် ဒုဥက္ကဌတာဝန်ယူခဲ့သူ ပယ်စောက်ချိန်က အာဏာသိမ်းယူခဲ့ပြီး ယာယီဦးစီးကော်မတီတရပ် ဖွဲ့စည်းထားကြောင်းလည်း သိရသည်။

ယာယီဦးစီးကော်မတီခေါင်းဆောင် ပယ်စောက်ချိန်မှ စစ်အစိုးရ၏ နယ်ခြားစောင့်တပ်အသွင်ပြောင်းရေးကို သဘောတူလက်ခံခဲ့ပြီး ၂၀၁၀ တွင် ကျင်းပပြုလုပ်မည့် ရွေးကောက်ပွဲသို့လည်း စစ်အစိုးရ စီစဉ်မှုဖြင့် ဝင်ရောက်မည်ဖြစ်ကြောင်း အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် သတင်းထောက်များသို့ပြောဆိုခဲ့သည်။

# မွန်ပြည်သစ်ပါတီမှ စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရုပ်စဲလို

မွန်ပြည်သစ်ပါတီခေါင်းဆောင်ပိုင်း အတွင်းတွင် စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲထားသည်ကို ထိန်းသိမ်းထားရေးနှင့်ပတ်သက်၍ သဘောထားကွဲလွဲမှုများရှိနေကြောင်းသိရသည်။

မွန်ပြည်သစ်ပါတီ၏ အတွင်းရေးမှူးဖြစ်သူ နိုင်ဟံသာနှင့် ခေါင်းဆောင်အချို့မှ စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲထားသည်ကို ရုပ်ဆိုင်းရန်ဆန္ဒရှိနေပြီး စစ်အုပ်စုနှင့်သင့်တင့်နေသည့် ခေါင်းဆောင်အချို့ကမူ အပစ်အခတ်ရပ်စဲရေးကို ဆက်လက်ထိန်းသိမ်းထားလိုကြောင်း သိရသည်။

အဆိုပါပြဿနာများကြောင့် စစ်အစိုးရအနေဖြင့် သဘောထားတင်းမာလျက်ရှိသည့် ပါတီအတွင်းရေးမှူးဖြစ်သူ နိုင်ဟံသာအား အဓိကပစ်မှတ်ထားမည်မှာမလွဲကြောင်း မွန်အမျိုးသားဒီမိုကရေစီအဖွဲ့၏ဒုဥက္ကဌဖြစ်သူ နိုင်ငံထွေက ပြောဆိုခဲ့သည်။

မွန်တိုင်းရင်းသားများအနေဖြင့်လည်း ပါတီခေါင်းဆောင်ပိုင်းအတွင်း သဘောထားကွဲလွဲနေမှုများအပေါ် စိုးရိမ်လျက်ရှိနေပြီး အဆိုပါကိစ္စများသည် စစ်အစိုးရ၏ သင်းခွဲအုပ်ချုပ်ရေးဗျူဟာကြောင့်ပင်ဖြစ်နိုင်ကြောင်း ပြောဆိုသံများ ထွက်ပေါ်နေသည်။

စစ်အစိုးရသည် NMSP ပါတီနှင့် ခေါင်းဆောင်အချို့ပိုင်ဆိုင်သည့် မရွှေ့ပြောင်းနိုင်သည့်ပစ္စည်းများဖြစ်သည့် အိုးအိမ်ခြံမြေများ ရောင်းခြင်းကိုလည်း ခွင့်မပြုကြောင်းသိရသည်။ ယင်းကဲ့သို့ ပိတ်ပင်တားမြစ်မှုနှင့်ပတ်သက်ပြီး စစ်အုပ်စုဘက်မှ တစုံတရာရှင်းလင်းပြောဆိုခြင်းမရှိသော်လည်း ပါတီခေါင်းဆောင်များ လက်နက်ကိုင်၍ ပြန်လည်တောခိုမည်ကို တားဆီးလိုသည့်အတွက်ကြောင့် ဖြစ်နိုင်ကြောင်း ခန့်မှန်းပြောဆိုသံများ ထွက်ပေါ်လျက်ရှိသည်။

NMSP နှင့် စစ်အစိုးရတို့သည် ဇွန်လနှင့် ဩဂုတ်လများအတွင်းက တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပြီး စစ်အစိုးရဘက်မှနေ၍ မွန်ပြည်သစ်ပါတီအား နယ်ခြားစောင့်တပ်ပုံစံ (သို့) ပြည်သူ့စစ်ပုံစံအသွင်ပြောင်းရန် ကမ်းလှမ်းခဲ့သည်ကို မွန်ပြည်သစ်ပါတီမှ ပယ်ချခဲ့ပြီးသည့်နောက်ပိုင်း စစ်အုပ်စုနှင့်ယခုကဲ့သို့ တင်းမာမှုများ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း သိရသည်။

မွန်ပြည်သစ်ပါတီသည် စစ်အုပ်စု


အတွင်းရေးမှူးနိုင်ဟံသာ

ရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေအား လက်ခံခြင်းမရှိပဲ စစ်အုပ်စုကျင်းပသည့် အမျိုးသားညီလာခံသို့လည်း လေ့လာသူအဖြစ်သာတက်ရောက်ခဲ့သည်။ ထို့ပြင် ၂၀၁၀ တွင်ကျင်းပမည့် စစ်အစိုးရ၏ ရွေးကောက်ပွဲတွင်လည်း ဝင်ရောက်အရွေးခံမည်မဟုတ်ဟု အတိအလင်းကြေညာထားသည့် အပစ်အခတ်ရပ်စဲထားသည့် အဖွဲ့ဖြစ်သည်။

မွန်ပြည်သစ်ပါတီသည် ၁၉၉၅ ခုနှစ်အတွင်း စစ်အုပ်စုနှင့် အပစ်အခတ်ရပ်စဲခဲ့ပြီး လက်ရှိအချိန်တွင် အင်အား (၇၀၀) ခန့်ရှိကြောင်း သိရှိရသည်။

# နယ်ခြားစောင့်တပ်အဖြစ် အသွင်မပြောင်းလို၊ ကချင်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ရေးတပ်အဖြစ်သာ ဆန္ဒရှိ



ကေအိုင်အို အရာရှိငယ်များ

ယခုလ စက်တင်ဘာ (၉) ရက်နေ့က ကေအိုင်အိုနှင့် မြန်မာစစ်အစိုးရ ကိုယ်စားလှယ်တို့ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် နယ်ခြားစောင့်တပ်အဖြစ် အသွင်ပြောင်းရေးကိစ္စအားဆွေးနွေးခဲ့ရာ သဘောတူညီမှု ရရှိခဲ့ခြင်းမရှိကြောင်းသိရသည်။

ကေအိုင်အိုနှင့် မဟာမိတ်ဖွဲ့ထားသည့် မြန်မာနိုင်ငံ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်တပ်မတော် ကိုးကန့်အဖွဲ့အား မြန်မာစစ်အစိုးရတပ်မှ ဝင်ရောက်တိုက်ခိုက်သိမ်းပိုက်ပြီးနောက် ပထမဆုံးကျင်းပသည့် နှစ်ဖက်တွေ့ဆုံပွဲဖြစ်ကြောင်းလည်းသိရသည်။ ကေအိုင်အိုဘက်မှ ကချင်ဒေသကာကွယ်ရေးတပ်အဖြစ် ပြောင်းလဲရန်ကိစ္စအား စစ်အစိုးရဘက်မှ လက်မခံဘဲ နယ်ခြားစောင့်တပ်ဖွဲ့ရေးကိုသာ လုပ်ဆောင်ရန် ပြောဆိုခဲ့ကြောင်းသိရသည်။

နအဖစစ်အုပ်စုနှင့် ကေအိုင်အိုတို့ ဆွေးနွေးခဲ့သည်မှာ (၇) ကြိမ်ရှိပြီဖြစ်ပြီး စစ်အစိုးရဘက်မှ လိုက်လျောဆွေးနွေးခဲ့ခြင်း တစုံတရာမရှိဟုသိရသည်။

စက်တင်ဘာလ (၅) ရက်နေ့ကလည်း ကေအိုင်အိုအား နယ်ခြားစောင့်တပ်အဖြစ်အသွင်ပြောင်းမည့်အစား ကချင်ဒေသ ကိုယ်ပိုင်အုပ်ချုပ်ရေးတပ်အဖြစ် အသွင်ပြောင်းလဲရန်အား ကချင်ပြည်နယ်ဒေသ အသီးသီးရှိ လူထုကိုယ်စားလှယ်များနှင့် ကေအိုင်အိုတို့ တွေ့ဆုံဆွေးနွေးကာ သဘောတူဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်းလည်းသိရသည်။




